မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914
၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်၊ ၂၀၁၂ ခုနှစ်၊ ဧပြီ ၂၉ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၀၇)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတက ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ လစဉ်ချီးမြှင့်ငွေ လျှော့ပေါ့ခံစားခြင်း၊ အငြိမ်းစားဝန်ထမ်းများ၏ပင်စင်လစာများ တိုးမြှင့်ပေးခြင်းနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းကိစ္စများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကထံ သဝဏ်လွှာပေးပို့ခဲ့

နေပြည်တော် ဧပြီ ၂၈

နိုင်ငံတော်သမ္မတထံသို့ ပြည်ထောင်စုလွှတ်တော်က ၂၀၁၂ ခုနှစ် မတ် ၂၈ ရက် ရက်စွဲဖြင့် သဝဏ်လွှာ (၁)စောင် ပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းထံမှ ၂၀၁၂ ခုနှစ် မတ် ၁၄ ရက် ရက်စွဲဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆောင်ရွက်ချက်အချို့နှင့်စပ်လျဉ်းသည့် သဝဏ်လွှာ(၁)စောင် ပေးပို့ခဲ့ပါကြောင်း၊ ယင်းသဝဏ်လွှာကိစ္စရပ်အပေါ် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ၂၀၁၂ ခုနှစ် မတ် ၂၃ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ တင်ပြ၍ ဆန္ဒရယူခဲ့ရာ ထောက်ခံဆန္ဒမဲ (၄၇၇)မဲ၊ ကန့်ကွက်ဆန္ဒမဲ (၃)မဲ၊ ကြားနေဆန္ဒမဲ (၇)မဲဖြင့် အစီရင်ခံစာပါသဘောထားမှတ်ချက်များကို လွှတ်တော်က သဘောတူကြောင်း အတည်ပြုဆုံးဖြတ်ခဲ့ပါကြောင်း၊ သို့ဖြစ်၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်အစီရင်ခံစာနှင့်စပ်လျဉ်းသည့် လွှတ်တော်၏ဆုံးဖြတ်ချက်အား သုံးသပ်ဆောင်ရွက်နိုင်ပါရန် သဝဏ်လွှာအဖြစ် ပေးပို့အပ်ပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

အဆိုပါသဝဏ်လွှာတွင် ပူးတွဲပါရှိသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းထံမှ ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ပေးပို့ခဲ့သော သဝဏ်လွှာအပြည့်အစုံမှာ -

၁။ နိုင်ငံတော်၏ အုပ်ချုပ်ရေးတာဝန်ကို ထမ်းဆောင်လျက်ရှိသော ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ဖော်ပြပါကိစ္စများကို စိတ်ကောင်းစေတနာကောင်းဖြင့် ဆောင်ရွက်ခဲ့သော်လည်း ဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ရန်လိုအပ်မည်ဟု ယူဆပါသည်။ အဆိုပါကိစ္စများမှာ -

(က) ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ ချီးမြှင့်ငွေခံစားရေးအတွက် ဥပဒေဖြင့် အတိအကျပြဋ္ဌာန်းသတ်မှတ်ပေးခဲ့သော်လည်း အဆိုပါပုဂ္ဂိုလ်များ၏ချီးမြှင့်ငွေ၊ လစာများကို ဥပဒေအရ သတ်မှတ်ချက်အတိုင်းမဟုတ်ဘဲ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်က သတ်မှတ်ချက်အတိုင်း လျှော့ပေါ့ခံစားနေခြင်း၊

(ခ) အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများကို တိုးမြှင့်ပေးခဲ့ခြင်း၊

(ဂ) အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကိုဖွဲ့စည်းပြီး ထိုကော်မရှင်ကို ဗဟိုအဆင့် အဖွဲ့အစည်းအဖြစ် သတ်မှတ်ခြင်းနှင့် ထိုကော်မရှင်အတွက် ငွေကြေးသုံးစွဲရန် ဘတ်ဂျက်ဥပဒေကြမ်းတွင် ထည့်သွင်းဖော်ပြထားခြင်းတို့ ဖြစ်ပါသည်။

၂။ အထက်ဖော်ပြပါ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခြားတည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ထားခြင်း ရှိ မရှိ စိစစ်ပေးပါရန်၊ ဥပဒေနှင့်အညီ ဆောင်ရွက်ထားခြင်းမရှိပါက ဥပဒေနှင့်အညီ ဖြစ်စေရေးအတွက် ပြည်ထောင်စုလွှတ်တော်က ကူညီဆောင်ရွက်ပေးစေလိုပါသည်။

၃။ နိုင်ငံတော်အစိုးရ အုပ်ချုပ်ရေးအဖွဲ့နှင့် နိုင်ငံတော်အစိုးရ ဥပဒေပြုအဖွဲ့ဖြစ်သော လွှတ်တော်များ၏ ဆောင်ရွက်ချက်များသည် တရားဥပဒေစိုးမိုးရေးကို အလေးထားဖော်ဆောင်နေကြောင်း ပေါ်လွင်ရမည်ဖြစ်ပါသည်။ အုပ်ချုပ်ရေးအဖွဲ့နှင့် လွှတ်တော်တို့၏ ဥပဒေနှင့်အညီ အစဉ်ပူးပေါင်းဆောင်ရွက်နေမှုများက နိုင်ငံနှင့် ပြည်သူတို့အတွက် ရှေ့ဆောင်လမ်းပြ သာဓကယူဖွယ် စံနမူနာပြအဖြစ် ပြသနိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ဖော်ပြပါကိစ္စရပ်များအား သုံးသပ်ဆောင်ရွက်နိုင်ပါရန် သဝဏ်လွှာပေးပို့အပ်ပါသည်ဟူ၍ ဖြစ်သည်။

အလားတူ အဆိုပါသဝဏ်လွှာတွင် ပူးတွဲပါရှိသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ပေးပို့ခဲ့သော သဝဏ်လွှာအပေါ် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ အပြည့်အစုံမှာ -

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ နိုင်ငံတော်၏ အုပ်ချုပ်ရေးတာဝန်ကို ထမ်းဆောင်လျက်ရှိသော ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များအား ဥပဒေနှင့် ညီညွတ်မှု ရှိ/မရှိ သုံးသပ်ဆောင်ရွက်နိုင်ပါရန် ပြည်ထောင်စုလွှတ်တော်နာယကထံသို့ သဝဏ်လွှာပေးပို့ခဲ့ပါသည်။

၂။ အဆိုပါသဝဏ်လွှာနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကမှ ဥပဒေကြမ်းပူးပေါင်းကော်မတီက လေ့လာတွေ့ရှိချက်နှင့် ဆောင်ရွက်သင့်သည့် အကြံပြုချက်တင်ပြရန် အကြောင်းကြားခဲ့သည့်စာကို ဥပဒေကြမ်းပူးပေါင်းကော်မတီမှ ၂၁-၃-၂၀၁၂ နေ့တွင် လက်ခံရရှိခဲ့ပြီး ယင်းနေ့တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ဘဏ္ဍာရေးနှင့် ဥပဒေရေးရာ လေ့လာရေးကော်မရှင်အဖွဲ့ဝင်များ ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

လေ့လာတွေ့ရှိချက်များ

၃။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ သဝဏ်လွှာတွင် နိုင်ငံတော်၏ အုပ်ချုပ်ရေးတာဝန်ကို ထမ်းဆောင်လျက်ရှိသော ပြည်ထောင်စုအစိုးရအဖွဲ့သည် စိတ်ကောင်းစေတနာကောင်းဖြင့် ဆောင်ရွက်ခဲ့သော်လည်း ဥပဒေနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ရန်လိုအပ်မည်ဟု ထင်မြင်ယူဆသည့် အချက်(၃)ချက်ကို ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။

၄။ အဆိုပါအချက်များကို အောက်ပါအတိုင်း စိစစ်လေ့လာတွေ့ရှိရပါသည် -

(က) “ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ ချီးမြှင့်ငွေ ခံစားရေးအတွက် ဥပဒေဖြင့် အတိအကျ ပြဋ္ဌာန်းသတ်မှတ်ပေးခဲ့သော်လည်း အဆိုပါပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ လစာများကို ဥပဒေအရ သတ်မှတ်ချက်အတိုင်းမဟုတ်ဘဲ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်က သတ်မှတ်ချက်အတိုင်း လျှော့ပေါ့ခံစားနေခြင်း” နှင့်စပ်လျဉ်း၍ “ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေ” အခန်း (၄)၊ ပုဒ်မ ၂၉ ပါ ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုလွှတ်တော်ကသာ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုနိုင်ပါကြောင်း စိစစ်တွေ့ရှိရပါသည်။

(ခ) “အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများကို တိုးမြှင့်ပေးခဲ့ခြင်း” နှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေများတွင် ထည့်သွင်းဖော်ပြပြီး အခြေခံဥပဒေပုဒ်မ ၁၀၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သော်လည်း ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူခဲ့ခြင်းမရှိသည်ကို စိစစ်တွေ့ရှိရပါသည်။

(ဂ) “အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းပြီး ထိုကော်မရှင်ကို ဗဟိုအဆင့်အဖွဲ့အစည်းအဖြစ် သတ်မှတ်ခြင်းနှင့် ထိုကော်မရှင်အတွက် ငွေကြေးသုံးစွဲရန် ဘတ်ဂျက်ဥပဒေကြမ်းတွင် ထည့်သွင်းဖော်ပြခြင်း” နှင့် စပ်လျဉ်း၍ ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၀၊ ၂၀၂၊ ၂၀၃၊ ၂၃၂ (စ)၊ ၂၃၂ (ဆ)၊ ၂၃၃ တို့တွင် ပြဋ္ဌာန်းထားသည့် ဗဟိုအဖွဲ့အစည်းဝင်များ ဖွဲ့စည်းခြင်း၊ တာဝန်ပေးအပ်ခြင်း၊ စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များတွင် ပါဝင်မှုမရှိကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၆၊ ၉၊ ၁၂၊ ၁၃ ပါ ပြဋ္ဌာန်းချက်များတွင်လည်း အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် စပ်လျဉ်း၍ ဖော်ပြထားခြင်းများ မရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ ယင်းအချက်နှင့်စပ်လျဉ်း၍ (၁၆-၃-၂၀၁၂)ရက်နေ့တွင် ကျင်းပခဲ့သော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့တွင် အစည်းအဝေးက မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဗဟိုအဖွဲ့အစည်းတွင် ထည့်သွင်းထားခြင်းနှင့် ရသုံးခန့်မှန်းခြေငွေစာရင်းတွင် အသုံးစရိတ် ထည့်သွင်းဖော်ပြထားခြင်းတို့ကို ပယ်ဖျက်ကြောင်း ဆုံးဖြတ်ခဲ့သည်ကိုလည်း စိစစ်တွေ့ရှိရပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၅။ သို့ဖြစ်ပါ၍ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ လစာများကို ဥပဒေအရ သတ်မှတ်ချက်အတိုင်းမဟုတ်ဘဲ လျှော့ပေါ့ခံစားနေခြင်း၊ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများကို တိုးမြှင့်ပေးခဲ့ခြင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းပြီး ထိုကော်မရှင်ကို ဗဟိုအဖွဲ့အစည်းအဖြစ် သတ်မှတ်ခြင်း၊ ငွေကြေးသုံးစွဲရန် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် *စာမျက်နှာ ၃ ကော်လံ ၁* ◆

မြန်မာ့အလင်း

ယနေ့ ဖတ်စရာ၊ မှတ်စရာ

အာရှ၏အကြီးဆုံး ပျော်ရွှင်ကမ္ဘာဥယျာဉ် မလေးရှား၌ မကြာမီဖွင့်လှစ်မည်

စာ-၄

ကမ္ဘာ့အလှမယ် ကိုလံဘီယာရက်စ် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ရုပ်ရှင်ရိုက်ကူးရန်ရောက်ရှိ

စာ-၇

အဆိုတော် ဘီယွန်ဆေးအား ကမ္ဘာ့အလှပဆုံး အမျိုးသမီးဆုပေး

စာ-၇

စာ-၁၁

မန်စီးတီးအသင်း ရာသီကြိုအဖြစ် မလေးရှားသို့ လာရောက်ကစားမည်

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဧပြီ ၂၉ ရက်)

ခေတ်မီလယ်သမားအရင်းအမြစ်

မြန်မာနိုင်ငံတွင် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရောက်ရှိရန် ကြိုးပမ်းအားထုတ်လျက်ရှိပေသည်။ ဤသို့ ကြိုးပမ်းလျက်ရှိရာတွင် အလိုအပ်ဆုံးအရာတစ်ခုသည်ကား ခေတ်မီလယ်သမားအရင်းအမြစ်ပင်ဖြစ်၏။ ခေတ်မီလယ်သမားအရင်းအမြစ်များ ရှင်သန်ထွန်းကားပါမှ စက်မှုလယ်ယာစနစ်မောင်းနှင်စွမ်းအားသည် အဟုန်ပြင်းစွာ မောင်းနှင်နိုင်ပေလိမ့်မည်။

ယနေ့ မြန်မာနိုင်ငံ၌ လယ်ယာလုပ်ငန်းခွင်လုပ်ကိုင်ကြရာတွင် အများအားဖြင့် ကျွဲ၊ နွားများအသုံးပြုကာ လုပ်ကိုင်နေကြဆဲဖြစ်သည်။ နောင်သောအခါ လယ်ယာလုပ်ငန်းအများစုကို စက်ယန္တရားများ အသုံးပြုလုပ်ကိုင်သည့် စက်မှုလယ်ယာခေတ်သို့ ရောက်ရှိလာနိုင်သည်။ ထိုအခါ ကျွမ်းကျင်လုပ်သားများ လိုအပ်လာမည်။ ထိုကျွမ်းကျင်လုပ်သားသည် ခေတ်မီလယ်သမားအရင်းအမြစ်များပင်ဖြစ်၏။ ခေတ်မီလယ်သမားတိုင်းသည် လယ်ယာလုပ်ငန်းနှင့်ပတ်သက်၍ လုပ်ကိုင်ဆောင်ရွက်ရသည့်အရာမှန်သမျှ ခေတ်မီနည်းပညာဖြင့် အသုံးပြုလုပ်ကိုင်နိုင်ရပေမည်။

ခေတ်မီလယ်သမားဟူသည် ခေတ်မီစိုက်ပျိုးရေးအတတ်ပညာများသိရှိနားလည်ပြီး စက်ယန္တရားများ အသုံးပြုလုပ်ကိုင်နိုင်ကြသူများဟု ဆိုချင်ပါသည်။ စိုက်ပျိုးသည်မှ ရိတ်သိမ်းသည်အထိ ခေတ်မီနည်းစနစ်များ အသုံးပြုစိုက်ပျိုးလုပ်ကိုင်ရမည့် ခေတ်သို့ရောက်ရှိနေပြီဖြစ်သည်။ ခေတ်မီနည်းစနစ်များ အသုံးပြုစိုက်ပျိုးခြင်း၊ စက်ယန္တရားများ အသုံးပြုစိုက်ပျိုးခြင်းတို့သည် အချိန်ကုန်လူပင်ပန်းမှုကို သက်သာစေပါသည်။ သီးနှံလေလွင့်ဆုံးရှုံးမှု နည်းပါးစေနိုင်ပါသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများတွင် လယ်ယာလုပ်ငန်းခွင်အသီးသီး၌ ခေတ်မီစိုက်ပျိုးရေးနည်းပညာနှင့် စက်ယန္တရားပစ္စည်းတို့ကို အသုံးပြုစိုက်ပျိုးကြသည်။ မျိုးကောင်းမျိုးသန့်ရွေးချယ်ခြင်း၊ သိပ္ပံနည်းကျစိုက်ပျိုးခြင်း၊ သိပ္ပံနည်းကျစိုက်ခင်းများ ပြုပြင်ထိန်းသိမ်းခြင်း၊ သိပ္ပံနည်းကျရိတ်သိမ်းခြွေလှေ့ခြင်းဆိုသည့်အတတ်ပညာများ ခေတ်မီလယ်သမားတိုင်း တတ်မြောက်အောင်လေ့ကျင့်သင်ကြားပေးပြီး လုပ်ကိုင်စေလျက်ရှိပါသည်။

ဤသို့ လယ်ယာလုပ်ငန်းကို ခေတ်မီစွာလုပ်ကိုင်နိုင်ရေးအတွက် ခေတ်မီလယ်သမားအရင်းအမြစ်များ တိုးတက်များပြားလာဖို့လိုပါသည်။ ခေတ်မီလယ်သမားများနှင့်အတူ ခေတ်မီလယ်ယာယန္တရားများ သုံးစွဲနိုင်ရေးသည်လည်း လယ်ယာစနစ်တိုးတက်ထွန်းကားရေးအတွက် ပဓာနကျပါသည်။ ကျွဲ၊ နွားတို့နေရာတွင် လယ်ထွန်စက်တို့က တဖြည်းဖြည်းဝင်ရောက်အစားထိုးနိုင်ရပါမည်။ လယ်ယာအတတ်ပညာရှင် ခေတ်မီလယ်သမားအရင်းအမြစ်များလည်းပေါများ၊ ခေတ်မီလယ်ယာယန္တရားများလည်း ဖောဖောသီသီ သုံးစွဲလုပ်ကိုင်နိုင်ပြီဆိုလျှင် စက်မှုလယ်ယာစနစ်သည် အရှိန်အဟုန်ဖြင့် တိုးတက်ဖို့သာရှိတော့သည်။

သို့ပါသောကြောင့် စက်မှုလယ်ယာစနစ်လျင်မြန်စွာ တိုးတက်လာစေရေးအတွက် ခေတ်မီစိုက်ပျိုးရေးနည်းပညာများ လယ်သမားများထံသို့အရောက် ပြန့်ပွားပေးကြပါ။ ခေတ်မီလယ်သမားပညာတတ်အရင်းအမြစ်များတိုးပွားရှင်သန်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါဟူ၍ တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

နွေစပါးပုလဲသွယ်စပ်မျိုးစပါး အထွက်နှုန်းမှတ်တမ်းတင်ခြင်းပြပွဲ

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် ဧပြီ ၂၈

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် ဧပြီ ၂၄ ရက် နံနက်ပိုင်းတွင် ဒိုက်ဦးမြို့နယ် ကဒုတ်ဘုရားကြီးကျေးရွာ တောင်သူဦးကျော်ဇော၏ လယ် ၁၀ ဧက၌ နွေစပါး ပုလဲသွယ်စပ်မျိုးစပါးအထွက်နှုန်း မှတ်တမ်းတင်ခြင်းနှင့် တောင်သူပညာပေးကွင်းပြပွဲသို့တက်ရောက်ပြီး တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ထို့နောက် ရိတ်သိမ်းခြွေလှေ့စက်ဖြင့် နွေစပါးပုလဲသွယ်စပ်မျိုးစပါးရိတ်သိမ်းနေမှုနှင့် ရိတ်သိမ်းပြီးစပါးများကို ကြည့်ရှုစစ်ဆေးသည်။ ယင်းပုလဲသွယ်စပ်မျိုးစပါးသည် ရိတ်သိမ်းပြီး အစိုတစ်ဧကတွင် ၁၃၇ ဒသမ ၂ တင်းထွက်ရှိကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တန် ၄၀ ဆန်စက်နှင့် ပဲခူးမြို့ လိပ်ပြာကန် သာယာလှပရေး ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ (ပျဉ်းမနား)၌ လေးလက်မ စက်ရေတွင်း အောင်မြင်စွာတူးဖော်

နေပြည်တော် ဧပြီ ၂၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ (ပျဉ်းမနား) တည်ရှိရာ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် သပြေတောင်၌ လေးလက်မ စက်ရေတွင်းတစ်တွင်းကို ဧပြီ ၂၈ ရက် နံနက်ပိုင်းက အောင်မြင်စွာတူးဖော်နိုင်ခဲ့ပြီဖြစ်သည်။ (ယာပုံ)

ကြည့်ရှုအားပေး

အဆိုပါစက်ရေတွင်း အောင်မြင်စွာ တူးဖော်နိုင်မှုကို ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ထွဋ်ဝင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အင်ဂျင်နီယာချုပ် ဦးမျိုးဝင်း၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန မြေအောက်ရေဌာနခွဲမှ အင်ဂျင်နီယာများနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ(ပျဉ်းမနား)မှ ဝန်ထမ်းများ ကြည့်ရှုအားပေးခဲ့ကြသည်။

ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ (ပျဉ်းမနား)၌ အောင်မြင်စွာတူးဖော်ခဲ့သောစက်ရေတွင်းသည် ရေထွက်နှုန်း တစ်နာရီ ဂါလန် ၁၅၀၀၊ တွင်းတူးအနက်ပေ ၆၀၀၊ ရေနေပေ ၁၁၀၊ တွင်းအမျိုးအစား လေးလက်မ ကျောက်စရစ်ရံ ဖြစ်ပြီး ရေအရည်အသွေးကောင်းမွန်သဖြင့် သောက်သုံးရေအဖြစ် အသုံးပြုနိုင်သည်။

အဆိုပါစက်ရေတွင်းကို မြေအောက်ဌာနခွဲမှ ဝန်ထမ်းများက RG-05 တွင်းတူးစက်ဖြင့် မတ် ၁၅ ရက်တွင် စတင်တူးဖော်ခဲ့ခြင်းဖြစ်သည်။

ယခင်က ရုပ်မြင်သံကြားထပ်ဆင့်လွှင့် စက်ရုံ(ပျဉ်းမနား)တည်ရှိရာ သပြေတောင်သည် နွေရာသီ၌ သောက်သုံးရေလုံလောက်မှုမရှိခဲ့ချေ။ ယခုအခါ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန၏ အကူအညီဖြင့် စက်ရေတွင်းအောင်မြင်စွာ တူးဖော်နိုင်ခဲ့ပြီဖြစ်၍ ရာသီမရွေး သောက်သုံးရေ အလုံအလောက်ရရှိနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

တင်ထွေး(သတင်းစဉ်)

၂၀၁၂ ခုနှစ် မိုးဦးကာလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဧပြီ ၂၈

၁။ ၂၀၁၂ ခုနှစ် မိုးဦးကာလ သတ်မှတ်ခြင်း

၂၀၁၂ ခုနှစ် မိုးဦးကာလသည် မြန်မာနိုင်ငံအတွင်းသို့ အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်သည့်နေ့မှ ၂၀၁၂ ခုနှစ် ဇွန်လကုန်အထိဖြစ်သည်။

၂။ ၂၀၁၂ ခုနှစ် မုတ်သုံလေ ဝင်ရောက်နိုင်မှုအခြေအနေ

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအရပ်ရပ်သို့ အောက်ပါအတိုင်း ဝင်ရောက်ဖွယ်ရာရှိသည်။

- (က) မေလ (၁၅-၁၉)ရက်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများနှင့် မြစ်ဝကျွန်းပေါ်ဒေသများ
- (ခ) မေလ (၂၂-၂၆)ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများနှင့်
- (ဂ) ဇွန်လ (၂-၇) ရက်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ

၃။ ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်အတွင်း လေဖိအားနည်းရပ်ဝန်း (၂)ကြိမ်ဖြစ်ပေါ်နိုင်ပြီး (၁)ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

၄။ မိုးအခြေအနေ

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုပြီး မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်ရွာကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်ရွာနိုင်သည်။

အနောက်တောင်မုတ်သုံလေသည် စတင်ဝင်ရောက်ချိန်တွင် နေရာကွက်ကျား ထစ်ချုန်းမိုးသက်လေပြင်းများ ဖြစ်ပေါ်တတ်သည်။ မုတ်သုံလေဝင်ရောက်ပြီး တစ်ပတ်ခန့်အကြာတွင် ထစ်ချုန်းမိုးသက်လေပြင်းဖြစ်စဉ်များ လျော့နည်းသွားတတ်သည်။

၅။ မြစ်ရေအခြေအနေ

မိုးဦးကာလ မေလနှင့် ဇွန်လတို့တွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်နှင့် ငဝန်မြစ်တစ်လျှောက်ရှိ မြို့များတွင် မြစ်ရေများသည် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်နိုင်ဖွယ်မရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မိုးလေဝသနှင့် ဇလဗေဒ)

စာအုပ်စာပေ လူ့မိတ်ဆွေ

မြန်မာ့ရုပ်မြင်သံကြား

၂၉-၄-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀	နံနက်ခင်းသတင်း
၇း၅၀	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၅	မြေကမ္ဘာမှတ်တမ်း
၈း၄၀	International News
၈း၄၅	တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

၁၁း၀၀	စစ်သည်တေး
၁၁း၂၅	တစ်ပတ်အတွင်းနိုင်ငံတကာသတင်းစဉ်
၁၁း၃၅	ဖန်တီးမှုရဲ့လျှို့ဝှက်ချက်
၁၂း၀၀	မြန်မာဗီဒီယိုဇာတ်လမ်း **ရင်ထဲမှာ နွေ**
၁၃း၄၅	တိရစ္ဆာန်ဥယျာဉ်နေပြည်တော်သွားလိုက်ကြစို့တူပျော်ပျော် (အပိုင်း-၂)
၁၄း၀၀	ရှင်သန်ခြင်း

ညပိုင်း

၄း၀၀	စစ်ချီတေး၊ စစ်သည်တေး
၄း၂၀	အကပြိုင်ပွဲ
၄း၃၀	ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၄း၃၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ဒဿနိကဗေဒ အထူးပြု) (ဒဿနိကဗေဒ)
၆း၀၀	ညနေခင်းသတင်း
၆း၁၅	မိုးလေဝသအခြေအနေ
၆း၂၀	ကာတွန်းအစီအစဉ် **ရေငုပ်သမားလေးအိုလီ** (အပိုင်း-၃၇)
၆း၄၀	တစ်မျက်နှာ၊ တစ်ကွက်စာ ပန်းနုရောင်သေမင်း (ဇာတ်သိမ်း)
၇း၀၀	နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ချိုချိုကြင်နာပို** (အပိုင်း-၃၂)
၈း၀၀	ပြည်တွင်းသတင်း -နိုင်ငံတကာသတင်းများ -လူကုန်ကူးမှုဆိုင်ရာပညာပေးအစီအစဉ် -ကာတွန်းအစီအစဉ် **ဒိုင်နိုဆောကမ္ဘာ** (ဒိုင်နိုဆောရဲ့နယ်မြေလုပွဲ) -ရင်ခုန်လက်ကမ်းတေးသစ်လမ်း

မော်လမြိုင်မြို့ အထွေထွေရောဂါကု ဆေးရုံကြီးဝင်းအတွင်း လူနာနားနေဆောင်အသစ်၊ ဆိုင်ကယ်ရပ်နားစခန်း လွှဲပြောင်းပေးအပ်ပွဲနှင့် အလှူငွေပေးအပ်ပွဲကို ဧပြီ ၂၇ ရက်က လူနာနားနေဆောင်အသစ်ရှေ့၌ ကျင်းပရာ လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာလှဦးနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ဝေဝေဦးတို့ထံ မော်လမြိုင်မြို့ အမှတ် (၂)ဈေး၊ ဖြူစင်မေတ္တာစေတနာရှင် ဆေးလှူဒါန်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးချစ်မောင်တို့က ငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းစဉ်။ (၁၀၇)

ဖျာပုံမြို့၌ ပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်း

ဖျာပုံ ဧပြီ ၂၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်ကိုယ်စားပြု တောင်သူပညာပေး စံပြစိုက်ခင်း ဖျာပုံမြို့နယ် ကျုံတာရှမ်းတွင်းကျေးရွာ လယ်သမားဦးမြင့်ငွေ၏ ပုလဲသွယ်စပ်မျိုးစပါး နွေစပါးစံပြစိုက်ခင်း နှစ်ဧကတွင် ဧပြီ ၂၀ ရက်က နွေစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပရာအခမ်းအနားသို့ ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်စိုက်တိုးမြှင့်အဖွဲ့၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူလယ်သမားများ တက်ရောက်လေ့လာကြသည်။ (ဝဲပုံ)

အဆိုပါနွေစပါးစံကွက်ကို ရိတ်သိမ်းကြရာ၌ ခြောက်သွေ့ပြီး တစ်ဧကပျမ်းမျှအထွက် တင်း ၁၇၅ ဒသမ ၇၈ ထွက်ရှိခဲ့ကြောင်းသိရှိရသည်။ (စိုက်ပျိုးရေး)

◆ *ရှေ့ဖုံးမှ*

ထည့်သွင်းဖော်ပြထားခြင်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့် ညီညွတ်မှုမရှိကြောင်း သဘောထားမှတ်ချက်ပြု တင်ပြအပ်ပါသည်။

၆။ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ လစာများကို လျှော့ပေါ့ခံစားလိုပါက ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်ချက်အဖြစ် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီး အတည်ပြုချက်ရယူသင့်ပါသည်။

၇။ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများကို တိုးမြှင့်ပေးခဲ့ခြင်းအတွက် အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် ထည့်သွင်းဖော်ပြပြီး ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းအတည်ပြုချက်ရယူသင့်ပါသည်။

၈။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၂၃ (က)အရ အကြံပေးအဖွဲ့များသာ ဖွဲ့စည်းနိုင်ပြီး ယင်းဥပဒေပုဒ်မ ၂၃ (ခ)အရ အကြံပေးအဖွဲ့ဝင်များ ခံစားခွင့်ရှိသည့် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်တို့ကို ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပြီး ယင်း၏ဘဏ္ဍာရန်ပုံငွေမှ ကျခံဆောင်ရွက်နိုင်ပါကြောင်း အကြံပြုတင်ပြ အစီရင်ခံအပ်ပါသည်ဟူ၍ ဖြစ်သည်။

အဆိုပါ ပြည်ထောင်စုလွှတ်တော်နာယက၏ သဝဏ်လွှာနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတထံမှ ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ၂၀၁၂ ခုနှစ် ဧပြီလ ၉ ရက် ရက်စွဲဖြင့် သဝဏ်လွှာ(၁)စောင် ပေးပို့ခဲ့သည်။

အဆိုပါ နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာအပြည့်အစုံမှာ-

၁။ နိုင်ငံတော်သမ္မတက ဆုံးဖြတ်ဆောင်ရွက်ခဲ့သော အောက်ဖော်ပြပါ လုပ်ငန်းစဉ် (၃)အပေါ် ဥပဒေနှင့် ညီညွတ်မှု ရှိ/ မရှိ စစ်ဆေးသင့်ကြောင်း ရည်ညွှန်းပါသဝဏ်လွှာဖြင့် နိုင်ငံတော်သမ္မတထံပေးပို့လာပါသည်-

(က) ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ လစဉ်ချီးမြှင့်ငွေ လျှော့ပေါ့ခံစားခြင်း၊

(ခ) အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများ တိုးမြှင့်ပေးခြင်း၊

(ဂ) မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်း။

၂။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၏ လစဉ်ချီးမြှင့်ငွေ လျှော့ပေါ့ခံစားရန် ကိစ္စနှင့်စပ်လျဉ်း၍ (၃၁-၃-၂၀၁၁) ရက်တွင် နိုင်ငံတော်သမ္မတရုံး၌ ပြုလုပ်ခဲ့သော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းနာခံခြင်းနှင့် ကတိသစ္စာပြုခြင်း အခမ်းအနား၌ နိုင်ငံတော်၏ လက်ရှိအခြေအနေ၊ ဘဏ္ဍာရေး အခြေအနေနှင့် နိုင်ငံသားများ၏ အကျိုးကို ရှေးရှုသောအားဖြင့် ခံစားခွင့်ပြုထားသော လစဉ်ချီးမြှင့်ငွေများကို အပြည့်အဝခံစားခြင်းမပြုဘဲ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကာလတွင် ခံစားခဲ့သော ထောက်ပံ့ငွေအတိုင်းသာ ခံစားမည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့ခြင်းဖြစ်ပါသည်။ အောက်ပါအချက်များအား ဆင်ခြင်သုံးသပ်နိုင်ရန် ဖော်ပြပါသည်-

(က) ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၏ လစဉ်ချီးမြှင့်ငွေကို လျှော့ပေါ့ခံစားခြင်းသာဖြစ်ပါသည်။ စရိတ်များကိုမူ ဥပဒေပါအတိုင်း ခံစားလျက်ရှိကြပါသည်။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေပြဋ္ဌာန်းချက်ကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းမဟုတ်ပါ။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတအား အပ်နှင်းထားသော အုပ်ချုပ်မှုအခွင့်အာဏာအရ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

(ဂ) နိုင်ငံတော်သမ္မတ၏ ကတိကဝတ်အား ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး(၁/၂၀၁၁) တွင် သဘောတူညီချက်ရယူပြီး ဖြစ်ပါသည်။

(ဃ) ဥပမာပြုရန်အားဖြင့်- နိုင်ငံတော်သမ္မတ စစ်ရှေ့သိုက် လက်ထက်တွင် ဝန်ကြီးချုပ်ဦးနု ဦးဆောင်သော ဝန်ကြီးများသည် (၂၀-၁-၄၉)ရက်၌ ကျင်းပခဲ့သော ဝန်ကြီးများအဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက်အရ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် ပြည်ထောင်စုအစိုးရ (အဖွဲ့ဝင်ဝန်ကြီးများ၏ လစာငွေများ) အက်ဥပဒေ (၁၉၄၈ ခုနှစ် အက်ဥပဒေ အမှတ် ၄)အရ သတ်မှတ်ပြဋ္ဌာန်းထားသည့် လစာ၏ ၅၀ ရာခိုင်နှုန်းကို လည်းကောင်း၊ ပါလီမန်အတွင်းဝန်များသည် ၄၀ ရာခိုင်နှုန်းကိုလည်းကောင်း လျှော့ပေါ့ခံစားရန် ညှိနှိုင်းဆုံးဖြတ်ဆောင်ရွက်ခဲ့ပါသည်။

၃။ သို့ရာတွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ ချီးမြှင့်ငွေ လျှော့ပေါ့ခံစားသည့် နိုင်ငံတော်သမ္မတ၏ ကတိကဝတ်ပြုဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်လိုက ဆောင်ရွက်နိုင်ကြောင်း ဖော်ပြအပ်ပါသည်။

၄။ နိုင်ငံ့ဝန်ထမ်းဟောင်း အငြိမ်းစားများအား ပင်စင်လစာကို (၁-၇-၂၀၁၁) ရက်မှစ၍ တိုးမြှင့်ခံစားနိုင်ရန် ဆောင်ရွက်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်ပါ နိုင်ငံတော်သမ္မတသို့ အပ်နှင်းထားသော အုပ်ချုပ်မှုအခွင့်အာဏာအရ ဆောင်ရွက်ခဲ့ခြင်းသည် ၎င်းတို့၏ လူမှုစီးပွားရေးဘဝအား စောင့်ရှောက်ရန် တာဝန်ရှိသည့်အလျောက် ချီးမြှင့်ခဲ့ခြင်း ဖြစ်ပါသည်။ စည်းကမ်းကောင်းမွန်စွာ တာဝန်ထမ်းဆောင်ခဲ့မှုကြောင့် အငြိမ်းစားလစာ ခံစားခွင့်ရသော်လည်း ငွေကြေးဖောင်းပွမှုနှင့် ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်များကြောင့် အခက်အခဲကြုံလျက်ရှိသော ၎င်းပုဂ္ဂိုလ်များအား ချီးမြှင့်စောင့်ရှောက်ခြင်းသာ ဖြစ်ပါသည်။

(ခ) အငြိမ်းစားလစာ တိုးမြှင့်ခံစားခွင့်ပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည်လည်း Civil Service Regulations နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူ၍ အမိန့်ကြော်ငြာစာ ထုတ်ပြန်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

(ဂ) အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပြဋ္ဌာန်းခဲ့သည့် ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုပြီးဖြစ်သည့် ပင်စင်လစာငွေ ခွင့်ပြုချက်အတွင်းမှ ပေးခဲ့ခြင်းဖြစ်ပါသည်။

(ဃ) ချီးမြှင့်ခဲ့သည့် ငွေပမာဏအား ရှင်းလင်းထားသည့် ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ရသုံးခန့်မှန်းခြေငွေစာရင်းသည်လည်း ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်ပါသည်။

(င) ထို့ပြင် ၂၀၁၂-၂၀၁၃ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတွင်လည်း အဆိုပါ အငြိမ်းစားလစာတိုးမြှင့်ခြင်းအတွက် ထည့်သွင်းရေးဆွဲထားပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီး ဖြစ်ပါသည်။

၅။ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား လစဉ်ချီးမြှင့်ငွေ တိုးမြှင့်ခံစားသည့်ကိစ္စနှင့်စပ်လျဉ်း၍ အထက်ဖော်ပြပါအတိုင်း ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ သို့ရာတွင် ထိုသို့ တိုးမြှင့်ခံစားစေခြင်းအား ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်လိုက ဆောင်ရွက်နိုင်ကြောင်း ဖော်ပြအပ်ပါသည်။

၆။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ဗဟိုအဖွဲ့အစည်းသတ်မှတ်၍ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းတောင်းခံခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဖော်ပြပါသည်-

(က) မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း ဖွဲ့စည်းခဲ့ခြင်းမဟုတ်ပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အပ်နှင်းထားသည့် အုပ်ချုပ်မှုအာဏာအရ အုပ်ချုပ်ရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်ဖြင့် ဖွဲ့စည်းခဲ့သည့်ကော်မရှင်ဖြစ်ပါသည်။ **(ရှင်းလင်းချက်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁၇** တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ပြည်ထောင်စု၏ အုပ်ချုပ်မှုအာဏာသည် နိုင်ငံတော်သမ္မတ၌ တည်ရှိသည်ဟုလည်းကောင်း၊ **ပုဒ်မ ၂၁၈ ပုဒ်မခွဲ (က)** တွင် ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်ရေးဆိုင်ရာ အရေးယူ ဆောင်ရွက်ချက်အားလုံးကို နိုင်ငံတော်သမ္မတ၏ အမည်ဖြင့် ဆောင်ရွက်ရမည်ဟုလည်းကောင်း၊ **ပုဒ်မ ၂၁၆** တွင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်နှင့် မဆန့်ကျင်လျှင် ပြည်ထောင်စု၏ အုပ်ချုပ်မှုအာဏာသည် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုနိုင်သော အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များသို့လည်း သက်ရောက် ပျံ့နှံ့သည်ဟုလည်းကောင်း ပြဋ္ဌာန်းထားပါသည်။)

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပေါ်ပေါက်လာသော အစိုးရသစ်လက်ထက်တွင် အမျိုးသားအကျိုးစီးပွားအတွက် ပြည်ပဖိအားများ လျော့ကျရေး၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများ ကာကွယ်ရေးနှင့် မြှင့်တင်ရေးတို့အတွက် မဖြစ်မနေ လိုအပ်ချက်အရ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။

(ဂ) ကော်မရှင်ကို ဗဟိုအဆင့်အဖွဲ့အစည်းအဖြစ် သတ်မှတ်ခြင်း၊ ငွေကြေးသုံးစွဲရန် ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် အသုံးစရိတ် လျာထားမှုများအား ပယ်ဖျက်ခဲ့ပြီးဖြစ်ပါသည်။

(ဃ) ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့ကို ပြည်ထောင်စုဝန်ကြီးအဆင့်နှင့် ဒုတိယဝန်ကြီးအဆင့် သတ်မှတ်ပေးထားခြင်းတို့ကိုလည်း ပယ်ဖျက်ပြီးဖြစ်ပါသည်။

(င) ကော်မရှင်ကို အုပ်ချုပ်ရေးအာဏာအရ ဖွဲ့စည်းထားရှိခြင်း၊ အမျိုးသားအကျိုးစီးပွားနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေးကို ကာကွယ်ရေးနှင့် မြှင့်တင်ရေးတို့အတွက် မရှိမဖြစ် လိုအပ်ခြင်းတို့ကြောင့် ဆက်လက်ဖွဲ့စည်းထားရှိမည်ဖြစ်ပြီး နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရန်ပုံငွေမှ ထုတ်ယူသုံးစွဲသွားမည် ဖြစ်ပါသည်။ ထို့ပြင် ဥပဒေကို အခြေခံဖွဲ့စည်းသည့် ကော်မရှင် တစ်ရပ်ဖြစ်ပေါ်စေရေးအတွက် ဥပဒေကြမ်းတစ်ရပ်ပြုစုရေးဆွဲလျက်ရှိပြီး ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြဋ္ဌာန်း၍ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၇။ နိုင်ငံတော်သမ္မတအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်း အကျိုးစီးပွားအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ အထက်ဖော်ပြပါ ပြည်ထောင်စုလွှတ်တော်ကပေးပို့လာသော ကိစ္စရပ် (၃)ခုနှင့် စပ်လျဉ်း၍ သုံးသပ်ဆောင်ရွက်နိုင်ရန် သဝဏ်လွှာပေးပို့အပ်ပါသည်ဟူ၍ ဖြစ်သည်။

နိုင်ငံတော်သမ္မတထံမှပေးပို့ခဲ့သည့် သဝဏ်လွှာပါ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ လစဉ်ချီးမြှင့်ငွေလျှော့ပေါ့ခံစားခြင်း၊ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများ တိုးမြှင့်ပေးခြင်းနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းကိစ္စများကို ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့တွင် ပြည်ထောင်စုလွှတ်တော်နာယက က ဖတ်ကြားတင်ပြပြီး မှတ်တမ်းတင်ဆောင်ရွက်ခဲ့ကြောင်း သတင်းကို ၂၀၁၂ ခုနှစ် ဧပြီ ၂၅ ရက်ထုတ် နေ့စဉ်သတင်းစာများတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့အလင်း ဘဝအမောပြေ

အလုပ် **အာကာဟိန်း-ရေးသားသည်**

မူလတန်းကျောင်းသားလေးနှစ်ဦး ကျောင်းမှအပြန် လမ်းတွင် တစ်ဦးနှင့် တစ်ဦး ၎င်းတို့ဖခင်ဖြစ်သူများအကြောင်း အပြန်အလှန် ပြောကြလေသည်။

ပထမကျောင်းသား ။ ။ ငါ့အဖေက တရားသူကြီးကွ။

ဒုတိယကျောင်းသား ။ ။ ဟုတ်လား။

ပထမကျောင်းသား ။ ။ တရားရုံးမှာ ထိုင်ခုံအမြင့်ကြီးမှာထိုင်ပြီး တရားခံတွေကို အပြစ်ပေးနေတာကွ။

ဒုတိယကျောင်းသား ။ ။ သြော်. . .။

ပထမကျောင်းသား ။ ။ ကဲ…မင်းအဖေကကော ဘာလုပ်သလဲ…။

ဒုတိယကျောင်းသား ။ ။ ငါ့အဖေရဲ့အလုပ်က မင်းအဖေထက်သာတာ မြင်စေချင်တယ်။

ပထမကျောင်းသား ။ ။ ဘာဖြစ်လို့လဲ။

ဒုတိယကျောင်းသား ။ ။ ဒီမှာ. . . မင်းအဖေ တရားသူကြီးမပြောနဲ့ ဘုရင်တောင် ငါ့အဖေရှေ့မှာ သေသေချာချာ ထိုင်ပြီး ခေါင်းငုံ့နေရတာကွ. . .။

ပထမကျောင်းသား ။ ။ ဟုတ်လား…မင်းအဖေက ဘာအလုပ်လုပ်လို့လဲ…။

ဒုတိယကျောင်းသား ။ ။ ဆံပင်ညှပ်သမားကွ. . .။

ပထမကျောင်းသား ။ ။ "ဟေ"

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး ဝန်ထမ်းများအတွက် တူညီဝတ်စုံပေးအပ်ပွဲကို ဧပြီ ၂၅ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးကျော်က ဝန်ထမ်း ၅၀ အတွက် တူညီဝတ်စုံများကို ဝန်ထမ်းများကိုယ်စား ဒုတိယဦးစီးမှူး ဦးဇော်ဇော်မြင့်ထံ ပေးအပ်စဉ်။ (၀၄၅)

လုပ်ငန်းလိုင်စင်မရှိဘဲ အခကြေးငွေယူ၍ ခရီးသည်တင်ဆောင်ခြင်း မပြုရ။

လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး မှော်ဘီ၌ ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၂၈

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၂၇ ရက် နံနက် ၁၁ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်က အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာငြိမ်းက ရပ်ကွက်နှင့် ကျေးရွာများအလိုက် စာရင်းကောက်ယူမှုလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အခမ်းအနားသို့ ဌာနဆိုင်ရာများနှင့် ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

29-4 (03).pmd 1 4/29/2012, 2:13 AM

နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

ပါကစ္စတန်၌ ခရီးသည်တင်လေယာဉ်တစ်စင်း ခြိမ်းခြောက်အပိုင်စီးရန် ကြိုးစားမှုဖြစ်ပွား

ကရာချိ မေ ၂၈

ပါကစ္စတန်နိုင်ငံ ကရာချိမြို့လေဆိပ်မှ ဧပြီ ၂၇ရက်က ပျံသန်းထွက်ခွာလာသော ခရီးသည်တင်လေယာဉ် တစ်စင်းသည် လေယာဉ်ပေါ်လိုက်ပါလာသည့် ခရီးသည်တစ်ဦးက ခြိမ်းခြောက်ပြီး လေယာဉ်အပိုင်စီးမှု ဖြစ်ပွားပြီးနောက် မြေပြင်သို့ အတင်းအကျပ်ဆင်းသက်မှုဖြစ်ပွားခဲ့ကြောင်း ပါကစ္စတန်အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း(ပီအိုင်အေ)မှ အရာရှိများက ဧပြီ ၂၈ ရက်တွင် ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းလေယာဉ်သည် ပြည်တွင်းလေကြောင်းခရီးစဉ်များကို ပျံသန်းပေးနေသော လေယာဉ်ဖြစ်ပြီး လေယာဉ်ပေါ်၌ ခရီးသည် ၅၀ နှင့် လေယာဉ်အမှုထမ်း ငါးဦးတို့လိုက်ပါလာခဲ့ကြခြင်းဖြစ်သည်။ ၎င်းလေယာဉ် သည် ကရာချိမြို့မှ ပါကစ္စတန်နိုင်ငံ ဘာဟာဝါဖူရာမြို့သို့ ပျံသန်းနေစဉ် ယခုကဲ့သို့အပိုင်စီးခံရမှုဖြစ်ပွား ခဲ့ခြင်းဖြစ်သည်။

အဆိုပါလေယာဉ်သည် ကရာချိလေဆိပ်မှပျံသန်းထွက်ခွာပြီး မကြာမီ ခရီးသည်တစ်ဦးက မတ်တပ်ရပ် ကာ မိမိသည်လေယာဉ်ကိုအပိုင်စီးလိုက်ပြီဖြစ်ကြောင်း လေယာဉ်အမှုထမ်းနှင့်ခရီးသည်များအား ပြောကြားခဲ့ သည်ဟု ပီအိုင်အေလေကြောင်းလိုင်းမှ အရာရှိတစ်ဦးဖြစ်သူ ဆူလ်တန်ဟာဆင်က ပြောကြားသည်။ ထိုသို့ လေယာဉ်အပိုင်စီးခံရပြီးနောက် လေယာဉ်မှူးက ကရာချိလေဆိပ်သို့ပြန်လှည့်မောင်းနှင်ကာလေယာဉ်ထိန်းသိမ်း ရေးအချက်ပြမျှော်စင်နှင့်အဆက်အသွယ်ရယူပြီး ၎င်းမျှော်စင်မှညွှန်ပြသောနေရာသို့ဆင်းသက်ခဲ့ခြင်းဖြစ်သည်။

လေယာဉ်ဆင်းသက်ပြီးနောက် အပိုင်စီးရန် ခြိမ်းခြောက်ကြိုးစားခဲ့သည့် ၎င်းခရီးသည်အား လုံခြုံရေး တပ်ဖွဲ့ဝင်များက ထိန်းသိမ်းခဲ့ပြီး စစ်ဆေးမှုများပြုလုပ်ရန် ခေါ်ဆောင်သွားခဲ့သည်။ လေယာဉ်နှင့်ခရီးသည်များ ဘေးကင်းလုံခြုံမှုရှိခဲ့ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

ဆိုယုဇ်အာကာသလွန်းပြန်ယာဉ် မြေပြင်သို့ပြန်လည်ဆင်းသက်၊ အာကာသယာဉ်မှူးသုံးဦးလိုက်ပါလာ

မော်စကို မေ ၂၈

ရုရှားနိုင်ငံမှလွှတ်တင်ခဲ့သော ဆိုယုဇ်အာကာသယာဉ် သည် နိုင်ငံတကာအာကာသယာဉ်စခန်း၌ သတ်မှတ်ရက် အတွင်း လုပ်ငန်းများ ပြီးဆုံးခဲ့သဖြင့် နိုင်ငံတကာအာကာသ ယာဉ်စခန်းမှနေ၍ မြေပြင်သို့ ပြန်လည်ဆင်းသက်လာခဲ့ပြီ ဖြစ်ကြောင်း ရုရှားအာကာသရေးရာအရာရှိများက ဧပြီ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆိုယုဇ်အာကာသလွန်းပြန်ယာဉ်သည် ဧပြီ ၂၇ရက်က နိုင်ငံတကာအာကာသယာဉ်စခန်းနှင့် ချိတ်ဆက်ထားမှုကို ဖြုတ်လိုက်ပြီးနောက် လေးနာရီခန့်အကြာတွင် ကာဇက်စတန်ရှိ သတ်မှတ်ထားသောနေရာသို့ အာကာသယာဉ်မှူး သုံးဦးနှင့် အတူ ဘေးကင်းစွာ ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

ဆိုယုဇ်အာကာသလွန်းပြန်နှင့်အတူ နိုင်ငံတကာအာကာသ ယာဉ်စခန်းမှ ရုရှားအာကာသယာဉ်မှူး အန်တန်ရှကာပလီ ရော့ဗ်နှင့် အနာတိုလီအိုင်ဗင်နစ်ရှင်း၊ အမေရိကန်အာကာသယာဉ်မှူးဒင်နီရယ်ဘာဘင့်တို့ ပြန်လည်လိုက်ပါလာကြသည်။ ၎င်းအာကာသယာဉ်မှူးများသည် နိုင်ငံတကာအာကာသယာဉ်စခန်း၌ ရက်ပေါင်း ၁၆၃ရက်ကြာနေထိုင်ကာ လုပ်ငန်းများဆောင်ရွက်ခဲ့ကြသူများဖြစ်သည်။ **(အင်တာနက်)**

အာရှ၏အကြီးဆုံးပျော်ရွှင်ကမ္ဘာဥယျာဉ် မလေးရှား၌ မကြာမီဖွင့်လှစ်မည်

ကွာလာလမ်ပူ မေ ၂၈

မလေးရှားနိုင်ငံ ဂျိုကာပြည်နယ်တွင် အာရှ၏အကြီးဆုံးနှင့် ပထမဆုံးပျော်ရွှင် ကမ္ဘာဥယျာဉ်ကြီး(Legoland)ကို လာမည့်စက်တင်ဘာတွင် စတင်ဖွင့်လှစ်မည် ဖြစ်ကြောင်း မလေးရှားအရာရှိများက ဧပြီ ၂၈ ရက်တွင် ပြောကြားသည်။ **(ဝဲပုံ)**

အဆိုပါပျော်ရွှင်ကမ္ဘာဥယျာဉ်ကြီးတွင် အရှိန်အဟုန်ဖြင့် ထိုးဆင်း၊ ထိုး တက်နိုင်သည့်အပျော်စီးရထားနှင့် ကားများအစင်း ၄၀ ကျော်အပြင် အခြားစိတ် လှုပ်ရှားပြီး ဆွဲဆောင်မှုရှိသော အပန်းဖြေမှုများစွာပါဝင်သည်။ ၎င်းပျော်ရွှင်ကမ္ဘာ ဥယျာဉ်ကြီး၏ အကျယ်အဝန်းမှာ ၇၆ ဧကခန့်ရှိသည်။ အဆိုပါဥယျာဉ်သို့ နှစ်စဉ် လာရောက်အပန်းဖြေမည့်ဧည့်သည် တစ်သန်းကျော်ရှိမည်ဟု မျှော်မှန်းထားသည်။ လက်ရှိအချိန်၌ တည်ဆောက်ပြီးစီးမှုမှာ ၇၅ ရာခိုင်နှုန်းကျော်ရှိနေပြီဖြစ်သည်။

ယင်းပျော်ရွှင်ကမ္ဘာဥယျာဉ်ကြီး အပြီးသတ်တည်ဆောက်ပြီးပါက ဂျာမနီ၊ ဒိန်းမတ်၊ ဗြိတိန်၊ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားနှင့် ဖလော်ရီဒါပြည်နယ် တို့ရှိ ပျော်ရွှင်ကမ္ဘာဥယျာဉ်များပြီးလျှင် ခြောက်ခုမြောက်ကမ္ဘာ့ဆွဲဆောင်မှုအရှိဆုံး ပျော်ရွှင်ကမ္ဘာဥယျာဉ်ကြီးအဖြစ် ရောက်ရှိလာမည်ဖြစ်သည်။ **(အင်တာနက်)**

အမေရိကန်မောင်းသူမဲ့လေယာဉ် ယီမင်၌ တိုက်ခိုက်၊ သုံးဦးသေဆုံး

ဆာနား မေ ၂၈

ယီမင်နိုင်ငံတောင်ပိုင်း မူဒီယာမြို့ အတွင်း အမေရိကန်မောင်းသူမဲ့ လေယာဉ်တိုက်ခိုက်မှုကြောင့် လူသုံးဦး သေဆုံးကြောင်း ဒေသခံများက ပြောကြား သည်။ **(ဝဲပုံ)**

အမေရိကန် မောင်းသူမဲ့လေ ယာဉ်က သေဆုံးသွားသူသုံးဦးတို့ စီးနင်းလိုက်ပါလာသည့် မော်တော် ယာဉ်ကို ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက် သဖြင့် ဧပြီ ၂၇ ရက်က သုံးဦးစလုံး သေဆုံးရခြင်း ဖြစ်သည်။

သေဆုံးခဲ့

မတ်လအတွင်းကလည်း အမေ ရိကန်မောင်းသူမဲ့လေယာဉ် တိုက်ခိုက် သဖြင့် သုံးရက်အတွင်း အနည်းဆုံး၆၄ ဦး သေဆုံးခဲ့သည်။ အများစုမှာ အရပ်သား များဖြစ်ကြသည်ဟု သိရသည်။

(အင်တာနက်)

အီရတ်အရှေ့ပိုင်းဗုံးခွဲတိုက်ခိုက်မှုများ ၁၀ ဦးသေဆုံး၊ ၁၈ ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဧပြီ ၂၈

အီရတ်နိုင်ငံအရှေ့ပိုင်း ဒီယာလာပြည်နယ်အတွင်း ဗုံးခွဲတိုက်ခိုက်မှုနှစ်ခုဖြစ်ပွားရာ၌ လူ ၁၀ ဦးသေဆုံးပြီး ၁၈ ဦး ဒဏ်ရာရရှိခဲ့သည်။ **(ယာပုံ)**

ဖြစ်ပွား

ဘဂ္ဂဒက်မြို့၏အရှေ့မြောက်ဘက် ၆၅ ကီလို မီတာအကွာ ဘာကူဘာမြို့အနီး ကျေးရွာတစ်ရွာရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ဗုံးဖောက်ခွဲတိုက်ခိုက် မှုများ ဧပြီ ၂၇ ရက်က ဖြစ်ပွားခြင်းဖြစ်သည်။

ပထမဗုံးခွဲမှုမှာ ကားဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်ပြီး လူ ၁၀ ဦးသေဆုံးကာ ၁၅ ဦး ဒဏ်ရာရရှိခဲ့သည်။ ဆိုင်တွင်း၌ထောင်ထားသည့် ဒုတိယဗုံးခွဲတိုက်ခိုက်မှု တွင် လူသုံးဦး ဒဏ်ရာရသွားခြင်းဖြစ်သည်။

ယင်းတိုက်ခိုက်မှုများကြောင့် ဒဏ်ရာရရှိသူ များအား တာဝန်ရှိသူများက ဆေးကုသမှုခံယူရန် အတွက် နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ပေးထားသည်ဟု ဆိုသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းများ

ကင်ညာနှင့် အီသီယိုးပီးယားတို့ရှိ ဒုက္ခသည်စခန်းများ၌ မိုးသည်းထန်စွာရွာသွန်း ရေကြီးမှုများဖြစ်ပေါ်

ဒိုင်လာဂို မေ ၂၈

အီသီယိုးပီးယားနိုင်ငံနှင့် ကင်ညာ နိုင်ငံတို့ရှိ ဆိုမာလီဒုက္ခသည်စခန်းများ သည် မိုးများသည်းထန်စွာရွာသွန်းသည့် ဒဏ်ကြုံတွေ့နေရကြောင်း၊ ရွက်ဖျင်တဲများ စွာပျက်စီးခဲ့ရကြောင်း၊ လမ်းများလည်း ရေလွှမ်းလျက်ရှိပြီး အကူအညီပေးရေး များတွင်လည်း နှောင့်နှေးကြန့်ကြာ မှုများရှိနေကြောင်း ကုလသမဂ္ဂက ဧပြီ ၂၇ ရက်တွင် ပြောကြားခဲ့သည်။

ဖော်ပြ

အီသီယိုးပီးယားတောင်ပိုင်းတွင် ဒုက္ခသည်ပေါင်းတစ်သိန်းခွဲကျော်အထိ ယခုသဘာဝဘေးကို ကြုံတွေ့ခံစားနေရ ကြောင်း ဒိုင်ဂိုအီတွင် ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာ မင်းကြီးရုံး(UNHCR)၏ အစီရင်ခံစာ တွင် ဖော်ပြပါရှိသည်။

ရွာသွန်း

ကင်ညာနိုင်ငံအရှေ့မြောက်ပိုင်းရှိ ဒါဒါအက်ဘ်ဒုက္ခသည်စခန်းနယ်မြေတွင် လည်း ပြီးခဲ့သည့်မိုးသည်းထန်စွာရွာ သွန်းမှုများအတွင်း သေဆုံးသူ ၂၀ ရှိပြီး အိမ်ရာပျက်စီးမှုများလည်း ရှိခဲ့ကြောင်း UNHCR ၏ ထုတ်ပြန်ချက်တွင် ပါရှိ သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၂၈-၄-၂၀၁၂

တင်မောင်လွင် - စုစည်းသည်

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် အိန္ဒိယသို့ချစ်ကြည်ရေးခရီးသွားရောက်မည်

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် (ယာပုံ) သည် လာမည့် မေလအစောပိုင်းတွင် အိန္ဒိယ နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက် မည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ၏ The Press Trust သတင်းစာက ဧပြီ ၂၈ ရက်တွင် ဖော်ပြသည်။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် သည် အိန္ဒိယနိုင်ငံရှိ နယူးဒေလီနှင့် ကိုလ်ကတ္တားမြို့သို့သွားရောက်မည်ဖြစ်သည်။ သူမ၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း သိသိသာသာဖွံ့ဖြိုးတိုးတက်မှုမရှိသေး သည့် ကဏ္ဍများအပါအဝင် ကဏ္ဍအားလုံးတိုးတက်မှုရှိစေရန်အတွက် နှစ်ဦးနှစ်ဖက် အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်သွားရန် အလားအလာရှိကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဗစ်တိုးရီးယားနူလန်၏ပြောကြား ချက်ကို ကိုးကား၍ အဆိုပါသတင်းစာက ဖော်ပြသည်။

ဘူဂေးရီးယားလေ့ကျင့်ရေးဂျက်တိုက်လေယာဉ်ပျက်ကျ

ဘူဂေးရီးယားဂျက်တိုက်လေယာဉ်တစ်စင်းသည် အမေရိကန်နှင့်ပူးတွဲစစ်ဆင် ရေးလေ့ကျင့်မှုပြုလုပ်စဉ်အတွင်း ဘူဂေးရီးယားနိုင်ငံတောင်ပိုင်း ဂရတ်ဖ်အိုင်နာ တီဗိုလေတပ်အခြေစိုက်စခန်းအနီး၌ ဧပြီ ၂၆ ရက်က ပျက်ကျခဲ့ပြီးနောက် လေယာဉ် မောင်းနှစ်ဦးစလုံး အသက်ဘေးမှ လွတ်မြောက်ခဲ့ပြီး အမေရိကန်နှင့်ပူးတွဲစစ်ရေး လေ့ကျင့်မည့်အစီအစဉ် ဖျက်သိမ်းလိုက်ရကြောင်း ဒေသဆိုင်ရာမီဒီယာများက သတင်းထုတ်ပြန်သည်။ MiG-29 အမည်ရှိ အဆိုပါဂျက်တိုက်လေယာဉ်သည် လေ့ကျင့်ပျံသန်းစဉ် ဘူဂေးရီးယားနိုင်ငံ ဆိုဖီယာမြို့အရှေ့တောင်ဘက် ကီလိုမီတာ ၁၅၀ ခန့်အကွာရှိ တီဇာရီမာနှင့် ဂိုလ်ယန်ချဒတ် ကျေးရွာနှစ်ရွာအကြား ပျက်ကျခဲ့ ခြင်းဖြစ်သည်။

တရုတ်တောင်ပိုင်း ကွမ်တုံပြည်နယ်၌ မိုးသက်လေပြင်းများကျ

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ် ကွမ်ကျိုးမြို့တွင် ဧပြီ ၂၇ ရက် ညက မိုးသက်မုန်တိုင်းကျရောက်မှုကြောင့် ကွမ်ကျိုးမြို့လေဆိပ်တစ်ခု၌ လေယာဉ်ပျံသန်းမှု ခရီးစဉ် ၁၀၀ ကျော် ဖျက်သိမ်းခဲ့ရကြောင်း အဆိုပါလေဆိပ်တာဝန်ရှိသူများက ပြောကြားသည်။ အဆိုပါမိုးသက်မုန်တိုင်းသည် ယင်းနေ့ ညနေ ၈ နာရီက စတင်ပြီး ကွမ်ကျိုးဘာယန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အလွန်ပြင်းထန်စွာ ကျရောက်ခဲ့မှုကြောင့် တစ်နာရီကျော်ကြာအချိန်အတွင်း လေယာဉ်ခရီးစဉ် ၁၁၆ ခု နှောင့်နှေးကြန့်ကြာစေ ခဲ့ပြီး အခြားလေယာဉ်ခရီးစဉ် ၅၄ ခုကို ဖျက်သိမ်းခဲ့ရကြောင်း လေဆိပ်တာဝန်ရှိ သူများက ဆက်လက်ပြောကြားသည်။ တာဝန်ရှိသူများက ခရီးသည် ၃၀၀၀ခန့်အား အခမဲ့ယာယီနေရာထိုင်ခင်းများ ကြိုတင်စီစဉ်ပေးခဲ့သည်ဟု ဆိုသည်။ (အင်တာနက်)

နိုင်ငံတကာသတင်းသုတ နိုင်ငံတကာသတင်းသုတ နိုင်ငံတကာသတင်းသုတ နိုင်ငံတကာသတင်းသုတ

ဖွံ့ဖြိုးတိုးတက်ရန်လိုနေသေးသည့် အာဖရိကတိုက်

ဘေးဒုက္ခအန္တရာယ်တစ်ခုပြီးတစ်ခု ရင်ဆိုင်နေရသည့် အာဖရိကတိုက်၏ မျက်မှောက်အခြေအနေမှာ လွန်ခဲ့သည့် ရာစုနှစ်တစ်ခုကျော်ကျော်က အနေအထားထက် ဘာမျှ တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရမည်မဟုတ်ချေ။

သဘာဝဘေးအန္တရာယ်နှင့်လူ့ပယောဂကြောင့် ဖြစ်ပေါ်လာရသည့်ဘေးဆိုးကပ်ဆိုးများမှာ ကမ္ဘာ့အခြားသောတိုက်ကြီးများထက် အာဖရိကတိုက်နှင့်မှအတူ ဖွားမြင်လာသလားဟု တွေးစရာဖြစ်လာသည်။ မိုးခေါင်းရေရှားမှုနှင့် အငတ်ပြဿနာတို့ကို နှစ်အတန်ကြာ အီသီယိုးပီးယား၊ ယင်းနောက် အာဖရိက ဆာဟာရတောင်ပိုင်းနှင့်တကွ ယခုအခါ ချဒ်၊ နိုင်ဂျာ၊ မောရီတေးနီးယား၊ ဘူကီနာဖာဆိုအပါအဝင် အာဖရိကတိုက်တစ်ဝန်းမှ နိုင်ငံအများအပြားတို့ ရင်ဆိုင်နေရသည်။

ခန့်မှန်း

ဆာဟဲဒေသမှ ကလေးသူငယ်တစ်သန်းခန့် ယခုနှစ်အာဟာရချို့တဲ့မှုအန္တရာယ်မှ ကာကွယ်ပေးရန် လိုအပ်မည်ဟု ကုလသမဂ္ဂက ခန့်မှန်းသည်။

အာဖရိကတိုက်မှ ကြီးထွားလာသော ငတ်မွတ်ခေါင်းပါးမှု အကျပ်အတည်းတိုက်ဖျက်ရေးအတွက် အမေရိကန်ဒေါ်လာသန်း ၂၀၀ လိုအပ်ကြောင်း ငတ်မွတ်မှုတိုက်ဖျက်ရေးအဖွဲ့ အောက်စဖမ်၊ ဆေ့ဖ်သည်ချီလ်ဒရင်းနှင့် ဝါးဗစ်ရှင်းအပါအဝင် ထောက်ပံ့ရေးအေဂျင်စီများကလည်း သတိပေးထားသည်။

ကြေညာ

စားနပ်ရိက္ခာအကျပ်အတည်း ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည့် ငွေကြေးအနက် ထက်ဝက်ခန့်သာကောက်ခံရရှိကြောင်း ကုလသမဂ္ဂက ကြေညာသည်။

ထို့ပြင် အာဖရိကတိုက်အတွင်း ပြည်တွင်းစစ်များနှင့် ယင်းတို့နှင့် ဆက်နွှယ်သည့် ပဋိပက္ခများတွင် လူမျိုးတုံးသတ်ဖြတ်မှုများကလည်းအထွတ်အထိပ်သို့ ရောက်ရသည့်အဖြစ်ဆိုးများကို ရဝမ်ဒါနိုင်ငံ၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ဒေသအချို့၊ ဆူဒန်နိုင်ငံ ဒါဖာဒေသတို့၌ ကြုံရသည်။ ယခုအခါ ဆူဒန်နှင့် တောင်ဆူဒန်နယ်စပ် ကိစ္စ၊ ရေနံအငြင်းပွားမှုကြောင့် တိုက်ကြခိုက်ကြသဖြင့် ဒုက္ခသည် ၃၇၀၀၀ တို့ တောင်ဆူဒန်နိုင်ငံ

သတင်းမှတ်စု-တိုး

ဂျူမမ်ဒုက္ခသည်စခန်း၌ ရောက်ရှိနေပြီး ရေအတွက်အခက်ကြုံနေရကြောင်း ဧပြီ ၂၇ ရက်က အောက်စဖမ်က ကြေညာသည်။ အာဖရိကအရေးကို နိုင်ငံတကာအသိုက်အဝန်းက လက်ပိုက်ကြည့်နေသည် မဟုတ်၊ တတ်နိုင်သလောက် ကူညီပံ့ပိုး တည်ဆောက်ပေးနေသည်ကိုလည်း တွေ့ရမည်ဖြစ်သည်။ သို့သော် တည်ဆောက်လိုက်၊ ဖြိုချဖျက်ဆီးလိုက်၊ နောက်တစ်ခါ ထပ်မံဖြိုချရန်အတွက် တစ်ဖန်တည်ဆောက်လိုက်နှင့် အာဖရိကတိုက်သည် တည်ဆောက်ပြုပြင်ဖြိုချရေးတို့အတွက် သရုပ်ပြတိုက်ကြီးတစ်တိုက်အဖြစ် မြင်တွေ့ရသည်။ တစ်စုံတစ်ယောက်က ပြောဆိုလာလျှင် ငြင်းဆိုရန်ပင် အင်အားမရှိတော့။ ကမ္ဘာပေါ်၌သဘာဝအရင်းအမြစ် အကြွယ်ဝဆုံးတိုက်တစ်တိုက်ဖြစ်ပါလျက် ကမ္ဘာ့အဆင်းရဲဆုံးနှင့် စိတ်ပျက်ဖွယ်ရာဘဝကို ထွေးပိုက်ထားရသည့် အာဖရိကတိုက်သားများကို တွေ့ရသည့်အခါ အာဖရိကတိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထာဝစဉ်ခိုင်မာသည့်ပုံစံ ကင်းမဲ့နေ၍လောဟု ပြောကြားမိပေသည်။

ကြိုးပမ်းဆောင်ရွက်

အာဖရိကတိုက်၌လည်း ကမ္ဘာ့အခြားသောဒေသများနည်းတူ ဒေသဆိုင်ရာအဖွဲ့အစည်းမရှိမဟုတ် ရှိပါ၏။ ယခင်က အာဖရိကညီညွတ်ရေးအဖွဲ့ (အိုအေယူ)ကို ၂၀၀၂ ခုနှစ်တွင် ဆက်ခံသည့် အာဖရိကသမဂ္ဂ (အေယူ) အခိုင်အမာရှိသည်။ အေယူသည် အာဖရိကတိုက်လုံးဆိုင်ရာအဖွဲ့ ဖြစ်သည်။ အဖွဲ့၏ ဦးတည်ချက်မှာငြိမ်းချမ်းရေးနှင့် ကြွယ်ဝချမ်းသာရေးကို ဦးတည်သည့် ညီညွတ်သောတိုက် ဖြစ်ရေးပင်ဖြစ်သည်။ အဖွဲ့ဝင် ၅၃ နိုင်ငံအကြား နိုင်ငံရေးနှင့် စီးပွားရေးပေါင်းစည်းမှုကို ထောက်ခံသည်။ ထို့ပြင် ဖွံ့ဖြိုးမှုမြှင့်တင်ရန်၊ ဆင်းရဲမွဲတေမှု တိုက်ဖျက်ရန်၊ အာဖရိကတိုက်ကို ကမ္ဘာ့စီးပွားရေး ရပ်ဝန်းအတွင်း သွတ်သွင်းရန်ရည်ရွယ်ချက်များလည်း ချမှတ်ထားသည်။ ထိုဦးတည်ချက် ရည်မှန်းချက်များအတိုင်းလည်း အေယူက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့သော် လေ့လော်ရင်း တက်ကျိုးနေသည့်အကြောင်း



အာဖရိကတိုက် မိုးခေါင်ရေရှားမှု မြင်ကွင်းတစ်ရပ်ကို ဤသို့ တွေ့ရသည်။

များကား အဘယ်အရာများနည်း။ အာဖရိကတိုက်တွင် ချမ်းသာသည့်မိသားစုအချို့ရှိသည်။ ယင်းတို့၏ ပတ်လည်တွင် အာဖရိကပြည်သူအများစုမှာ ရပ်တည်၍မရနိုင်လောက်အောင် ချို့ငဲ့ဆင်းရဲနေကြရာ ဆင်းရဲချမ်းသာကွာဟမှုမှာ ကြောက်ခမန်းလိလိဖြစ်သည်ကို တွေ့ရသည်။

အာဖရိကပြဿနာ၏ အဓိကအကြောင်းရင်းနှစ်ခုရှိသည်။ တစ်ခုမှာ အာဖရိကပြည်သူများကို ဦးဆောင်ရမည့်အစား အုပ်ချုပ်စိုးမိုးထားသူများ၏ အုပ်ချုပ်ရေးစနစ်နှင့် ဒီမိုကရေစီပုံစံအားနည်းမှုဖြစ်သည်။ နောက်တစ်ခုမှာ ၁၇ ရာစုနှစ် အာဖရိကတိုက်ကို အပြိုင်ခြေကုပ်ယူလာကတည်းက သွေးစုပ်အမြတ်ထုတ်လာကြသူ နိုင်ငံခြားသား ပွဲစားလူလည်များ၏ လုပ်ကွက်ပင်ဖြစ်သည်ဟု သုံးသပ်ကြသည်။

အာဖရိကတိုက်၌ ရုတ်တရက်ပေါ်ပေါက်လာသည့် ကပ်ဘေးများနှင့် စပ်လျဉ်း၍ ကိုင်တွယ်ရာတွင် နိုင်ငံတကာအဖွဲ့အစည်းက သတိကြီးစွာထားသဖြင့် နှောင့်နှေးတတ်ပြီး နိုင်ငံခြားအဖွဲ့အစည်းများတွင်လည်း အားနည်းချက်များရှိနေခြင်းမှာ ပြဿနာကိုင်တွယ်ရာ၌ ထိရောက်သင့်သလောက် မထိရောက်သလိုဖြစ်နေသည်။

သုံးသပ်နိုင်

နောက်ဆုံး အာဖရိကနိုင်ငံများ တဖြည်းဖြည်း ခေတ်နောက်ကျကျန်ရစ်ရသည့် အရေးကြီးအချက်မှာ စီမံခန့်ခွဲမှုမမှန်ခြင်းဖြစ်သည်ဟု သုံးသပ်နိုင်သည်။ ယင်းကို အခြေခံ၍အဂတိလိုက်စားမှု၊ ဆွေမျိုးကောင်းစားရေးဝါဒ၊ အာဏာရှင်စနစ်၊ အမြင်ကျဉ်းမြောင်းမှု၊ သက်ဦးဆံပိုင်စနစ်၊ နေရှင်အုပ်စိုးမှုစသော အတောသတ်နိုင်သည့် နောက်ဆက်တွဲကိစ္စများ ပေါ်ပေါက်လာရသည်။

သို့သော် ယခုအခါ အာဖရိကတိုက်၌ ဒီမိုကရေစီရောင်ခြည်သန်းလာပြီဟူ၍ ရှုမြင်သူအချို့ရှိရာ မြန်မြန်အကောင်အထည်ပေါ်ပါစေ၊ အာဖရိကပြည်သူတို့ဘဝ တိုးတက်သာယာပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။ ။ **(ကိုးကား-အင်တာနက်)**

နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း

ဇော်ဦးခိုင် - ရေးသားသည်

ရန်ကုန်ဟိုင်းတွင် ခရီးသည်တင်လေယာဉ်ပေါ် ဗုံးထောင်ထားသည်ဟူသော သတင်းကြောင့် ပျံသန်းမှုနှောင့်နှေးခဲ့

ရှန်ဟိုင်း ဧပြီ ၂၈

တရုတ်နိုင်ငံတွင် ရှန်ဟိုင်းမှ အရှေ့တောင်ပိုင်းမြို့ ချန်ဂူသို့ ဧပြီ ၂၇ ရက် ညနေပိုင်းတွင် ပျံသန်းမည့်လေယာဉ်တစ်စင်း ဗုံးလှန့်မှုဖြစ်ပွားသဖြင့်ပျံသန်းရေး နှောင့်နှေးခဲ့ကြောင်း လေဆိပ် အာဏာပိုင်များက ဧပြီ ၂၈ ရက်တွင် ပြောကြားသည်။ **(အေပေါ်ပုံ)**

ရှန်ဟိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ခရီးသည်တင် လေယာဉ်ပေါ်၌ ဗုံးထောင်ထားသည်ဟူသော ဖုန်းခေါ်ဆိုမှုကို ဧပြီ ၂၇ ရက် ညနေ ၆ နာရီ ၃၆ မိနစ်တွင် လက်ခံရရှိခဲ့ခြင်း ဖြစ်ကြောင်း လေဆိပ်ရှိရဲဝန်ထမ်းတစ်ဦးက ပြောကြားသည်။

အဆိုပါ ဗုံးခြိမ်းခြောက် ဖုန်းခေါ်ဆိုမှု ရလျှင်ရပြီးချင်း ရဲဝန်ထမ်းများက လေယာဉ်ခရီးသည်များအား ပြန်လည်ခေါ်ထုတ်ကာ နေရာရွှေ့ပြောင်းပေးခဲ့ပြီး လေယာဉ်အနှံ့ ပိုက်စိပ်တိုက်ရှာဖွေမှုပြုလုပ်သော်လည်း ဗုံးကိုတွေ့ရှိခဲ့ခြင်းမရှိကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

အဆိုပါ လေယာဉ်သည် ညနေ ၆ နာရီခွဲတွင် ပျံတက်မည့်လေယာဉ်ဖြစ်ပြီး ယခုဗုံးလှန့်မှုကြောင့် အချိန် ၅ နာရီခန့် နှေးဖင့်ခဲ့ကာ ည ၁၁ နာရီ ၂၃ မိနစ်တွင်မှ ပျံတက်နိုင်ခဲ့သည်။

ယခုဖြစ်ရပ်အား စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိဆဲဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ **(အင်တာနက်)**

ဆီနီဂေါ်ပြည်သူ ၈၀၆၀၀၀ အတွက် စားနပ်ရိက္ခာများ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ ဖြန့်ဖြူးဝေငှမည်

ဂျီနီဗာ ဧပြီ ၂၈

ရာသီဥတု မကောင်းမွန်မှုကြောင့် ၂၀၁၁-၂၀၁၂ ခုနှစ် စိုက်ပျိုးသီးနှံအထွက်ရှားပါးနိမ့်ကျခြင်းဒဏ် ကြုံတွေ့နေရသည့် ဆီနီဂေါ်နိုင်ငံ ဇီဂန်ချာဒေသနေ ပြည်သူတို့အတွက် အခြေခံစားသောက်ကုန်များ ဖြည့်ဆည်းပံ့ပိုးပေးနိုင်ရေး ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP) က အစားအစာများ ဖြန့်ဖြူးဝေငှပေးမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ အဲလ်လီဇဘတ်ဘိုင်ယာက ဧပြီ ၂၇ ရက်တွင် ပြောကြားသည်။ ဆီနီဂေါ်နိုင်ငံ တောနယ်ပိုင်းတွင် နေထိုင်သော ပြည်သူ ၇၃၉၀၀၀ နှင့် မြို့ပြနယ်မြေများရှိ ပြည်သူ ၆၇၀၀၀တို့အတွက် အကူအညီအထောက်အပံ့များကို WFP က ဖြည့်ဆည်းပေးပို့သွားမည်ဖြစ်ကြောင်း အိုင်ယာက ပြောကြားခဲ့သည်။

WFP ၏ စားနပ်ရိက္ခာ ထောက်ပံ့ရေးအစီအစဉ်တွင် အာဟာရချို့တဲ့လျက်ရှိသော ကလေးနှင့်မိခင်တစ်သိန်းကျော်အတွက် အာဟာရဖြည့်စွက်အစာများ ပေးပို့ပေးသွားရန်လည်း စီစဉ်ထားသည်။

ဆီနီဂေါ်နိုင်ငံတွင် စားနပ်ရိက္ခာအတွက် မရေရာအခက်တွေ့နေရသူ ပြည်သူ တစ်သန်းကျော်ရှိကြောင်း WFP ၏ စာရင်းများတွင် ဖော်ပြထားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

လန်ဒန် ဧပြီ ၂၈

လွန်ခဲ့သော နှစ်တစ်ရာအကြာက ရေခဲတောင်နှင့်တိုက်မိကာ နစ်မြုပ်ခဲ့သည့် တိုင်တန်းနစ်သင်္ဘောကြီးမှ ဖျော်ဖြေရေး တီးဝိုင်းအဖွဲ့၏ ခေါင်းဆောင်က သင်္ဘောမနစ်မြုပ်မီ ငါးရက်အလိုတွင် သူ၏မိဘများထံ နောက်ဆုံးရေးသားခဲ့သော ပေးစာတစ်စောင်ကို အွန်လိုင်းလေလံပွဲမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၁၅၅၀၀၀ နီးပါးဖြင့် ရောင်းချခဲ့ကြောင်း အင်တာနက်သတင်းတွင် ဧပြီ ၂၇ ရက်က ဖော်ပြသည်။

တိုင်တန်းနစ်သင်္ဘော၏ တီးဝိုင်းအဖွဲ့ခေါင်းဆောင် နောက်ဆုံးရေးခဲ့သော မိဘတို့ထံပေးစာ ဒေါ်လာတစ်သိန်းခွဲကျော်ဖြင့် လေလံတင်ရောင်းချ

ဝယ်ယူ

တိုင်တန်းနစ်သင်္ဘော တီးဝိုင်းအဖွဲ့ခေါင်းဆောင် ဝဲလ်လေ့စ် ဟာလေး၏ပေးစာကို အမည်မဖော်လိုသည့် အမေရိကန် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီအဖွဲ့တစ်ဖွဲ့က ဝယ်ယူသွားခဲ့ခြင်းဖြစ်သည်။

မြောက်အတ္တလန္တိတ် ရေပြင်တွင် တိုင်တန်းနစ်သင်္ဘောကြီး တဖြည်းဖြည်းချင်း နစ်မြုပ်လျက်ရှိချိန်က ဟာလေး ဦးဆောင်သည့် တီးဝိုင်းအဖွဲ့သည် ခရီးသည်များအတွက် ဂီတဖြင့် စိတ်သက်သာရာရစေရေး ဆက်လက်တီးမှုတ်နေခဲ့ကာ နောက်ဆုံးထွက်သက်အထိ ဖျော်ဖြေပေးခဲ့ကြသည်။

ဖြည့်စွက်ပြောကြား

"အဲဒီအဖြစ်အပျက်ဟာ ရင်နင့်စရာဖြစ်ရပ်ကြီးတစ်ခုလုံးရဲ့ ကြေကွဲဖွယ်ဇာတ်ဝင်ခန်း တစ်ခန်းပါပဲ။ ဟာလေး ရေးတဲ့စာထဲမှာလည်း သူ့မိဘများနဲ့ တွေ့ဖို့ရောက်လာပါမယ်ဆိုပြီး ရေးထားတာလည်းပါပါတယ်"ဟု လေလံပွဲကျင်းပခဲ့ရာ နယူးဟမ်ရှိုင်းယား အခြေစိုက် RR လေလံရုံးမှ အကြီးတန်းအရာရှိတစ်ဦးက ဟာလေး၏ စာနှင့်ပတ်သက်ပြီး ဖြည့်စွက်ပြောကြားခဲ့သည်။

ရေးသားပေးပို့

၁၉၁၂ ခုနှစ် ဧပြီ ၁၁ ရက်က အိုင်ယာလန်နိုင်ငံ ကွင်းစတုန်းပြည်နယ်တွင် သင်္ဘောရပ်နားထားစဉ် ဟာလေးက သူ၏စာကို ရေးသားပေးပို့ခဲ့ခြင်းဖြစ်သည်။

၁၉၁၂ ခုနှစ် ဧပြီ ၁၅ ရက်တွင် ရေခဲတောင်နှင့်တိုက်မိကာ တိုင်တန်းနစ်သင်္ဘောကြီး နစ်မြုပ်ခဲ့ပြီး အသက်ပေါင်း ၁၅၁၇ ဦးအထိ ဆုံးရှုံးခဲ့သည်။

အမ်အင်န်အေ၊ ရိုက်တာ

ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွား

ကရာချိ ဧပြီ ၂၈

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆင်းပြည်နယ်တွင် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အနည်းဆုံး ၁၀ ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိသွားသည်ဟု အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ **(ယာပုံ)**

ပွဲချင်းပြီး

ပြည်နယ်မြို့တော် ကရာချိမှ လိုင်ယာရီအရပ်တွင် အမည်မသိ လက်နက်ကိုင်များက အာဏာရပါကစ္စတန်ပြည်သူ့ပါတီ(ပီပီပီ)၏ဒေသဆိုင်ရာခေါင်းဆောင် မာလစ်မိုဟာမက်ခန်ကို ဧပြီ ၂၇ ရက်က ပစ်သတ်လိုက်ကြောင်း လုံခြုံရေးအရာရှိများက ပြောကြားသည်။ ပီပီပီခေါင်းဆောင် မာလစ်မိုဟာမက်ခန်မှာ နေရာ၌ပင် ပွဲချင်းပြီး သေဆုံးသွားသည်။

အကြမ်းဖက်သမားများသည် ယင်းသို့လုပ်ကြံသတ်ဖြတ်ပြီးနောက် ထိုနေရာမှထွက်ပြေးလွတ်မြောက်သွား၍ ရှာဖွေမတွေ့ရှိသေးကြောင်း သတင်းတွင် ဖော်ပြပါရှိသည်။ **(အင်တာနက်)**

ထန်းတပင်မြို့နယ် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ
တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၈

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့ နံနက်ပိုင်းတွင် ထန်းတပင်မြို့နယ် ပန်တိုင်ကျေးရွာ အနီးရှိ ပန်တိုင်ရေထိန်းတံခါး(၂) စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ရေသွင်း၊ ရေထုတ်မြောင်းမကြီး ဖောက်လုပ်နေမှု၊ ရေထိန်းတံခါး တပ်ဆင်ရန် ကွန်ကရစ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရေခေါ်မြောင်းမကြီး ဖောက်လုပ်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရေထိန်းတံခါးမှာ သံကူကွန်ကရစ် (၆)ပေ×(၆)ပေ(၆)ပေါက် ရေတံခါးဖြစ်၍ ရေထုတ်မြောင်းမကြီး အရှည်ပေ ၉၀၀၊ ရေခေါ်မြောင်းမကြီး အရှည်ပေ ၂၄၀၀ ရှိကာ ၂၀၁၂ခုနှစ် ဇန်နဝါရီ ၁ရက်မှ စတင်တည်ဆောက်ခဲ့ပြီး မေလအတွင်း ပြီးစီးမည် ဖြစ်ကြောင်းနှင့် စီမံကိန်းပြီးစီးပါက ပန်တိုင်ရေထိန်းတံခါးမှ သွင်းယူသည့် ရေများဖြင့် တွံတေးမြို့နယ်၊ ရွှေမယင်းဒေသမြောက်ပိုင်း ကျေးရွာအုပ်စု (၁၀)အုပ်စုတွင် နွေစပါးဧက ၇၀၀၀ ကျော် တိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် မင်္ဂလာရေထိန်းတံခါးကို ကြည့်ရှုစစ်ဆေးပြီး ရေခေါ်မြောင်းအတွင်း ရေစီးရေလာ ကောင်းမွန်ရေး၊ ဒိုက်၊ အမှိုက်များ ကင်းရှင်းစေရေးနှင့် ရေထိန်းတံခါး ကြံ့ခိုင်ရေးတို့ကို မှာကြားသည်။

ထို့နောက် တွံတေးမြို့နယ် မြောင်းတလုပ်ကျေးရွာ ရေလွှဲပေါက်သို့ ရောက်ရှိပြီး မင်္ဂလာရေတံခါး ရေသွင်းမြောင်းမှ ရေရောက်ရှိမှု၊ နွေစပါး စိုက်ပျိုးပြီးစီးမှုနှင့် ခတ္တိယ-မြောင်းတလုပ် တာဖြတ်နေရာတွင် ရေထိန်းအဆောက်အအုံ တည်ဆောက်ပေးရန် လိုအပ်မည့်အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ ထန်းတပင်-သီတာအေးလမ်း မိုင်တိုင် (၂/၁)မှ မိုင်တိုင်(၉/၆) အပိုင်းတွင် ကတ္တရာလမ်းသား မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ထန်းတပင်မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး တိုင်းဒေသကြီးအထူးဆေးကုသရေးအဖွဲ့က ဆေးကုသမှုပေးနေသော လူနာများကို အားပေးစကားပြောကြား၍ ထောက်ပံ့ငွေများ ပေးအပ်ကာ ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အထူးကုဆရာဝန်ကြီးများ၏ ထန်းတပင်မြို့နယ်သို့ ကွင်းဆင်းဆေးကုသနေမှုကို ကြည့်ရှုအားပေးပြီး ထန်းတပင်မြို့ ကျွန်းငူဆိပ်ကမ်း ကမ်းထိန်းရေကာတာ တည်ဆောက်မည့်နေရာနှင့် မြစ်ကမ်းထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ထန်းတပင်မြို့နယ် ပန်တိုင်ကျေးရွာ ပန်တိုင်ရေထိန်းတံခါး (၂) စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဟေမဝန်ဈေး ဇွန်လကုန်အပြီး ဆောက်လုပ်နေ

ရန်ကုန် ဧပြီ ၂၈

ဧပြီ ၁၀ ရက် နံနက်အစောပိုင်းက မီးလောင်ကျွမ်းခဲ့သည့် တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက်ရှိ ဟေမဝန်ဈေးကြီးအား ဇွန်လကုန်ပိုင်းအတွင်း မိမိတို့ဆိုင်ခန်းနေရာများတွင် ပြန်လည်ရောင်းချနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

"မီးသင့်တာက အားလုံးပေါင်း ၈၉၃ ခန်းပါသွားတာ။ ကျန်တဲ့ဆိုင်တွေကတော့ ပြန်ဖွင့်တဲ့ဆိုင်ကလည်း ပြန်ဖွင့်တယ်။ တချို့ကျတော့လည်း မီးထဲမပါပေမယ့် ဆိုင်နားထားပြီး ပြန်ပြင်ကြတာလည်းရှိတယ်။ လက်ရှိမှာ ဆိုင်ခန်း ၁၀၀ လောက်ကတော့ ပြန်ဖွင့်နေပြီ။ မီးသင့်တဲ့ ဆိုင်ခန်းပိုင်ရှင်တွေက အခန်းတွေပြန်ဆောက်တာမပြီးမချင်း အခြားအခန်းတွေမှာ အငှားဖွင့်ခွင့်ပေးထားပြီး မီးခွန်တွေ၊ ဆိုင်ခွန်တွေ စတဲ့ အခွန်တွေကို မကောက်ပါဘူး။ မီးမသင့်တဲ့ဆိုင်တွေကတော့ ကျသင့်တဲ့အခွန်တွေ ပုံမှန်အတိုင်း ပေးဆောင်ရမယ်လို့ သတ်မှတ်ထားပါတယ်။ ဆိုင်ခန်းရှင်တွေအများစုက မူလဆိုင်ခန်းအကျယ်အဝန်းအတိုင်း ပြန်ဆောက်ဖို့ အားသန်တဲ့အတွက် မူလအတိုင်းနဲ့ အချို့ဆိုင်တွေကညှိပြီး ဆိုင်ခန်းအကျယ်အဝန်းကို အခြားဈေးတွေနည်းတူ အနည်းငယ်ကျယ်အောင် ဆောက်လိုသူတွေလည်းရှိတယ်။ ဒါတွေကိုတော့ ဈေးတာဝန်ခံနဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တာဝန်ရှိသူတွေ၊ ဈေးသူဈေးသားတွေ ညှိနှိုင်းပြီး ဆောင်ရွက်နေကြပါတယ်။

ဇွန်လကုန်ပိုင်းလောက်မှာ အခန်းရှင်တွေဆီ ဆိုင်ခန်းတွေ ပြန်လည်အပ်နှံနိုင်မယ်လို့ အကြမ်းဖျင်း သတ်မှတ်ထားပါတယ်"ဟု ဈေးတာဝန်ခံ ဦးခင်မောင်ဝင်းထံမှ သိရှိရသည်။

အဆိုပါ ဟေမဝန်ဈေးကြီး ပြန်လည်တည်ဆောက်မှုလုပ်ငန်းများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဘတ်ဂျက်ဖြင့် အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရန် တည်ဆောက်လျက်ရှိပြီး အဆိုပါဈေးကြီး၌ ဆိုင်ခန်းပေါင်း နှစ်ထောင်နီးပါးခန့်ရှိပြီး ယခုလောင်ကျွမ်းမှုအပါအဝင် မီးလောင်ကျွမ်းမှု သုံးကြိမ်ခန့်ဖြစ်ပွားခဲ့ပြီး ယခုအကြိမ်မှာ ဆုံးရှုံးမှုအများဆုံးဖြစ်ကာ ဆိုင်ခန်းပေါင်းတစ်ဝက်နီးပါးခန့် လောင်ကျွမ်းခဲ့ကြောင်း သိရှိရသည်။

(ခင်ရတနာ)

အထက်ပိုင်းဒေသများတွင် နေ့အပူချိန်များလျော့နည်းနိုင်

နေပြည်တော် ဧပြီ ၂၈

ယနေ့နံနက် ၉ နာရီခွဲမိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန် ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်ဆက်လက်လျော့နည်းနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ် (၂) ရပ်ကွက် ဗုဒ္ဓဘာသာ သာသနာ့နုဂ္ဂဟအသင်းက ကြီးမှူးကျင်းပသည့် အသံမစဲ ပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၃ ရက်က ကျင်းပရာ မြို့နယ်သာသနာ့နုဂ္ဂဟအသင်း ဒုတိယဥက္ကဋ္ဌ ဦးဆွေဝင်းနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အဖွဲ့ဝင်များ ဖွင့်လှစ်ပေးစဉ်။ (မြန်မာ့အလင်း)

ဧပြီ ၁၀ ရက်က ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ကြက်ခြေနီအသင်းရုံးသစ် ဖွင့်ပွဲကျင်းပရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာသာလှရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှငွေ၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးခင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြန်မာ့အလင်း)

အရေးပေါ်လူနာတင်ယာဉ်ပို့ဆောင်ရေး ဖောင်ဒေးရှင်းဖြစ်မြောက်ရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဧပြီ ၂၈

မြန်မာနိုင်ငံဆရာဝန်အသင်း အရေးပေါ်လူနာတင်ယာဉ်ပို့ဆောင်ရေးဖောင်ဒေးရှင်းဖြစ်မြောက်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာကျော်မြင့်နိုင်က ဖောင်ဒေးရှင်းဖွဲ့စည်းရခြင်း ရည်ရွယ်ချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြသည်။

အဆိုပါဖောင်ဒေးရှင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံဆရာဝန်အသင်း၏ ဦးဆောင်မှုဖြင့် အရေးပေါ်လူနာတင်ယာဉ်ပို့ဆောင်ရေးဖောင်ဒေးရှင်းတစ်ရပ် ဖွဲ့စည်းတည်ထောင်၍ အမျိုးသားကျန်းမာရေး စောင့်ရှောက်မှုစနစ်တွင် အစိတ်အပိုင်းတစ်ရပ်အဖြစ် စနစ်တကျပါဝင်ဆောင်ရွက်ရန်နှင့် အရည်အသွေးမြင့်မားသော အရေးပေါ်အသက်ကယ် ပြုစုစောင့်ရှောက်မှုများကို လူနာများခံစားရရှိနိုင်ရေး ဆောင်ရွက်သွားရန်တို့ဖြစ်ပြီး ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း အမှတ်(၂၄၉) ဖုန်း-၀၉-၄၃၁၉၄၇၃၁နှင့် ၀၉-၇၃၀၆၃၈၅၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ ၂၈-၄-၂၀၁၂

မင်းဘူးမြို့	၄၄ ဒီဂရီစင်တီဂရိတ်
ချောက်မြို့	၄၂ ဒီဂရီစင်တီဂရိတ်
မကွေးမြို့	၄၂ ဒီဂရီစင်တီဂရိတ်
တောင်တွင်းကြီးမြို့	၄၂ ဒီဂရီစင်တီဂရိတ်
သာယာဝတီမြို့	၄၂ ဒီဂရီစင်တီဂရိတ်
ဘော်လခဲမြို့	၄၂ ဒီဂရီစင်တီဂရိတ်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၄-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၂၀ MRTV-4 သတင်း
၅:၄၀ **အလှပြင်တဲ့နေ့** တရားတော် (ဆရာတော်အရှင်နန္ဒက)
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၆)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၂၀)
၁၁:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပုံပြောကောင်းတဲ့ချစ်သူ** (အပိုင်း-၂၆)
၂:၀၀ MRTV-4 သတင်း
၃:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၂၀)
၅:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပုံပြောကောင်းတဲ့ချစ်သူ** (အပိုင်း-၂၇)
၆:၀၀ MRTV-4 သတင်း
၆:၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၇)
၁၁:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၂၁)

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၅၅	Chelsea- QPR	(ESPN)
၉:၂၅	Spurs - Blackbrn	(ESPN) (MRTV-4)

● *ကျောဖုံးမှ*

ဂိုးများကို ပွဲချိန် ၇ မိနစ်နှင့် မိနစ် ၄၀ တို့၌ ဂျီလာဗစ် တစ်ဦးတည်း နှစ်ဂိုးသွင်းယူပေးခဲ့သည်။ ပွဲချိန် ၇ မိနစ်၌ သွင်းယူသော ဂျီလာဗစ်၏ ဂိုးမှာ ပယ်နယ်တီမှတစ်ဆင့် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ပွဲချိန် ၁၆ မိနစ်၌ အဲဗာတန်အတွက် ဖယ်လိုင်နီက တစ်ဂိုးသွင်းယူပေးပြီး ၆၁ မိနစ်၌ တင်ကာဟေးက တစ်ဂိုးသွင်းယူခဲ့သဖြင့် စုစုပေါင်း လေးဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ပွဲချိန်ပြည့်သည်အထိ ဖူလ်ဟမ်တို့ ချေပဂိုးမသွင်းနိုင်ခဲ့သဖြင့် လေးဂိုးပြတ်ဖြင့် အဲဗာတန်တို့ နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

အခြားပွဲရလဒ်

ဆန်းဒါးလန်း	၂-၂	ဘော်လ်တန်
ဆွမ်ဆီး	၄-၄	ဝုဗ်
ဝက်စ်ဘရွန်း	၀-၀	ဗီလာ
ဝီဂန်	၄-၀	နယူးကာဆယ်

(အင်တာနက်)

❐ *ကျောဖုံးမှ*

မိသားစုမှာ လေးယောက်ဖြစ်သည်။ မိဘနှစ်ပါး၏ အနီးတွင် ၈ နှစ်အရွယ် သမီးငယ်နှင့် ၇ နှစ်အရွယ် သားငယ်တို့ ရှိနေကြသည်။ မိဘနှစ်ပါးက စည်ပင်သန့်ရှင်းရေးဝန်ထမ်းများဖြစ်ဟန်တူသည်။ စည်ပင်သန့်ရှင်းရေး အစိမ်းရောင်ဝတ်စုံကို ဝတ်ထားသည်။

အဆိုပါ သစ်ပင်ရိပ်တွင် မိသားစုလေးဦး ပန်းကန်တစ်ချပ်စီဖြင့် ထမင်းကို အားပါးတရစားနေသည်ကို လှမ်းတွေ့ရသည်။ အလယ်တွင် ချိုင့်ခွက်အချို့နှင့် ဘေးတွင် ရေဘူးတစ်ဘူးကို တွေ့ရသည်။

မိသားစုလေးဦး တစ်ယောက်မျက်နှာ တစ်ယောက်မကြာခဏကြည့်ရင်း တစ်ခွန်းစ နှစ်ခွန်းစ စကားပြောနေကြသည်ကို တွေ့ရသည်။ မိဘနှစ်ပါး၏ မျက်နှာများတွင် ၎င်းတို့၏ မိသားစုထမင်းဝိုင်းလေးအတွက် ကြည်နူးရိပ်များ တွေ့နေရသည်။ သားသမီးများ ကျောင်းပိတ်ထားသဖြင့် မိဘများနှင့်အတူ လိုက်ပါကူညီရင်း မိသားစုထမင်းဝိုင်းလေးကို သစ်ပင်ရိပ်တွင် ဖန်တီးနေကြခြင်းဖြစ်ဟန်တူသည်။

သူတို့ရှေ့တွင်ချထားသော ဟင်းခွက်များထဲတွင်မူ အထူးပြေးကြည့်စရာမလို၊ အသားဟင်းတစ်ခွက်မှ ပါပါလေစ။ သာမန် အတို့အမြှုပ်၊ ငါးပိရည်တို့ ပါဝင်သည့် သာမန်ဟင်းလျာများဖြင့်သာ ပြီးနေလိမ့်မည်ဟု တွေးကြည့်သော် ရနိုင်လေသည်။

နွေ၏ နေသည် ပူပြင်းလှသော်လည်း သူတို့သည် သစ်ပင်ရိပ်ကြီးတစ်ခုအောက်တွင် မိသားစုထမင်းဝိုင်းတစ်ဝိုင်းကို အေးချမ်းစွာ ဖန်တီးနေကြသည်။ သူတို့သည် မချမ်းသာပါ။ သို့သော် မိသားစုအရသာကိုတော့ ပိုင်ပိုင်ကြီးခံစားနေရသည်။ သူတို့စားသော ထမင်းဝိုင်းတွင် ဟင်းကောင်းများမပါနိုင်ပါ။ သို့သော် သူတို့သည် ထမင်းကို မြိန်ရှက်စွာ စားနိုင်ကြသည်။

သူတို့၏ဘဝသည် အေးချမ်းပါဘိခြင်း. . .။ ထိုသို့ အေးချမ်းသောဘဝကို ရယူပိုင်ဆိုင်နိုင်ခြင်းသည်ကား "ရောင့်ရဲတင်းတိမ်ခြင်း" သည် အခြေခံကျသည် မဟုတ်ပါလား. . .။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)လူမှုဝန်ထမ်းဦးစီးဌာန ကျိုင်းတုံမူလတန်းကြိုကျောင်း၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲနှင့် ပဒေသာကပွဲကို ဧပြီ ၈ ရက်က ကျိုင်းတုံမြို့ စည်ပင်သာယာခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်လွင်နွယ် လက်မှတ်ပေးအပ်ချီးမြှင့်စဉ်။ (လူမှုဝန်ထမ်း)

ကိုသစ္စာ - စုစည်းသည်

ကမ္ဘာ့အလှမယ် ကိုလ်မီနာရက်စ် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ရုပ်ရှင်ရိုက်ကူးရန်ရောက်ရှိ

ဂျကာတာ မေ ၂၈

၂၀၁၁ ခုနှစ် ကမ္ဘာ့အလှမယ်ဘွဲ့ရရှိထားတဲ့ ဗင်နီဇွဲလားနိုင်ငံသူ အသက် ၂၂ နှစ်အရွယ်ရှိ အိုင်ဗင်လူနာဆိုလ်ဆာကို့စ် ကိုလ်မီနာရက်စ်ဟာ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းအပန်းဖြေစခန်းကို မေ ၂၇ ရက်က အလည်အပတ်ခရီး ရောက်ရှိလာပါတယ်။

ရောက်ရှိ

သူမဟာ ဘာလီကျွန်းကို ပထမဆုံးအကြိမ်ရောက်ရှိလာတာဖြစ်ပြီး ရုပ်ရှင်နဲ့ ကြော်ငြာရိုက်ကူးဖို့ အစီအစဉ်တွေလည်းပါရှိသလို အင်ဒိုနီးရှားမယ် ရွေးချယ်ပွဲကို တက်ရောက်ဖို့အတွက်လည်း ရောက်ရှိလာတာဖြစ်ပါတယ်။

ကမ္ဘာ့အလှမယ် ကိုလ်မီနာရက်စ် **(ဝဲပုံ)**ဟာ ဘာလီကျွန်း အုပ်ချုပ်ရေးမှူးရဲ့ ညှော်ဂေဟာမှာတည်းခိုပြီး ၂၀၁၁ခုနှစ် အင်ဒိုနီးရှားအလှမယ် အက်စထရစ် အီလီနာ၊ အင်ဒိုနီးရှားအလှမယ်ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ လီလီရာနာတို့နဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်လျက်ရှိပါတယ်။

ယခုခရီးစဉ်မှာ ကမ္ဘာ့အလှမယ် ကိုလ်မီနာရက်စ်ဟာ ကမ္ဘာ့အလှမယ်ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဂျူလီရာမိုရာလေနှင့် အတူလိုက်ပါလာတာဖြစ်ပါတယ်။ ဘာလီကျွန်း ဒီဗင်မြို့မှာကျင်းပမယ့် ဖက်ရှင်ပြပွဲကိုလည်း တက်ရောက်မှာဖြစ်ပါတယ်။ ဒီဖက်ရှင်ပွဲဟာ အင်ဒိုနီးရှားရိုးရာဓလေ့ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုကို ပြသတဲ့ပွဲလည်း ဖြစ်ပါတယ်။

ဘာလီကျွန်း ကင်ကာနာဥယျာဉ်ကိုလည်း သွားရောက်လေ့လာမှာဖြစ်ပါတယ်။ ကမ္ဘာ့အလှမယ် ကိုလ်မီနာရက်စ်ဟာ ဟောလိဝုဒ်ရုပ်ရှင်ကုမ္ပဏီဖြစ်တဲ့ ယူနီဗာဆယ်နဲ့လည်း ဇာတ်ကားရိုက်ကူးဖို့ ဘာလီကျွန်းမှာ စီစဉ်ထားပါတယ်။ အဲဒီဇာတ်ကားမှာ ကိုလ်မီနာရက်စ်ဟာ ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်ရမှာဖြစ်ပါတယ်။ ဘာလီကျွန်းရဲ့ သာယာလှပတဲ့ ရှုခင်းတွေကိုပါဝင်အောင် ရိုက်ကူးဖို့စီစဉ်ထားပါတယ်။

ဒါ့အပြင် ဘာလီကျွန်းမှာရှိတဲ့ ပရိသတ်တွေနဲ့လည်း မေ ၂၆ ရက်ညက တွေ့ဆုံပွဲပြုလုပ်ခဲ့ပြီး မေ ၂၈ ရက်တွင် ဂျကာတာမြို့ကို သွားရောက်မှာဖြစ်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှာ မေ ၂၈ ရက်တွင် ကျင်းပမယ့် ၂၀၁၂ ခုနှစ် အင်ဒိုနီးရှား အလှမယ်ရွေးချယ်ပွဲကို တက်ရောက်မှာဖြစ်ပါတယ်။ **(အင်တာနက်)**

တောင်ကိုရီးယားရုပ်ရှင်မင်းသား လီဗြောင်ဟွန်း ဟောလိဝုဒ်မင်းသားဘရုစ်ဝီလီနှင့် ဇာတ်ကားသစ်ရိုက်မည်

ဆိုးလ် မေ ၂၈

တောင်ကိုရီးယားရုပ်ရှင်မင်းသားလီဗြောင်ဟွန်းနှင့် ဟောလိဝုဒ်ရုပ်ရှင်မင်းသား ဘရုစ်ဝီလီတို့သည် The Rock အမည်ရှိ အက်ရှင်ဇာတ်ကားသစ်တစ်ကားကို ရိုက်ကူးရန်စီစဉ်နေကြောင်း မေ ၂၇ ရက်က သတင်းထုတ်ပြန်သည်။

ယင်းဇာတ်ကားကို ဒါရိုက်တာ ဂျွန်အမ်ချူကရိုက်ကူးမည်ဖြစ်ပြီး လာမည့် ၂၀၁၃ ခုနှစ် နှစ်ဆန်းတွင်အပြီးရိုက်ကူးရန် စီစဉ်ထားသည်။ ယင်းဇာတ်ကား၌ အမေရိကန်ရောက် ကိုရီးယားလူငယ်တစ်ဦး၏ တွေ့ကြုံရင်ဆိုင်ရသောဖြစ်ရပ်များကို အက်ရှင်ဇာတ်ဝင်ခန်းများဖြင့် ရိုက်ကူးထားခြင်းဖြစ်သည်။

ရုပ်ရှင်မင်းသားလီဗြောင်ဟွန်း **(အပေါ်ပုံ)**သည် ၂၀၀၉ ခုနှစ်ကရိုက်ကူးခဲ့သော The Rise of Cobra ဇာတ်ကားကိုအခြေခံထားသည့် ဇာတ်ကားသစ်တစ်ကားဖြစ်သော G. Jone; Retaliation အမည်ရှိဇာတ်ကားကိုလည်း တောင်ကိုရီးယား၌ လာမည့်ဇွန် ၂၁ ရက်တွင် စတင်ပြသတော့မည်ဖြစ်သည်။

တောင်ကိုရီးယားရုပ်ရှင်မင်းသား၊ မင်းသမီးများသည် နိုင်ငံတွင်းသာမက ဟောလိဝုဒ်၌လည်း အရည်အချင်းရှိစွာ သရုပ်ဆောင်နိုင်ကြောင်း၊ နာမည်ကျော် ဟောလိဝုဒ်ရုပ်ရှင်မင်းသား၊ မင်းသမီးများနှင့် တွဲဖက်သရုပ်ဆောင်နိုင်ကြောင်းကို ပြသလို၍ဖြစ်ကြောင်း ဆိုးလ်မြို့တောင်ပိုင်းရှိ မီဒီယာစင်တာတစ်ခု၌ သတင်းထောက်များအား တွေ့ဆုံပြောကြားခဲ့သည်။

ယခုအခါရုပ်ရှင်မင်းသား လီဗြောင်ဟွန်းသည် ဟောလိဝုဒ်တွင် ရိုက်ကူးမည့် ရုပ်ရှင်ကားသစ်အတွက် အင်္ဂလိပ်စကားပြောများကို ပြောဆိုလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။ လောလောဆယ်တွင် လီဗြောင်ဟွန်းပါဝင်သရုပ်ဆောင်ထားသည့် King of Joseon အမည်ရှိ ဒရာမာဇာတ်လမ်းတွဲကို တောင်ကိုရီးယား၌ ပြသလျက်ရှိသည်။ **(အင်တာနက်)**

ဟောင်ကောင်ရုပ်ရှင်မင်းသား အင်ဒီလူပါဝင်သည့် Iron Man 3 ဇာတ်ကားပြသမည်

ပေကျင်း မေ ၂၉

*ဟောင်ကောင်ရုပ်ရှင်မင်းသား အင်ဒီလူ (ယာပုံ) ပါဝင်သရုပ်ဆောင်မည့် **Iron Man 3** ရုပ်ရှင်ကားကို တရုတ်နိုင်ငံတစ်ဝန်း၌ မကြာမီ ထုတ်လွှင့်ပြသတော့မည်ဖြစ်ကြောင်း တရုတ်ရုပ်ရှင်ကုမ္ပဏီတစ်ခုဖြစ်သည့် ဒီအမ်ဂျီက မေ ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။*

*ယင်းရုပ်ရှင်ကားကို ဟောလိဝုဒ်ရုပ်ရှင်ကုမ္ပဏီတစ်ခုဖြစ်သည့် ဝေါဒစ္စနေနှင့် တရုတ်နိုင်ငံ ပေကျင်းမြို့အခြေစိုက်ဒီအမ်ဂျီရုပ်ရှင်ကုမ္ပဏီတို့ကပူးတွဲထုတ်လုပ်ထားခြင်းဖြစ်သည်။ ယခုရုပ်ရှင်ကား၌ ဟောင်ကောင်ရုပ်ရှင်မင်းသားအင်ဒီလူနှင့် လိုက်ဖက်ညီမှုကြောင့် သရုပ်ဆောင်ရိုက်ကူးစေခဲ့ခြင်းဖြစ်သည်။ ရုပ်ရှင်မင်းသားအင်ဒီလူသည် ယခင်က **The Mandarin** ဇာတ်ကား၌ အောင်မြင်စွာသရုပ်ဆောင်နိုင်ခဲ့ပြီး လူကြိုက်များခဲ့ရာ ယခု **Iron Man 3** ဇာတ်ကား၌လည်း ပရိသတ်များနှစ်သက်အားပေးကြမည်ဟု မျှော်လင့်လျက်ရှိသည်။**Iron Man 3** ဇာတ်ကားမှာ တရုတ်နှင့် အမေရိကန်တို့ကပူးတွဲပြီး အကြမ်းဖက်ဂိုဏ်းတစ်ဂိုဏ်းအား ဖြိုခွင်းနှိမ်နင်းသည့် ဇာတ်လမ်းဖြစ်သည်။ ယင်းဇာတ်ကား၌ ရုပ်ရှင်မင်းသား အင်ဒီလူသည် တရုတ်နည်းပညာရှင်အနမှ ကိုယ်စားလှယ်သိပ္ပံပညာရှင်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားခြင်းဖြစ်သည်။*

(အင်တာနက်)

ကောင်းမြတ်သူ - စုစည်းသည်

အဆိုတော်ဘီယွန်ဆေးအား ကမ္ဘာ့အလှပဆုံးအမျိုးသမီးဆုပေး

နယူးယောက် မေ ၂၈

ဂရမ်မီဆုရအဆိုတော်လည်းဖြစ် ကလေးမိခင်လည်းဖြစ်တဲ့ ဘီယွန်ဆေးကို ပီးပဲမဂ္ဂဇင်းက ၂၀၁၂ ခုနှစ်အတွက် ကမ္ဘာ့အလှပဆုံးအမျိုးသမီးအဖြစ် မေ ၂၆ ရက်က ရွေးချယ်လိုက်ပါတယ်။ **(အပေါ်ပုံ)**

အသက် ၃၀အရွယ်ရှိတဲ့ အဆိုတော်ဘီယွန်ဆေးက ခင်ပွန်းဖြစ်သူ Rapper အဆိုတော် Jay-Z အတွက် ပြီးခဲ့တဲ့ ဇန်နဝါရီလတုန်းက နယူးယောက်မြို့မှာ သမီးလေးမွေးဖွားပေးခဲ့ပြီး ဝမ်းသာမဆုံးဖြစ်ခဲ့ပြီးတဲ့နောက် ပီးပဲမဂ္ဂဇင်းက ကမ္ဘာ့အလှပဆုံးအမျိုးသမီးဆုပေးဖို့ ဆုံးဖြတ်လိုက်တယ်လို့ ဆိုပါတယ်။

သူတို့ဇနီးမောင်နှံဟာ သမီးလေးရဲ့နာမည်ကိုတော့ ဘလူးအိုင်ဗီကာတာလို့ အမည်ပေးခဲ့တယ်လို့ဆိုပါတယ်။

“ကလေးမွေးထားတဲ့ အမျိုးသမီးတစ်ဦးကို ကမ္ဘာ့အလှပဆုံးဆု ချီးမြှင့်ပေးတဲ့အတွက် အလွန်ဝမ်းသာကြည်နူးမိပါတယ်”လို့ ဘီယွန်ဆေးက ပီးပဲမဂ္ဂဇင်းကိုပြောပါတယ်။

အဆိုတော်ဘီယွန်ဆေးကို ဒီဆုပေးဖို့ အခြားသော ကမ္ဘာကျော်အမျိုးသမီးတွေဖြစ်တဲ့ ဂျူလီယာရောဘတ်၊ နီကိုးလ်ကစ်မန်း၊ ဟာလီဘယ်ရီ၊ ဂျင်နီဖာအင်နီစတန်၊ အိန်ဂျယ်လီနာဂျိုလီ၊ ပြီးခဲ့သည့်နှစ်ဆုရသူ ဂျင်နီဖာလိုပက်ဇ်တို့နဲ့အတူ ပီးပဲမဂ္ဂဇင်းက ယှဉ်ပြိုင်ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ ဒီအလှပဆုံးအမျိုးသမီးဆုပေးပွဲကိုတော့ လာမယ့်လမှာ နယူးဂျာစီပြည်နယ် အတ္တလန္တာစီးတီး၌ ကျင်းပမှာဖြစ်ပါတယ်။ **(အင်တာနက်)**

စေ့စပ်ထားသူ ဂျက်ဆင်ထရာဝစ် ဘရစ်တနေစပီးယား၏ အုပ်ထိန်းသူတစ်ဦးဖြစ်လာ

လော့စ်အိန်ဂျလိစ် မေ ၂၈

အဆိုတော်ဘရစ်တနေစပီးယားနဲ့ စေ့စပ်ထားသူအား သူမကိုပူးတွဲအုပ်ထိန်းသူအဖြစ် လော့စ်အိန်ဂျလိစ်မြို့ တရားရုံးမှာစီရင်ချက်ချလိုက်ပါတယ်။

တရားရုံးချုပ်တရားသူကြီး ရေဗာဂို့စ်က သဘောတူဆုံးဖြတ်ပေးတဲ့ ဂျက်ဆင်ထရာဝစ်သည် အဆိုတော် ဘရစ်တနေစပီးယားရဲ့ ဖခင်ဂျာမိုင်းနဲ့အတူ ဘရစ်တနေစပီးယားအား ပူးတွဲအုပ်ထိန်းသူ ဖြစ်လာခဲ့ပါတယ်။

ဘရစ်တနေစပီးယားနဲ့ သူ့ချစ်သူဂျက်ဆင်ထရာဝစ်တို့ဟာ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလတုန်းက စေ့စပ်ခဲ့ပြီးတဲ့နောက် စပီးယားကသူ့ကို အုပ်ထိန်းသူအဖြစ် လုပ်ပေးနိုင်မလားလို့ မေးမြန်းခဲ့တယ်လို့ ဆိုပါတယ်။ **(ယာပုံ)**

သူမဟာ လော့စ်အိန်ဂျလိစ်မြို့ တရားရုံးတစ်ရုံးမှာ ဗုဒ္ဓဟူးနေ့ကပြုလုပ်တဲ့ ကြားနာစစ်ဆေးမှုမှာ တက်ရောက်ခဲ့ခြင်းမရှိပါဘူး။ သို့သော်လည်း ထရာဝစ်ကတော့ ဒီကြားနာစစ်ဆေးမှုမှာ တက်ရောက်ခဲ့တယ်လို့ဆိုပါတယ်။ ထရာဝစ်ဟာ အဆိုတော် ဘရစ်တနေစပီးယားရဲ့ မန်နေဂျာဟောင်းလည်းဖြစ်ပါတယ်။

အသက် ၃၀ အရွယ်ရှိတဲ့ အဆိုတော် ဘရစ်တနေစပီးယားဟာ ဂရမ်မီဆုရ အဆိုတော်တစ်ဦးလည်းဖြစ်ပါတယ်။ သူမရဲ့ပိုင်ဆိုင်မှုပစ္စည်းများနဲ့ ပတ်သက်ပြီး အငြင်းအခုံဖြစ်ပွားခဲ့ပြီးနောက် လေးနှစ်အကြာမှာ သူမရဲ့ပိုင်ဆိုင်မှုတွေနဲ့ သူမကိုစောင့်ရှောက်ဖို့ တရားရုံးသို့ လျှောက်ထားခဲ့တယ်လို့ဆိုပါတယ်။ ထရာဝစ်ဟာ ဘရစ်တနေစပီးယားအား တရားဝင်အုပ်ထိန်းသူဖြစ်လာတဲ့အတွက် သူမရဲ့ငွေကြေးပိုင်ဆိုင်မှုကလွဲလို့ အခြားကိစ္စ အတော်များများမှာ စီမံလုပ်ပိုင်ခွင့် ရရှိသွားပြီဖြစ်ပါတယ်။ **(အင်တာနက်)**

အချစ်အတွက် အလုပ်များနေတယ်ဆိုတဲ့ အဆိုတော်ချယ်ရီကိုးလ်

လန်ဒန် မေ ၂၈

အဆိုတော်ချယ်ရီကိုးလ်ဟာ နာမည်ကျော်အဆိုတော်တစ်ဦးဖြစ်ပါတယ်။ ယခုတလော အလုပ်တွေ သိပ်များနေတယ်လို့ အဆိုတော်ချယ်ရီကိုးလ် (ဝဲပုံ)က ပြောပါတယ်။

“တစ်နေ့တစ်နေ့ ကျွန်မမှာ အားရတယ်မရှိပါဘူး။ များရတဲ့အကြောင်းကလည်း ဘဝနဲ့ဆိုင်ပါတယ်။ ဘဝတစ်လျှောက်လုံး လက်တွဲသွားရမယ့်သူနဲ့ အရေးတကြီးကိစ္စတွေ ဆွေးနွေးနေရလို့ အချိန်မရတာပါ”လို့ အဆိုတော်ချယ်ရီကိုးလ်က ပြောပါတယ်။

ဒီရက်ပိုင်းအတွင်းမှာ ဘာကိုမှစိတ်လည်းမဝင်စားပါဘူး။ တစ်စုံတစ်ဦးက ကျွန်မနာမည်ကို ခေါ်နေတာတောင် ပြန်မထူးနိုင်လောက်အောင် အလုပ်များနေတယ်လို့လည်း သူမကဆိုပါတယ်။ အသက် ၂၈ နှစ်ရှိတဲ့ အဆိုတော်ချယ်ရီကိုးလ်ဟာ အရက်သောက်တာကို အလွန်မုန်းတယ်လို့ သိရပါတယ်။ သူအရက်မုန်းသလို သူ့ချစ်သူကိုလည်း အရက်သောက်တာ တားမြစ်လေ့ရှိတယ်လို့ ဆိုပါတယ်။ ချယ်ရီကိုးလ်က အရက်သောက်တာကို မုန်းတယ်လို့ဆိုပေမယ့် ကိုယ်တိုင်တော့ ဝိုင်နည်းနည်းသောက်တယ်လို့ သိရပါတယ်။ ဝိုင်ဟာ အမျိုးသမီးတွေအတွက် ဆေးဖြစ်တဲ့အတွက် သောက်ရတာလို့ သူမကဆိုပါတယ်။ ဒါ့အပြင် သူမက ချောကလက်နဲ့ ငှက်ပျောသီးကိတ်မုန့်တွေကိုလည်း အလွန်ကြိုက်တယ်လို့ ဆိုပါတယ်။ အဆိုတော် ချယ်ရီကိုးလ်ဟာ ချယ်လ်ဆီးကစားသမား အက်ရှ်လေကိုးလ်ရဲ့ ဇနီးဟောင်းဖြစ်ခဲ့ပါတယ်။ ဒီနောက်မှာ သူမဟာ ချယ်လ်ဆီး နောက်တန်းလူ ဂျွန်တယ်ရီနဲ့လည်း ဇာတ်လမ်းတွေရှိခဲ့တယ်လို့သိရပါတယ်။

(အင်တာနက်)

မန္တလေးတိုင်းဒေသကြီးရှိ ဓာတ်အားခွဲရုံများ
ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၈

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်ရှိ ၁၃၂ ကေဗွီ အင်းကုန်းပင်မဓာတ်အားခွဲရုံသို့ရောက်ရှိပြီး ခွဲရုံ Control Room နှင့် Switch Yard အတွင်း ကြည့်ရှုစစ်ဆေးကာ ခွဲရုံအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

ဆက်လက်၍ ၂၃၀ ကေဗွီ ဘဲလင်းပင်မဓာတ်အားခွဲရုံသို့ သွားရောက်ပြီး ဝန်ထမ်းများအား တွေ့ဆုံကာ Control Room နှင့် Switch Yard အတွင်း ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စု ဝန်ကြီးသည် အင်းကုန်းပင်မ ဓာတ်အားခွဲရုံနှင့် ဘဲလင်းပင်မဓာတ်အားခွဲရုံရှိ ဝန်ထမ်းများနှင့်တွေ့ဆုံစဉ် လက်ရှိအချိန်ကာလ၌ လျှပ်စစ်ဓာတ်အား သုံးစွဲမှုများပြားလာခြင်းတို့ကြောင့် ဓာတ်အားလုံလောက်မှုမရှိ၍ ရရှိသည့်ဓာတ်အားကို ပြည်သူလူထုအား ဦးစားပေးဖြန့်ဖြူးပေးလျက်ရှိရာ ဓာတ်အားထိန်းသိမ်းမောင်းနှင်ရသည့် ခွဲရုံဝန်ထမ်းများအနေဖြင့် ညွှန်ကြားချက်များကို တိကျမှန်ကန်စွာ လိုက်နာလုပ်ဆောင်ပြီး ဓာတ်အားဖြန့်ဖြူးရန်လိုအပ်ကြောင်း၊ ထို့ပြင် မိမိကိုင်တွယ်အသုံးပြုရသည့် ခွဲရုံပစ္စည်းများ ပျက်စီးဆုံးရှုံးမှုကြောင့် ဓာတ်အားပြတ်တောက်မှုမရှိစေရေး ပစ္စည်းများအားကျွမ်းကျင်ပိုင်နိုင်စွာ ဂရုပြုကိုင်တွယ်လုပ်ဆောင်ရန်၊ ပြင်ဆင်လဲလှယ်ရန်လိုအပ်သည့် ပစ္စည်းများအား အချိန်နှင့်တစ်ပြေးညီ ကြိုတင်ပြုပြင် လဲလှယ်သွားရန်နှင့် ပြည်သူလူထုထံ စနစ်တကျ ထိရောက်စွာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ခွဲရုံဝန်ထမ်းများနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး ဝန်ထမ်းများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧပြီ ၂၈ ရက်က ချက်ထရီယံ ဟိုတယ်၌ ကျင်းပသည့် ဥရောပနေ့ အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်အား ဥရောပ သမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာ အကြီးအကဲ H.E.Mrs Catherine Ashton ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကေအိုင်အေအဖွဲ့က နယ်ခြားစောင့်တပ်ရင်းဌာနချုပ်အား ဝင်ရောက်တိုက်ခိုက်

နေပြည်တော် ဧပြီ ၂၈

ကေအိုင်အေလက်နက်ကိုင်အဖွဲ့ တပ်မဟာ (၁) အင်အား (၂၀၀) ခန့်သည် ဧပြီ ၂၇ ရက်မှစတင်၍ ဝါရှားပါနယ်မြေမှတစ်ဆင့် မေခမြစ်အားဖြတ်ကူး၍ ချီဖွေဒေသ၌ လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် အေးရှားဝေါလ်ကုမ္ပဏီပိုင် မော်တော်ယာဉ်များကို အဓမ္မယူဆောင်စီးနင်းလျက် ချီဖွေမြို့နယ်၊ ရှုပုတ်ချောင်းတံတားအား ဖြတ်ကျော်ကာ တံတားကို ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း၊ အဆိုပါ သောင်းကျန်းသူများသည် ယနေ့နံနက်ပိုင်းတွင် လုပီကျေးရွာရှိ နယ်ခြားစောင့်တပ်ရင်းအား မြောက်ဘက်မှဝင်ရောက်၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်စီးနင်းခဲ့ရာ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များမှ ရှုပ်ရှုပ်ချွံချွံ ခုခံတိုက်ခိုက်နိုင်ခဲ့ကြောင်း၊ တပ်ရင်းဌာနချုပ်တွင် မှီခိုနေထိုင်ကြသော နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ လုံခြုံရေးနှင့် တပ်ဖွဲ့ဝင်များအား လိုအပ်သည့် ကူညီမှုပြုနိုင်ရန်အတွက် တပ်မတော်စစ်ကြောင်းများက ထက်ကြပ်လိုက်လံ ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်နှင့် တပ်မတော်၏ သဘောထားအမှန်ကို သိမြင်၍ တောတွင်းလက်နက်ကိုင်အဖွဲ့ များ ဆက်လက်၍အလင်းဝင်ရောက်လျက်ရှိ

နေပြည်တော် ဧပြီ ၂၈

နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးနှင့် ပတ်သက်၍ ဘက်ပေါင်းစုံမှ တိုက်ဖျက်ကာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစိုက်မတ်မတ် ဆောင်ရွက်နေသည့်အချိန်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မဲခေါင်မြစ်ကြောင်းတစ်လျှောက် သွားလာလျက်ရှိသော သင်္ဘောများအား လုယက်စားပြတိုက်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ မူးယစ်ဆေးဝါးလုပ်ငန်းနှင့် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော မူးယစ်တရားခံပြေး စိုင်းနော်ခမ်း၏ အဖွဲ့သည် အဖွဲ့ငယ်များခွဲထွက်ပြီး ထွက်ပြေးလျက်ရှိရာမှ နိုင်ငံတော်၏ စေတနာကို သိမြင်နားလည်လာကာ ဧပြီ ၂၃ရက်တွင် အိုက်ထွန်း ခေါင်းဆောင်သော အင်အားရှစ်ဦးတို့မှ အလင်းဝင်ရောက်ခဲ့ပြီး ဧပြီ ၂၇ ရက်တွင်လည်း အဆိုပါ မူးယစ်တရားခံပြေး စိုင်းနော်ခမ်းအဖွဲ့မှ လောဆန် ဦးစီးအင်အား ၁၂ ဦးသည် လက်နက်မျိုးစုံခြောက်လက်၊ ကျည်မျိုးစုံ ၂၁၀၊ ကျည်အိမ် ရှစ်ခု၊ ဗုံးသီး ၁၀ လုံး၊ ရှေ့ထွက်မိုင်းတစ်လုံးတို့နှင့်အတူ တာချီလိတ်နယ်မြေရှိ မိမိတပ်မတော်တပ်စခန်းသို့ ဆက်သွယ်၍ အလင်းဝင်ရောက်ခဲ့ကြသည်။

အဆိုပါအဖွဲ့အား ယခင်အလင်းဝင်ရောက်ခဲ့ကြသည့် အဖွဲ့များနည်းတူ နယ်မြေခံတပ်မှ တာဝန်ရှိသူများက လှိုက်လှဲစွာ ကြိုဆိုခဲ့ကြပြီး ၎င်းတို့မိသားစုဘဝ လုံခြုံရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အများပြည်သူသိရှိရန် အသိပေး နှိုးဆော်ချက်

ရဲရွာဓာတ်အားပေးစက်ရုံတွင် စက်များအားလုံး ရပ်တန့်၍ 230 kV Switch Yard အတွင်း Silicon Rubber Coating ပြုလုပ်ခြင်းအား (၂၉-၄-၂၀၁၂) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဆောင်ရွက်မည်ဖြစ်ပါ၍ ရဲရွာစက်ရုံ၏ လက်ရှိထုတ်လုပ်မှု ၂၄၀ မဂ္ဂါဝပ်ခန့် လျော့နည်းနေမည်ဖြစ်ပြီး အခြားရေအားလျှပ်စစ်စက်ရုံအသီးသီး၏ လိုက်ပါဖြည့်တင်းထုတ်လုပ်နိုင်မှုနှင့်အညီ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးထားမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါပုံမြို့နယ်ရုံးမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်နှင့် ဝန်ထမ်းများ ဧပြီ ၂၄ ရက်က ဓေယျာသီရိရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ဖွင့်လှစ်ထားသည့် ထာဝရမိတ်ဆွေစာကြည့်တိုက်၌ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ရေရှည်တည်တံ့ ခိုင်မြဲရေးအကြောင်း ဆွေးနွေးကြစဉ်။ (ဝ၅၁)

မြန်မာ့အလင်း ခေတ်အမြင် ခေတ်အတွေး

ညောင်ညိုပင်အောက် ညောင်သီးကောက်

ကိုကျော်

ကျွန်တော်တို့ရွာ မူလတန်းကျောင်း၏ အရှေ့မြောက်ထောင့်တွင် ညောင်ပင်ကြီးတစ်ပင်ရှိပါသည်။ ထိုညောင်ပင်ကြီးသည် ဧရာမ ထီးကြီးကို ဖြန့်ထားသကဲ့သို့ ဖြစ်နေ၏။ နေခြည်မထိုး မိုးပေါက်မယိုနိုင်အောင် အရွက်များက ဖားဖားဝေနေသည်။ ညောင်ပင်ကြီး၏အောက်သို့ ဝင်လိုက်သည်နှင့် အေးမြသွားသည်။ ထိုညောင်ပင်ကြီး၏အောက်တွင် ကျွန်တော်တို့ကလေးအရွယ်က စာသင်ခဲ့ကြရဖူးပါသည်။

ညောင်ပင်ကြီး၏အောက်မှ အရှေ့မြောက်အရပ်သို့ ကြည့်လိုက်လျှင် ညို့ညို့မှိုင်းမှိုင်းပုပ္ပားတောင်ကြီးကို တွေ့မြင်နေရ၏။ ထိုညောင်ပင်ကြီး၏အောက်၌ ကျွန်တော်တို့ကလေးများ ပြေးလွှားခုန်ပေါက် ကစားခဲ့ကြရ၏။ တေးကဗျာများကိုလည်း လွတ်လပ်ပေါ့ပါးစွာ အော်ဟစ်ရွတ်ဆိုခဲ့ကြရ၏။ ဆရာကြီး ဦးသာအေးပြောပြသော ပုံပြင် နိပါတ်တော်များကိုလည်း နားထောင်ခဲ့ကြရ၏။ ဆရာကြီးသင်ကြားပေးသည့် ပညာဗဟုသုတများကိုလည်း နာယူမှတ်သားခဲ့ကြရ၏။ ဆိုရပါမူ အရိပ်ကောင်းလွန်းလှသော ထိုညောင်ပင်ကြီးသည် ကျွန်တော်တို့ကလေးများအတွက် စာသင်ဆောင်ကြီးဖြစ်၍ နေလေတော့၏။

တစ်နေ့တွင် ကျွန်တော်တို့ ပထမတန်းကျောင်းသား ကျောင်းသူများအားလုံးကို ထိုညောင်ပင်ကြီးအောက်သို့ ဆရာကြီးက ခေါ်လာသည်။ ညောင်ပင်ကြီးအောက်သို့ ကျွန်တော်တို့အားလုံးရောက်ရှိနေကြပြီ။

"မင်းတို့အားလုံး လူစုံပြီလား"

ကျွန်တော်တို့ ပထမတန်းကျောင်းသား ကျောင်းသူအားလုံး လူစုံမစုံကို ဆရာကြီးက မေးပါသည်။

"အားလုံးစုံပါပြီ"

လူစုံပြီဖြစ်ကြောင်းကို ကျောင်းသား ကျောင်းသူအားလုံးက အဖြေပေးလိုက်ကြပါသည်။

"လူစုံပြီဆိုရင် မင်းတို့အားလုံးကို ဆရာကြီးခိုင်းစရာရှိတယ်။ ဟောဒီ ညောင်ပင်ကြီးအောက်က ညောင်သီးဆယ်လုံးစီ ကောက်ယူခဲ့ကြစမ်းပါ။ တစ်ယောက်ကို ညောင်သီးဆယ်လုံးစီပဲကောက်ယူခဲ့ရမယ်နော်။ ဆယ်လုံးထက်ပိုလည်း မပိုစေရဘူး၊ လျော့လည်း မလျော့စေရဘူး။ ဆယ်လုံးထက်ပိုပြီး ယူလာတဲ့သူကိုလည်း အပြစ်ပေးမယ်၊ ဆယ်လုံးထက်လျော့ပြီး ယူလာတဲ့သူကိုလည်း အပြစ်ပေးမှာပဲ။ ဆယ်လုံးတိတိကောက်ပြီး ယူလာခဲ့ကြ"

ကျွန်တော်တို့အားလုံး ညောင်ပင်ကြီးအောက်တွင် ကြွေကျနေသော ညောင်သီးများကို ကောက်ယူကြရသည်။ ပါးစပ်ကလည်း တစ်လုံး၊ နှစ်လုံး စသည်ဖြင့်ရေတွက်ပြီး ကောက်ယူကြသည်။ ညောင်သီးကောက်ပြီး ဆရာကြီးထံသွားပြီး ပြကြရသည်။ ညောင်သီးဆယ်လုံး အတိအကျကောက်ယူလာသူများကို ဆရာကြီးက ချီးကျူးသည်။ ဆယ်လုံးထက်လျော့နေသူ၊ ဆယ်လုံးထက်ပိုနေသူများကို ဆရာကြီးက အပြစ်ပေးသည်။ ညောင်သီးဆယ်လုံး အရေအတွက်ကို မှန်ကန်အောင် မရေတွက်နိုင်ကြသောကြောင့် အပြစ်ပေးခြင်းဖြစ်ပါသည်။

ဆရာကြီး၏ အပြစ်ပေးပုံက မထူးသော်လည်း ဆန်းလှပါသည်။ ဘယ်ဘက်လက်က ညာဘက်နားကို ကိုင်၊ ညာဘက်လက်က ဘယ်ဘက်နားကို ကိုင်ပြီး ထိုင်ထဆယ်ခါလုပ်ရသည်။ ထိုင်ထလုပ်နေရစဉ် ပါးစပ်ကလည်း တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်၊ ခုနစ်၊ ရှစ်၊ ကိုး၊ တစ်ဆယ်အထိ ရွတ်ဆိုရေတွက်နေရသည်။ ဆယ်ကြိမ်ဆယ်ခါပြည့်မှ ထိုင်ထရပ်ရသည်။ ဆရာကြီးသည် အပြစ်ပေးနေရင်းမှာပင် ဂဏန်းသင်္ချာအရေအတွက်ကို မှတ်မိအောင် သင်ကြားပေးနေခြင်းဖြစ်ပါသည်။

"မင်းတို့ကောက်ယူလာတဲ့ ညောင်သီးလေးတွေကို အသေအချာကြည့်နော်။ ညောင်ပင်ကြီးကတော့ အကြီးကြီးပဲ။ အသီးတွေကျတော့ သေးသေးငယ်ငယ်လေးတွေ ဖြစ်မနေဘူးလား"၊ "ညောင်သီးလေးတွေက သေးသေးငယ်ငယ်လေးတွေပါ"

ကျွန်တော်တို့က ကောက်ယူလာခဲ့သော ညောင်သီးများကို ကြည့်ပြီး အဖြေပေးလိုက်ကြသည်။ ညောင်ပင်ကြီးမှာ ကြီးမားလွန်းလှသော်လည်း ညောင်သီးများမှာ အလွန်ပင်သေးငယ်လွန်းလှသည်ကို တွေ့မြင်နေကြရသည်။

"ဒါကြောင့် **အပင်မှာကြီး အသီးသေးတဲ့ညောင်** လို့ တို့မြန်မာ့ဆိုရိုးစကားရှိနေခဲ့တာပေါ့။ မှတ်ထားကြနော် **အပင်မှာကြီး အသီးသေးတဲ့ညောင်**။ ဘာတဲ့လဲကွာ"

"အပင်မှာကြီး အသီးသေးတဲ့ညောင်"

ကျွန်တော်တို့အားလုံးက သံပြိုင်ဟစ်အော်အဖြေပေးလိုက်ကြသည်။

"ဟုတ်ပြီ။ အပင်မှာကြီး အသီးသေးတဲ့ ညောင်ဆိုတာကို မှတ်မိပြီဆိုရင် အမြင်မှာတော့ နီးနီးလေးပေါ့ကွာ။ ဒါပေမယ့် ခရီးအတော်ဝေးတယ်။ အဲဒါ ဘာလဲ။ အားလုံးစဉ်းစားပြီး ဖြေကြည့်ကြပါဦး" ဆရာကြီး၏ အမေးကို ကျွန်တော်တို့အားလုံး ရုတ်တရက်မဖြေဆိုနိုင်ဘဲဖြစ်ကြရသည်။

"စဉ်းစားရင် အဖြေပေါ်လာမှာပါကွာ။ စဉ်းစားကြည့်ကြစမ်းပါဦး။ မင်းတို့ ဘေးဘီကို လှမ်းကြည့်ပြီး စဉ်းစားကြည့်ကြပါ။ မင်းတို့မြင်တော့မြင်နေရမယ်။ ဒါပေမယ့် အဝေးကြီးပဲကွ။ အဲဒီလိုဝေးတာ ဘာလဲဆိုတာကို စဉ်းစားပေါ့"

အမေးကို မဖြေနိုင်ဖြစ်နေကြသည့် ကျွန်တော်တို့အား စဉ်းစားလို့ရမည့် လမ်းစပေါ်လာအောင် ဆရာကြီးက လမ်းစဖော်ပေးလိုက်သည်။ ကျွန်တော်တို့အားလုံး ပတ်ဝန်းကျင်ဘေးဘီကို လှမ်းမျှော်ကြည့်ကြသည်။ အတန်ငယ်ကြာလာသည့်အခါ ကျွန်တော့်တွင် အသိတစ်ခုနိုးလာသည်။

"ပုပ္ပားတောင်ပါ ဆရာကြီး"

ညောင်ပင်ကြီးအောက်ကနေ အရှေ့မြောက်တည့်တည့်ကို ကြည့်လိုက်ရသည့်အခါ ပုပ္ပားတောင်ကြီးကို လှမ်းမြင်နေရသည်။ ထိုမြင်နေရသော ပုပ္ပားတောင်ကြီးကို လက်ညှိုးထိုးပြပြီး ကျွန်တော်က အော်ပြောလိုက်ခြင်းဖြစ်သည်။

"ဟုတ်တယ်ကွ၊ ဟုတ်တယ်၊ သူဖြေတာမှန်တယ်၊ မျက်မြင်ကြည့်ပြီး သူဖြေလိုက်တာမှန်တယ်"

ဆရာကြီး၏ ဝမ်းပန်းတသာချီးကျူးစကားကို ယနေ့ထိတိုင်အောင် ကြားယောင်နေမိဆဲဖြစ်သည်။ အားရကျေနပ်သော အပြုံးဖြင့် ပြုံးနေသော ဆရာကြီး၏ မျက်နှာကိုလည်း ယနေ့ထိတိုင်အောင် မြင်မိနေဆဲ ဖြစ်ပါသည်။

"ပုပ္ပားတောင်မှ မဟုတ်ဘူး။ တောင်အားလုံးကို အဝေးကြီးက မြင်နိုင်တယ်။ ဘာလို့မြင်နိုင်တာလဲဆိုရင် တောင်တွေက အကြီးကြီးမို့ လှမ်းပြီးမြင်နေရတာပဲ။ ဒါပေမယ့် အဲဒီမြင်နေရတဲ့တောင်က အဝေးကြီးပဲ။ ဒါကြောင့် **အပင်မှာကြီး အသီးသေးတဲ့ညောင်၊ အမြင်မှာနီး ခရီးဝေးတဲ့တောင်** လို့ ဆိုကြတယ်။ မှတ်ထားကြနော်"

ဆရာကြီးက ကျွန်တော်တို့ကလေးများ သိပြီးသားအသိကို အခြေခံပြီး ဉာဏ်ဖွင့်စဉ်းစားစေသည့်နည်းဖြင့် သင်ကြားပေးနေခြင်းဖြစ်သည်။ သင်ယူရသူ ကျွန်တော်တို့ကိုယ်တိုင် ဉာဏ်ဖွင့်စဉ်းစားပြီး ရရှိလာခဲ့သောအဖြေက ကျွန်တော်တို့တစ်သက်လုံး စွဲမြဲနေပါတော့သည်။

ဉာဏ်ဖွင့်စဉ်းစားစေသော သင်ကြားနည်းသည် "ကလေးဗဟိုပြု သင်ကြားနည်း"၏ ဝိသေသဖြစ်သည်။ ဉာဏ်ဖွင့်စဉ်းစားပြီး ဖြေဆိုရမည့် ဉာဏ်စမ်းမေးခွန်းများကို လေ့ကျင့်ပေးနေခြင်းသည် သင်ယူသူတို့၏ ဉာဏ်ရည်ကို နှိုးဆွမြှင့်တင်ပေးနေခြင်းဖြစ်သည်။ ထို့ကြောင့် ဉာဏ်စမ်းမေးခွန်းများသည် သင်ယူသူတို့၏ ဉာဏ်ရည်ကို နှိုးဆွမြှင့်တင်ပေးရာတွင် အရေးပါလှသည်။ သင်ယူသူတို့အား ဉာဏ်ဖွင့်စဉ်းစားစရာများကို ဉာဏ်စမ်းမေးခွန်းများ မေးပြီး ဖြေဆိုစေခြင်းဖြင့် သင်ယူသူတို့၏ ဉာဏ်ရည်မြင့်မားလာအောင် နှိုးဆွမြှင့်တင်ပေးနိုင်သည် မဟုတ်ပါလော။ ။

ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၂) (ဒုတိယနေ့) ကျင်းပပြီးစီး

နေပြည်တော် ဧပြီ ၂၈

ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၂) (ဒုတိယနေ့)ကို ဧပြီ ၂၆ရက် မွန်းလွဲ ၁နာရီတွင် မြစ်ကြီးနားမြို့ ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဇမ်ဂျုံနှင့် လွှတ်တော်ကိုယ်စားလှယ် (၄၄)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့် ပတ်သက်၍ ဆွေးနွေးအတည်ပြုရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ရှင်းလင်းခြင်း၊ "၂၀၁၂ ခုနှစ် ကချင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း" ကိုဆွေးနွေးခြင်း၊ ဆုံးဖြတ်အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်ကြပြီး ညနေ ၃ နာရီတွင် အထူးအစည်းအဝေး ကျင်းပပြီးစီးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဦးကျော်လွင် လမ်းနှင့်တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်လွင်သည် ဧပြီ ၂၂ ရက် နံနက်ပိုင်းတွင် သုံးခွ-ကဒပ္ပနလမ်းအား ကတ္တရာလမ်းအဆင့်ထိ ဆောင်ရွက်ပြီးစီးနေမှုများကို လည်းကောင်း၊ ထန်းတပင်မြို့နယ်-ထန်းတပင်-သီတာအေးလမ်း ပြုပြင်ထားရှိမှုနှင့် မှော်ဘီ-ထန်းတပင်လမ်း ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း၊ မှော်ဘီ-ထန်းတပင်လမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၅/၀)နှင့်(၅/၁) အကြားရှိ တံတားအမှတ် (၁/၆) (၁၀)ပေ Box Culvert တည်ဆောက်နေမှုကို လည်းကောင်း၊ မှော်ဘီ-ရွှေမြယာလမ်း အခြေအနေ၊ တိုက်ကြီး-ဖောင်ကြီး-ပဲခူးလမ်း မိုင်တိုင်အမှတ် (၂/၆)ရှိ လမ်းအခြေအနေနှင့် မိုင်တိုင်အမှတ် (၀/၅)အနီးရှိ တံတားအမှတ်(၁/၁) အောက်ခြေ ရေတိုက်စားမှုမရှိစေရေး ကျောက်များဖြင့် မြေကာနံရံ တည်ဆောက်ထားရှိမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ရန်ကုန်-ပြည်လမ်းပေါ်ရှိ Max Myanmar ကုမ္ပဏီ၏ လမ်းအသုံးပြုခ ကောက်ခံရေးစခန်း (တိုက်ကြီး)သို့ ရောက်ရှိပြီး ကုန်တင်ယာဉ်ကြီးများ ဝန်ချိန်စက် (Weighing Machine) ပေါ်မှ စနစ်တကျ ဖြတ်သန်းသွားလာနေမှု၊ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း လမ်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့က စစ်ဆေးကြပ်မတ် ဆောင်ရွက်နေမှုနှင့် ရေတွင်းကုန်း- မြို့ချောင်း-တော်လတီ-ရွာသာလမ်း မိုင်တိုင်အမှတ် (၂/၅)အနီးရှိ မြို့ချောင်းတံတားကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယဝန်ကြီးသည် ဧပြီ ၂၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ လေယာဉ်ကွင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ယန္တရားတပ်ခွဲ(တောင်)အင်ဂျင်နီယာမှူးကြီး(စက်မှု)ရုံး၌ ယန္တရားများပြုပြင်ပြီးစီးမှု၊ ပြုပြင်ဆဲနှင့် ပြုပြင်ရန် ကျန်ရှိနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စဉ့်ကိုင်၌ မိုးသက်လေပြင်းများကျ ဘယ်လင်းကျေးရွာမှ အထကကျောင်းခွဲပျက်စီး

စဉ့်ကိုင် ဧပြီ ၂၈

စဉ့်ကိုင်မြို့နယ်၌ ဧပြီ ၂၇ ရက် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်ခန့်က မိုးသက်လေပြင်းများကျရောက်ခဲ့သဖြင့် စဉ့်ကိုင်မြို့နယ် ဘယ်လင်းကျေးရွာ အထကကျောင်းခွဲ၌ လေပြင်းများ တည့်မတ်စွာကျရောက်ပြီး အဆောက်အအုံများ **(ယာပုံ)** ပျက်စီးဆုံးရှုံးရကြောင်း သိရသဖြင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ဝင်းထံသို့ သတင်းရယူရန် စုံစမ်းမေးမြန်းခဲ့သည်။

ပျက်စီးဆုံးရှုံး

ကျောင်းအုပ်ဆရာမကြီး၏ပြောပြချက်အရ လေပြင်းဒဏ်ကြောင့် စာကြည့်တိုက် တစ်ဆောင်၊ စာသင်ခန်းနှစ်ခန်း၊ မီဒီယာခန်း တစ်ခန်း၊ စက်ဘီး stand နှင့် ကျောင်းစောင့်ဂိတ်တဲတို့ ပျက်စီးသွားကြောင်း သိရသည်။ ထို့ပြင် ကျောင်းဗီရို ငါးလုံး၊ ကျောင်းစာသင်ခုံအပါအဝင် ပရိဘောဂများပါ ပျက်စီးဆုံးရှုံးခဲ့သည်။ လေပြင်းဒဏ်ကြောင့် ဘယ်လင်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ လူနေအိမ်အချို့ ပျက်စီးဆုံးရှုံးရပြီး လူထိခိုက်မှုမရှိကြောင်း သိရှိရသည်။ **(၁၆၀)**

ဝိုင်းမော်မြို့နယ် ဆဒုံးမြို့နယ်ခွဲတွင် KIA လက်နက်ကိုင်အဖွဲ့က ဝင်ရောက်ပစ်ခတ် ဝန်ထမ်းလေးဦးသေဆုံးပြီး သုံးဦးပျောက်ဆုံးလျက်ရှိ

နေပြည်တော် ဧပြီ ၂၈

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ဆဒုံးမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ယနေ့နံနက် ၁ နာရီခွဲခန့်တွင် KIA လက်နက်ကိုင်အဖွဲ့က ဝင်ရောက်စီးနင်းပြီး သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးအပါအဝင် ဝန်ထမ်းလေးဦးသေဆုံးပြီး ဝန်ထမ်းသုံးဦး ပျောက်ဆုံးလျက်ရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်သစ်တည်ဆောက်ရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား နိုင်ငံတော်၏ မေတ္တာစေတနာကို နားလည်ပြီး မိမိအကျိုး၊ ဒေသအကျိုးနှင့် နိုင်ငံတော်အကျိုးတို့ကို ပါဝင်ထမ်းရွက်နိုင်ကြစေရန် စေ့စပ်ညှိနှိုင်းလျက်ရှိရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အများစုနှင့် ယာယီ အပစ်အခတ်ရပ်စဲရေးမှသည် ထာဝရငြိမ်းချမ်းရေးရရှိသည်အထိ ဖော်ဆောင်နိုင်ရန် စိတ်ရင်းစေတနာမှန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ယခုကဲ့သို့ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တို့ တစ်ဖက်နှင့်တစ်ဖက် ငြိမ်းချမ်းရေး အပြန်အလှန် တည်ဆောက်နေချိန်တွင် KIA အဖွဲ့အနေဖြင့် လက်အောက်ခံအဖွဲ့များသို့ အမိန့်ထုတ်ပြန်ချုပ်ပြမှုမရှိခဲ့၍ ဤကဲ့သို့ အကြမ်းဖက်လုပ်ရပ်မျိုးဖြစ်ပွားရကြောင်း သုံးသပ်တွေ့ရှိရသဖြင့် အလားတူဖြစ်ရပ်မျိုးမဖြစ်ပွားစေရေးအတွက် ကြပ်မတ် ထိန်းသိမ်းဆောင်ရွက်သင့်ကြောင်း၊ ဤအကြမ်းဖက်လုပ်ရပ်သည် ငြိမ်းချမ်းရေးဖော်ဆောင်နေသည့် ယခုလိုအချိန်မျိုးတွင် လိုလားမှုမရှိသော လုပ်ဆောင်ချက်ဖြစ်သည်ဟု ဒေသခံပြည်သူများက ပြောကြားလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

"မမ" သူ့ရဲကောင်း

မိုးပေါ်မှအပ်တစ်ချောင်းနှင့် မြေပြင်မှအပ်တစ်ချောင်း ထိတွေ့ရန်ထက် လူ့ဘဝရလာဖို့မှာ ပို၍မလွယ်ကူကြောင်း သိကြပါသည်။ ရရှိလာသော လူ့အသက်ကို မိမိအသက်နှင့်ရင်းပြီး ကယ်တင်ခဲ့သည့် လုပ်ရပ်သည် အင်မတန်လေးစားဂုဏ်ယူဖွယ် ကောင်းသည်ဆိုလျှင် မှားမည်မထင်ပါ။

နေရာအနှံ့၊ ဒေသအနှံ့အပြားတွင်သဘာဝဘေးအန္တရာယ်ကျရောက်မှုကို လည်းကောင်း၊ ရောဂါဘယဖြစ်ပွားမှုကိုလည်းကောင်း၊ ရုတ်တရက်ပေါ်ပေါက်လာသော ဘေးအန္တရာယ်များကို လည်းကောင်း လူသားအချင်းချင်း စာနာထောက်ထားသော စိတ်ဓာတ်ဖြင့် သူ့နည်းသူ့ဟန် ကယ်တင်ကာကောင်းကျိုးပြုလျက်ရှိကြသည်။ စာရေးသူ၏ပတ်ဝန်းကျင်တွင် ကြုံတွေ့ခဲ့ရသော မှတ်ကျောက်တင်ခံနိုင်သည့် ဖြစ်ရပ်မှန် ဖြစ်စဉ်တစ်ခုအား တင်ပြလိုပါသည်။

၁၀-၄-၂၀၁၂ ရက်တွင် မော်လမြိုင်မှရန်ကုန်သို့ထွက်ခွာလာသည့် အမှတ် (၁၇၆)အစုန်ရထားသည် ဒါးပိန်ဘူတာသို့မရောက်မီ ၁၀း၁၂ နာရီအချိန်၌ ပေ ၁၂၀ အရှည်ရှိတံတားပေါ်တွင် ဖြစ်စဉ်တစ်ခုဖြစ်ပွားခဲ့ပါသည်။ မော်လမြိုင်ဘူတာမှ ည ၁၂ နာရီအချိန်ထွက်ခွာလာသော ထားဝယ်-မော်လမြိုင်-ရန်ကုန်ရထားသည် စက်ခေါင်း၏ နောက်တွင် တွဲ ၁၀ တွဲချိတ်ဆက်လျက် စက်ခေါင်းမောင်း၏ ဦးဆောင်မောင်းနှင်ခေါ်ယူမှုအောက်တွင် သတ်မှတ်အမြန်နှုန်းဖြင့် ခုတ်မောင်းလျက်ရှိရာ ရထားသံလမ်းပေါ် မလွတ်ကင်းသည့် လူ /တိရစ္ဆာန်များတွေ့ရှိရပါက ဥသြဆွဲသတိပေးခြင်းဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာ မောင်းနှင်ခဲ့ပေသည်။ ရထားလာသည်ကိုတွေ့မြင် ကြားသိလျှင်လည်း ရထားသံလမ်းပေါ်တွင်ရှိနေသော လူ/တိရစ္ဆာန်များသည် ရထားရောက်မလာမီအချိန်အတွင်း ရှင်းလင်းသွားသည်သာဖြစ်ပါသည်။ သို့ရာတွင် တစ်ကြိမ်တစ်ခါ၌ ရထားလမ်းပေါ်မှဆင်းမသွားသည့်လူနှစ်ဦးကို စက်ခေါင်းမောင်းသည် ခပ်လှမ်းလှမ်းမှတွေ့မြင်ရချိန်တွင် ရထားအားအရှိန်လျှော့ပြီး စက်ခေါင်းဘရိတ်နှင့် အရေးပေါ်ဘရိတ် (Emergency Brake)တို့ကိုအသုံးပြုကာ ရထားရပ်တန့်နိုင်ရေး ဆောင်ရွက်ခဲ့ရသည်။ ရထားမောင်းနှင်ရာတွင် အရေးပေါ်အခြေအနေမှအပ Emergency Brake ကို အသုံးပြုခဲ့သည်။ ထိုသို့အသုံးပြုပါက အရှိန်နှင့်သွားနေသောရထားသည် တွဲဆိုင်းများ၏ တုံ့ဆိုင်း/တွန်းကန်မှုများကြောင့် တွဲဆိုင်းများပြတ်၍ အန္တရာယ်ဖြစ်တတ်သောကြောင့် ဖြစ်ပါသည်။ တစ်ဖက်ရထားလမ်းပေါ်တွင်ရှိသော လူနှစ်ယောက်၏အခြေအနေမှာလည်း ကန့်သတ်ချက်ရှိနေပြန်ပါသည်။ ဤကန့်သတ်ချက်မှာ ရထားကို အဝေးမှ စောစီးစွာမမြင်ခဲ့ခြင်း၊ ပေ ၁၂၀ အရှည်ရှိသော တံတားအလယ်တွင် ရောက်ရှိနေခြင်း၊ ဘေးသို့ရှောင်ရန်နေရာမရှိဘဲ တံတားပေါ်မှ ၁၂ ပေခန့်အမြင့်ရှိ ရေထဲသို့ ခုန်ချရမည်ဖြစ်ခြင်း၊ တံတားအောက်ရှိ ချောင်းရေအနက် မည်မျှရှိသည်ကို မခန့်မှန်းနိုင်ခြင်းစသည့် ကန့်သတ်ချက်များရှိနေပါသည်။ ပိုဆိုးသည်မှာ (နောင်မှသိရသည်မှာ) ၎င်းနှစ်ဦးအနက် တစ်ဦးမှာ အသက် (၆၂)နှစ်အရွယ် အဘွားဖြစ်သူနှင့် တစ်ဦးမှာ အသက် (၈) နှစ်ခန့်အရွယ်ရှိ မြေးတော်စပ်သူတို့ ဖြစ်နေခြင်းပင်။

၎င်းမြေးအဘွားနှစ်ဦးသည် မိန်းမသားဖြစ်သည့်အပြင် အသက်အရွယ်ကြီးရင့်သူနှင့် လူမမည်အရွယ်ကလေးငယ် ဖြစ်နေသဖြင့် တံတားပေါ်မှ ခုန်ချရန် မည်သို့မျှမစွမ်းသာတော့ဘဲ ရထားတိုက်ခံရတော့မည့်အခြေအနေကို သိရှိကာ ကြောက်ရွံ့တုန်လှုပ်သည့်စိတ်ဖြင့် မြေးအဘွားနှစ်ဦး တစ်ဦးနှင့်တစ်ဦးတင်းကျပ်စွာဖက်ထားကာ ၎င်းတို့ထံသို့ တဖြည်းဖြည်းနီးကပ်လာသည့် ရထားစက်ခေါင်းအား မျှော်လင့်ချက်ကင်းမဲ့စွာ ကြည့်နေခဲ့သည့် မြင်ကွင်းမှာ ရုပ်ရှင်မဟုတ်၊ တကယ့်အဖြစ်အပျက်ဖြစ်ခဲ့ပါသည်။ ရထား၏ သဘောသဘာဝမှာလည်း မော်တော်ကားလို ချက်ချင်းဘရိတ်ဖမ်းရပ်တန့်၍ မရ၊ အတိုင်းအတာတစ်ခုရောက်မှသာ ရပ်တန့်နိုင်ပေသည်။စက်ခေါင်းမောင်း၏ သတိကြီးစွာမောင်းနှင်မှုနှင့် ဘရိတ်ဖမ်းမှုကြောင့် အရှိန်ရပ်တန့်သွားသော်လည်း တံတားပေါ်တွင်သွားနေသော ရထား၏မိုင်နှုန်းမှာ ခုနစ်မိုင်နှုန်းခန့်ကျန်ရှိနေသဖြင့် မြေးအဘွားနှစ်ဦးမဖယ်လျှင် တိုက်သွားမည့်အခြေအနေတွင်ရှိခဲ့ပါသည်။ ဤသို့ဆိုလျှင် စက္ကန့်ပိုင်းအတွင်းမှာ သွေးသံတရဲရဲဖြင့် အနိဋ္ဌာရုံမြင်ကွင်းဖြစ်ပေါ်လာနိုင်ပေသည်။ ဤအခြေအနေတွင် စက်ခေါင်းမှူး လက်ထောက် (စက်ခေါင်းမောင်းအကူ)သည် ကိုယ်ချင်းစာစိတ်ဖြင့် စက်ခေါင်းအတွင်းမှထွက်၍ စက်ခေါင်း၏လက်ကိုင်တန်း (Hand Rail)မှ တစ်ဆင့် စက်ခေါင်းရှေ့ရှိ တွဲချိတ်သည့်နေရာ (Buffer Hand) ပေါ်သို့ ခက်ခဲစွာ တွယ်ဖက်တက်ရောက်ပြီး ရထားရှေ့မှသံလမ်းပေါ်သို့ခုန်ဆင်းကာ ရထားရှေ့မှပြေး၍ မြေးအဘွားနှစ်ဦးအား တံတားပေါ်မှတွန်းဖယ်ကယ်တင်ခဲ့ပေသည်။ ဤနေရာတွင် စက်ခေါင်းမှူးလက်ထောက်သည် တွေဝေနေလျှင်သော်လည်းကောင်း၊ ဆုံးဖြတ်ချက်နောက်ကျနေလျှင်သော်လည်းကောင်း မြေးအဘွားနှစ်ဦး၏ကံကြမ္မာမှာ မတွေးဝံ့ပေ။ ၎င်းကိုယ်တိုင်လည်း ရထားရှေ့မှ ကြိုပြေးရသည်ဖြစ်ရာ ခလုတ်တိုက်လဲလျှင်သော်လည်းကောင်း၊ ဟန်ချက်ပျက်၍ ရထားပေါ်မှကျလျှင်သော်လည်းကောင်း၊ ရထားရှေ့မှလွတ်အောင် မပြေးနိုင်လျှင်သော်လည်းကောင်း မြေးအဘွားကိုကယ်တင်ဖို့ အခွင့်အရေးထက် မိမိကိုယ်တိုင်ပင်လျှင် ရထားကြိတ်ခံရမှုကြောင့် အရိုးတခြား၊ အသားတခြား ဖြစ်သွားနိုင်ပေသည်။

မြေးအဘွားနှစ်ဦးနှင့် စက်ခေါင်းမှူးလက်ထောက်သည် ရေထဲကျသွားသော်လည်း ကံတရားအရသော်လည်းကောင်း၊ ဝိုင်းဝန်းဆယ်ယူပေးမှုအရသော်လည်းကောင်း အသက်ရှင်ရန် အခွင့်အလမ်းများပါသည်။ ရထားလမ်းပေါ် ရထားအကြိတ်ခံရလျှင်ကား အသက်ရှင်ရန် အခွင့်အလမ်းမရှိနိုင်ပေ။ ဤဖြစ်စဉ်တွင်လည်း စက်ခေါင်းနောက်တွဲမှ လုံခြုံရေးလိုက်ပါလာသော ရထားရဲများနှင့်ခရီးသည်များမှ ရေထဲသို့ကျသွားသော အဘွားအို၊ မြေးမလေးနှင့် စက်ခေါင်းမှူးလက်ထောက်တို့ကို ဝိုင်းဝန်း ဆယ်ယူကူညီပေးမှုကြောင့် သုံးဦးစလုံး အသက်ချမ်းသာရာရခဲ့ပါသည်။ ရထားသည်လည်း မြေးအဘွားနှစ်ဦးရပ်နေသည့် နေရာကိုကျော်လွန်ပြီး ပေ ၄၀ အကွာနေရာ တံတားတစ်ဖက်ကမ်းသို့ရောက်သည့်နေရာတွင် ရပ်တန့်သွားခဲ့ပါသည်။

ဖြစ်စဉ်ကိုလေ့လာပါက ရထားလမ်းတစ်လျှောက်နေထိုင်သူ ပြည်သူများသည် ရထားလမ်းနှင့်တံတားများဖြတ်ကူးရာတွင် သတိနှင့်ဖြတ်ကူးရန်၊ ရထားလမ်းပတ်ဝန်းကျင်၌ သွားလာရာတွင် တစ်ကြိမ်တစ်ခါသာမဟုတ်ဘဲ အမြဲတမ်းသတိပြုသွားလာနိုင်ပါရန် နှိုးဆော်အပ်ပါသည်။ ပြည်သူများလိုက်နာဆောင်ရွက်သင့်သည့် အချက်များကိုလည်း မြန်မာ့မီးရထားဘူတာရုံများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင် အသိပေးကြေညာထားပြီးဖြစ်ရာ ပြည်သူများမှ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လိုက်နာကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ရထားစက်ခေါင်းမောင်းများသည်လည်း ယခုစက်ခေါင်းမောင်းကဲ့သို့ အမြဲသတိရှိမောင်းနှင်ပြီး ရထားလမ်းပေါ်မှ လူများ၏အသက်ကို ကယ်တင်နိုင်ရန်၊ ရထားဖြင့် စီးနင်းလိုက်ပါလာသည့် ခရီးသွားပြည်သူများ၏ အသက်သည်လည်း စက်ခေါင်းမောင်း၏လက်ထဲတွင်ရှိပေရာ လမ်းကြောင်းတစ်လျှောက် တွေ့ကြုံလာမည့်အန္တရာယ်များကို သတိရှိစွာဖြင့် ရင်ဆိုင်ဖြေရှင်းခြင်း၊ ကြိုတင်ကာကွယ်သွားခြင်းဖြင့် ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းမှုကို ဆောင်ရွက်သွားကြရပေမည်။

စက်ခေါင်းမှူးလက်ထောက်(စက်ခေါင်းမောင်းအကူ)ကဲ့သို့ အရေးကြုံလာလျှင် "ကိုယ်ချင်းစာနာစိတ်၊ မီးရထားစိတ်ဓာတ်"ဖြင့် အသက်ပေး၍ ကာကွယ်ပေးလိုသည့် စိတ်ဓာတ်များလည်း ရှိနေရန်လိုအပ်ပါသည်။ အားလုံးမှ ဤသို့သော စိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာဆောင်ရွက်သွားမည်ဆိုလျှင် မြန်မာ့မီးရထားသည် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာများ ရှေ့သို့တက်လှမ်းတိုးတက်လာနိုင်မည်ဖြစ်ပေသည်။

ဤဖြစ်စဉ်တွင် အသက်စွန့်ကယ်တင်ခဲ့သော စက်ခေါင်းမှူးလက်ထောက်နှင့် စက်ခေါင်းမောင်းတို့အား ဂုဏ်ပြုသောအားဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆုငွေ ငါးသိန်းချီးမြှင့်ခဲ့သလို မြန်မာ့မီးရထားကလည်း မေလ ၁ ရက်နေ့တွင် ကျရောက်မည့် (၁၃၅)နှစ်မြောက် မြန်မာ့မီးရထား နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုကြေးငွေများ ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

စက်ခေါင်းမှူးလက်ထောက်ကဲ့သို့သော ဦးဆောင်လမ်းပြပေးခဲ့သည့် ပုဂ္ဂိုလ်မျိုးအား **"မြန်မာ့မီးရထား၏ သူ့ရဲကောင်း"** ၊ **"မမ"သူ့ရဲကောင်း** အဖြစ် ဂုဏ်ပြုပြောဆိုလိုပေသည်။ စာရေးသူအနေဖြင့် မိမိနိုင်ငံတွင် **"မမ" သူ့ရဲကောင်းများ** အများအပြား ပေါ်ထွက်လာစေကြောင်းဆန္ဒပြုရင်း . . .။ ။

ဦးသူရိန်(ဘားအံ)

အသက်ဘေးမှ လွတ်မြောက်လာသော လက်ပံတန်းကျေးရွာ ဒါးပိန်မြောက်ပိုင်းနေ ဒေါ်မြင့်ကြည် (၆၂)နှစ်နှင့် မြေးဖြစ်သူ မသဲစုဝေ (၈)နှစ်တို့အား တွေ့ရစဉ်။

စက်ခေါင်းမှူး ဦးမင်းထွန်း (၄၈)နှစ် (ဝဲ)နှင့် အသက်စွန့်ကယ်တင်ခဲ့သူ စက်ခေါင်းမှူးလက်ထောက်(၁) ဦးဌေးနိုင် (၃၉)နှစ် (ယာ)တို့အား တွေ့ရစဉ်။

မီး အစဉ်သတိပြု

မြန်မာ့အလင်း မှုခင်းသတင်း ၂၈-၄-၂၀၁၂

ဆိုင်ကယ်ကို မဆင်မခြင်မောင်းနှင်မှုကြောင့် သေဆုံးခဲ့ရ

ဖြစ်စဉ်မှာ ဧပြီ ၂၄ ရက်က ပုသိမ်မြို့ တဂေါင်းဘုရားဘက်မှ မြို့တွင်း ကုန်သည်လမ်းသို့ ဦးတည်၍ စည်ပင်/ အမှိုက်သိမ်း ယာဉ်မောင်း စည်ပင်သာယာဝန်ထမ်း အိမ်ရာနေ စိုးမင်းထိုက် ၄၀ နှစ် (ဘ-ဦးစိုးငြိမ်း) မောင်းနှင်သော ၅/ခ . . ကန်တာ/ အဖြူ စည်ပင်အမှိုက်သိမ်းယာဉ်သည် တဂေါင်းဘုရားလမ်းနှင့် ကသည်းတန်း ရထားလမ်းဆုံအရောက်တွင် ဘုံကျော်ကွက်သစ်မှ တဂေါင်းဘုရားသို့ အရှိန်ပြင်းစွာ မောင်းထွက်လာသော အမှတ်(၈)ရပ်ကွက် ရွာသာယာလမ်းနေ ယာဉ်မောင်းမျိုးထွဋ်အောင် ၂၀ နှစ်(ဘ-ဦးကြည်သန်း)နှင့်နောက်မှ တစ်ရပ်တည်းနေ သူငယ်ချင်းမင်းသူ ၂၆ နှစ်(ဘ-ဦးမင်းခက်)တို့စီးနင်းလာသော ၂၀ယ/. . . လော်ဂျာ ၁၁၀ အနက်ရောင်ဆိုင်ကယ်မှ စည်ပင်ကားရှေ့ဝဲဘက်ခြမ်းသို့ ဝင်ချိတ်တိုက်မိသွားသဖြင့် ကား၏ဝဲဘက်မီးလုံးကွဲ၍ မျိုးထွဋ်အောင်၏ ဝဲနားထင် ပေါက်ပြဲဒဏ်ရာ ရရှိသွားသည်။ ထို့ကြောင့် တာဝန်ရှိသူတို့က ဆိုင်ကယ်မောင်းသူ မျိုးထွဋ်အောင်အား ပုသိမ်ဆေးရုံကြီးသို့ တင်ပို့ကုသပေးသော်လည်း သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။ **(၀၇၇)**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက် ကြေးတိုင်စု(၁)လမ်း အမှတ် ၃၅ နေ ဒေါ်ရီရီမြင့်နှင့်သမီးလေး မမေစန္ဒာရီမင်းတို့က ဦးဇော်မင်းအားရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးဘေးရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေကျပ် သုံးသိန်းလှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေး လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

သက်ကြီးပူဇော်ပွဲ ရွှေပြည်သာ၌ကျင်းပ

ရန်ကုန် ဧပြီ ၂၈

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၆/၁၂) ရပ်ကွက် မကွေးနှင့်ဗထူးပန်းခြံမိသားစုများ၏ အသက် ၇၅ နှစ်အထက် ဘိုးဘွားများအား (၂၁)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဧပြီ ၁၇ ရက် နံနက် ၉ နာရီတွင် မကွေးပန်းခြံဓမ္မာရုံ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စိုးမိုးနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကံမြင့်၊ ဓမ္မာရုံအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အလှူရှင်များက ဘိုးဘွား ၃၅ ဦးကို တစ်ဦးလျှင် ငွေကျပ် ၁၂၀၀၀ နှင့် ငွေကျပ် ၄၃၀၀ တန်ဖိုးရှိပစ္စည်းတို့ဖြင့် လှူဒါန်းပူဇော်ကန်တော့ခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(၁၆၆)**

ပဲပုပ်စိုက်ပျိုးဝင်ငွေတိုး

နေပြည်တော် ဧပြီ ၂၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် မှီတင်းနေထိုင်ကြသော ဒေသခံတိုင်းရင်းသားများ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးခြင်းနှင့် ခြံလုပ်ငန်းလုပ်ကိုင်ခြင်းဖြစ်သည်။ တောင်သူလယ်သမားများမှာ လယ်လုပ်ငန်းပြီးစီးချိန်တွင် နားနေခြင်းမရှိဘဲ ခြံလုပ်ငန်းကို လုပ်ကိုင်ကြလေ့ရှိသည်။

စပါးရိတ်သိမ်းနယ်လေ့ပြီးလျှင် အပိုဝင်ငွေရရှိရေးအတွက် ပဲပုပ်သီးနှံစိုက်ပျိုးရန် တာစူကြသည်။ ရှမ်းတိုင်းရင်းသားများသည် ပဲပုပ်ကို အမြတ်တနိုးတန်ဖိုးထားကာ စားသုံးကြသည်။ ထမင်းဝိုင်းတွင် မည်သည့်ဟင်းလျာမျှမရှိစေကာမူ ပဲပုပ်ထောင်းတစ်ခွက်ရှိရုံနှင့်ပင် စားသောက်နိုင်ကြပေသည်။

ပဲပုပ်စေ့ပြုလုပ်ရာတွင် ပဲပုပ်စေ့အစိမ်းဘဝ၌ ပဲပုပ်ကိုပြုတ်ပြီး သိုးသည့်အခါမှ 'ထိုနောက်' (ခေါ်)ပဲပုပ်ဖြစ်လာသည်။ ပဲပုပ်စေ့ပြုတ်ရာတွင် မီးကို ပြင်းပြင်းနှင့်မှန်မှန်ထိုးပေးရန်လိုအပ်သည်။ ပဲနှပ်လျှင် တစ်ရက်နှင့်တစ်ညအထိ သိုးအောင်ထားရပြီး ကြေးဇွန်းဖြင့်ခပ်၍ သန့်ရှင်းသောအင်ဖက်(သို့)ကျွန်းဖက်များဖြင့်ထုပ်ကာ သုံးရက်အထိထားရသည်။ ရက်စေ့သည့်အခါ ပဲပုပ်ထုပ်ကိုဖြေ၍ မြည်းကြည့်လျှင် ခါးသက်သက်အရသာရှိပြီဆိုလျှင် (ထိုနောက်မြိတ်)ပဲပုပ်စေ့ဖြစ်လာသည်။

အဆိုပါပဲပုပ်စေ့ကို ချင်း၊ ကြက်သွန်ဖြူ၊ ငရုတ်သီးမှုန့်၊ ဂျုံးမြစ်၊ အမွှေးအကြိုင်များနှင့် အချိုးအစားအလိုက် ရောနှောကာ အပြား၊ အချပ်ဝိုင်းများပြုလုပ်ကြသည်။ ပဲပုပ်စေ့ကိုညက်အောင်ထောင်းပြီး အခြောက်လှန်းကာ အလုံးငယ်လေးများလုံး၍ 'တောင်ဟုတ်' ခေါ် အမွှေးနုနုလေးများပါသောဖက်တစ်မျိုးကို အသုံးပြုလျက် ပြားဝိုင်းနေအောင်ဖိ၍ ပဲပုပ်ချပ်ပြုလုပ်ကာ သုပ်၍လည်းကောင်း၊ ကြော်၍လည်းကောင်း အမျိုးမျိုးပြုလုပ် စားသုံးကြသည်။

ဟင်းလျာများချက်ပြုတ်ရာတွင်လည်း ငါးပိ၊ ပုစွန်ခြောက်များ ခတ်ကြသကဲ့သို့ ပဲပုပ်ချပ်ကိုလည်းမီးကင်၍ လက်ဝါးဖြင့်ခြေပြီး ခတ်ကြသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် တိန်းချေတိန်း စံကျေးရွာအုပ်စု နောက်ကပ်ကျေးရွာ လယ်သမားကြီး လုံးဆန်စိုင်းအွမ်၏ အောင်မြင်ဖြစ်ထွန်းနေသော ပဲပုပ်သီးနှံစိုက်ခင်းကို ဤသို့တွေ့ရသည်။

မြန်မာနိုင်ငံတွင် ပဲပုပ်အမြောက်အမြားကို စိုက်ပျိုးသောဒေသများမှာ မန္တလေး၊ မိတ္ထီလာ၊ မြင်းခြံ၊ မုံရွာ၊ ကျောက်ဆည်နှင့် စစ်ကိုင်းဒေသတို့ဖြစ်ပြီး တောင်ပေါ်ဒေသများမှာလည်း ပဲပုပ်ကို အဓိကထား၍ စိုက်ပျိုးကြသည်။ အောက်မြန်မာနိုင်ငံ ဟင်္သာတ၊ သာယာဝတီ၊ ပြည်နှင့်မအူပင်ဒေသများမှာလည်း စိုက်ပျိုးကြကြောင်း သိရသည်။

ပဲပုပ်ပင်သည် ပင်စည်တည့်မတ်လျက် အကိုင်းအခက်များဖျာထွက်ပြီး သီးပွင့်ကြသည်။ အရွက်နှင့်အသီးများပေါ်တွင် နူးညံ့သောအမွေးတိုကလေးများ ဖုံးအုပ်လျက်ရှိသည်။ အခွံရောင်မှာ တစ်မျိုးနှင့်တစ်မျိုးမတူဘဲ အဝါရောင်အနုအရင့်၊ အစိမ်းနှင့်အညိုရောင်အနက်စင်းပါသော အရောင်များဖြစ်သည်။ အချို့ပဲပုပ်မျိုးသည် အရောင်နှစ်မျိုးစပ်နေသည်များလည်းရှိသည်။

ပဲပုပ်စေ့၏အဆင်းသဏ္ဍာန်မှာ လုံးပြားပြားဖြစ်၍ အသီးများရင့်မှည့်လာချိန်တွင် အရွက်များရောကာကြွေကျသွားသည်။ ပဲပုပ်ပင်သည် မြေအမျိုးအစား မရွေးစိုက်ပျိုးနိုင်သောသီးနှံပင်မျိုးဖြစ်သည်။ အထူးသဖြင့် သဲနုန်းမြေနှင့် မြေပွများတွင် ပိုမိုဖြစ်ထွန်းသည်။ တစ်နှစ်ပတ်လုံး မိုးရေချိန်လက်မ ၄၀ မှ ၅၀ ရွာသွန်းသည့်ဒေသမျိုးတွင်ဖြစ်ထွန်းသည်။ ပဲပုပ်ကိုစိုက်ပျိုးသဖြင့် မြေဩဇာဆီ ကုန်ခန်းမသွားသည့်အပြင် အသီးများရင့်မှည့်လာ၍ ကြွေကျသွားသော အရွက်များက သစ်ဆွေးဓာတ်ကို ဖြစ်စေ၍ မြေဆီပြန်လည်ဖြည့်ဆည်းပေးသကဲ့သို့ ဖြစ်သည်။ ပဲပုပ်ကို ပေါင်းမြက်ကင်းစင်၍ မွနေအောင်ပြုပြင်ထားသောမြေတွင် စိုက်ပျိုးရသည်။ စိုက်ပျိုးမြေတစ်ဧကအတွက် မိုးမကျမီသဘာဝမြေဩဇာ(နွားချေး) ၁၅ လှည်းခန့်ထည့်ပေးရသည်။ သို့မှသာ ပဲပုပ်အထွက်နှုန်း ပိုမိုကောင်းမွန်မည်ဖြစ်သည်။

ဦးစွာ ပထမပိုင်းမိုးရွာသွန်းပြီးလျှင် ချထားသောသဘာဝမြေဩဇာ (နွားချေး) များ သမသွားအောင်ထယ်ရေးလိုက်ပြီးမှ ပဲပုပ်ကိုစိုက်ပျိုးနိုင်ပေသည်။ တောင်ပေါ်ဒေသများတွင် ပဲပုပ်စိုက်ပျိုးချိန်မှာ ဧပြီလနောက်ဆုံးပတ်နှင့် မေလဒုတိယပတ်အတွင်းဖြစ်သည်။ အပင်နုကလေးများတစ်လမပြည့်မီ မိုးသည်းထန်စွာရွာသွန်းလျှင် အပင်ကြီးထွားရေး ထိခိုက်စေနိုင်သဖြင့် မိုးမကျမီအပင်သက်ရရန်လိုပေသည်။

စိုက်မြေတစ်ဧကလျှင် ပဲပုပ်မျိုးစေ့ရှစ်ပြည်ခန့်ချပေးရန်လို၍ တစ်ပင်နှင့် တစ်ပင်လေးလက်မမှခြောက်လက်မခန့်ခြားပြီး ညီညာသေသပ်စွာစိုက်ပျိုးရသည်။ နှစ်လက်မခန့်ထက်ပို၍နက်အောင် မစိုက်ပျိုးသင့်ပေ။ မိုးရွာလျှင်မြေပိပြီး မြေမာသွားသည့်အခါ ပျိုးပင်အညှောက်ကလေးများက မြေမာကိုမထိုးဖောက်နိုင်ဖြစ်သွားတတ်ပေသည်။

ပဲပုပ်သီးနှံပင်ကလေးများသည် ငါးရက်မှခုနစ်ရက်အတွင်း အပင်ပေါက်၍ ၁၀ ရက်မှ ၁၅ရက်အတွင်း ပေါင်းမြက်သင်၍ မြေတောင်မြှောက်ပေးရန်လိုသည်။ အပင်ပေါက်နှုန်းကောင်းလျှင် နှစ်လပြည့်သောအခါ ပန်းပွင့်လေသည်။ ပဲပုပ်သီးတစ်တောင့်လျှင် အစေ့သုံးစေ့မှနှစ်စေ့ရှိ၍ အသီးများဝါလာပါက မခြောက်သွေ့မီ ရိတ်သိမ်းရသည်။ ခြောက်သွေ့အောင်ထားလျှင် ပေါက်ကွဲ၍ပဲစေ့များ အလေအလွင့်ဖြစ်တတ်သည်။ အပင်လိုက်နှုတ်သိမ်းပြီး အမိုးအကာအောက်တွင် ခြောက်သွေ့အောင်ထားပြီး နွားနှင့်သော်လည်းကောင်း၊ စက်ဖြင့်သော်လည်းကောင်း၊ လက်ကိုင်တုတ်ဖြင့်သော်လည်းကောင်း ခြွေရသည်။

ပဲပုပ်သီးနှံမှရသော ပဲနို့ကို ကလေးများအတွက်အာဟာရအဖြစ်တိုက်ကျွေးကြသည်။ ပဲပုပ်တွင်ပါဝင်သည့်အသားဓာတ်မှာ ကြက်ဥထက်သုံးဆ၊ အမဲသားထက်နှစ်ဆ၊ နွားနို့ထက် ၁၁ဆပိုသည်ဟုဆိုကြသည်။ အဆီဓာတ်မှာ အရိုးနှင့်သွားများကို ခိုင်မာစေ၍ ကိုယ်ခန္ဓာကြီးထွားသန်စွမ်းစေသော ထုံးဓာတ်လည်းပါဝင်သည့်အပြင် ဦးနှောက်အာရုံကြော၊ အသည်းနှလုံးနှင့်အစာအိမ်ကို သန်စွမ်းစေသောဗီတာမင်ဓာတ်များပါဝင်ကြောင်းသိရသည်။ အာဟာရချို့တဲ့သူများအတွက် အလွန်အသုံးဝင်သောအစားအစာဖြစ်၍ ပဲပုပ်ကိုအစဉ်အမြဲစားသုံးသူများသည် အစဉ်ကျန်းမာရေး ကောင်းမွန် လျက်ရှိသဖြင့် ရှမ်းပဲပုပ်မဟုတ်မူဘဲ တောင်ပေါ်မြေပြန့်မကျန် တိုင်းရင်းသားပြည်သူအားလုံး ပဲပုပ်ကိုနှစ်ခြိုက်စွာစားသုံးနေကြပြီဖြစ်သည်။ ယခုအခါ တောင်သူများအနေဖြင့် ပဲပုပ်သီးနှံကို နှစ်စဉ်တိုးချဲ့စိုက်ပျိုးလာကြသည်နှင့်အမျှ စီးပွားဖြစ်လျက်ရှိသည်ကို လေ့လာရေးသားတင်ပြအပ်ပါသည်။ ။ **စိုင်းသာလှိုင်(လိမ္မော်မြေ)**

ရေကြောင်းသတိပေးချက်ထုတ်ပြန်

ရန်ကုန် ဧပြီ ၂၈

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများ၌ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limitedသည် မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် M-3 နှင့် M-9 တို့တွင် Geotechnical Site Investigation (GTI)Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV - MARINER ဖြင့် မေ ၇ ရက်မှ ၂၆ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Geotechnical Site Investigation (GTI) Survey တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်မည့် တည်နေရာဧရိယာများမှာ လုပ်ကွက်အမှတ် M-3 အတွင်းရှိ အကွက်အမှတ် W-C2 ၌ Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၆ မိနစ် ၂၅ ဒသမ ၇၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ် ၅၆ ဒသမ ၃၆ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၆ မိနစ် ၂၅ ဒသမ ၉၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၄ မိနစ် ၀၃ ဒသမ ၄၆ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၂၀ ဒသမ ၈၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၄ မိနစ် ၀၃ ဒသမ ၇၀ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၂၀ ဒသမ ၆၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ် ၅၆ ဒသမ ၆၀ စက္ကန့် အတွင်းတွင် လည်းကောင်း၊ အကွက်အမှတ် W-C4 ၌ Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၀၈ ဒသမ ၂၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ် ၀၉ ဒသမ ၆၈ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၀၈ ဒသမ ၅၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ် ၁၆ ဒသမ ၇၈ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၀၃ ဒသမ ၄၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ် ၁၇ ဒသမ ၀၂ စက္ကန့် နှင့် Point D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၀၃ ဒသမ ၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ် ၀၉ ဒသမ ၉၃ စက္ကန့် အတွင်းတွင် လည်းကောင်း၊ အကွက်အမှတ် W-C7 ၌ Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၅၀ ဒသမ ၄၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၅ မိနစ် ၁၅ ဒသမ ၇၃ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၅၀ ဒသမ ၆၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ် ၂၂ ဒသမ ၈၃ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၄၅ ဒသမ၅၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ် ၂၃ ဒသမ ၀၆ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၄၅ ဒသမ ၃၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၅ မိနစ် ၁၅ ဒသမ ၉၆ စက္ကန့်အတွင်းတွင်လည်းကောင်း၊ အကွက်အမှတ် W-C8 ၌ Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၀၉ ဒသမ ၂၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ် ၅၃ ဒသမ ၈၄ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၀၉ ဒသမ ၄၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၈ မိနစ် ၀၀ ဒသမ ၉၄ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၀၄ ဒသမ ၃၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၈ မိနစ် ၀၁ ဒသမ ၁၆ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ်၁၅ ဒီဂရီ ၂၄ မိနစ် ၀၄ ဒသမ ၁၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ် ၅၄ ဒသမ ၀၇ စက္ကန့်အတွင်းတွင် လည်းကောင်း၊ အကွက်အမှတ် W-C 10 ၌ Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၈ မိနစ် ၀၁ ဒသမ ၆၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၇ မိနစ် ၁၅ ဒသမ ၄၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၈ မိနစ် ၀၁ ဒသမ ၈၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၈ မိနစ် ၂၂ ဒသမ ၅၁ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၆ မိနစ် ၅၆ ဒသမ ၇၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၈ မိနစ် ၂၂ ဒသမ ၇၃ စက္ကန့် နှင့် Point D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၆ မိနစ် ၅၆ ဒသမ ၅၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၇ မိနစ် ၁၅ ဒသမ ၆၂ စက္ကန့် အတွင်းတွင်လည်းကောင်း ဖြစ်သည်။

လုပ်ကွက်အမှတ် M-9 အတွင်းရှိ ဧရိယာများမှာ အကွက်အမှတ် ZWP-04 တွင် Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၂ မိနစ် ၄၁ ဒသမ ၆၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၈ မိနစ် ၀၄ ဒသမ ၈၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၂ မိနစ် ၄၁ ဒသမ ၇၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၀ မိနစ် ၁၈ ဒသမ ၁၇ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၃၁ ဒသမ ၅၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၀ မိနစ် ၁၈ ဒသမ ၂၆ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၃၁ ဒသမ ၄၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၈ မိနစ် ၀၄ ဒသမ ၉၁ စက္ကန့် အတွင်းတွင် လည်းကောင်း၊ အကွက်အမှတ် ZWP-05 ၌ Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၅ မိနစ် ၃၇ ဒသမ ၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၀ မိနစ် ၅၃ ဒသမ ၁၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၅ မိနစ် ၃၇ ဒသမ ၄၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၃ မိနစ် ၀၆ ဒသမ ၆၉ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၃ မိနစ် ၂၇ ဒသမ ၂၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၃ မိနစ် ၀၆ ဒသမ ၆၆ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၃ မိနစ် ၂၇ ဒသမ ၂၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၀ မိနစ် ၅၃ ဒသမ ၀၉ စက္ကန့်အတွင်းတွင် လည်းကောင်း၊ အကွက်အမှတ် ZWP-06 ၌ Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၉ မိနစ် ၃၃ ဒသမ ၇၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၀ မိနစ် ၁၇ ဒသမ ၈၈ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၉ မိနစ် ၃၃ ဒသမ ၈၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၂ မိနစ် ၃၁ ဒသမ ၃၁ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇ မိနစ် ၂၃ ဒသမ ၆၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၂ မိနစ် ၃၁ ဒသမ ၃၈ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇ မိနစ် ၂၃ ဒသမ ၅၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၀ မိနစ် ၁၇ ဒသမ ၉၇ စက္ကန့် အတွင်းတွင် လည်းကောင်းဖြစ်သည်။

သို့ဖြစ်၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-3 နှင့် M-9 တို့တွင် Geotechnical Site Investigation (GTI) Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV- MARINER ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာများမှ (၄)ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက်(Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

ကော့သောင်း ဧပြီ ၂၈

ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်တွင် မြန်မာနှစ်ဆန်းတစ်ရက်နေ့က ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ဇီဝိတဒါနငါးလွှတ်ပွဲကို မြို့မတံတား၌ကျင်းပသည်။ ထို့နောက် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ပြည်တော်အေးစေတီရှိ သာသနာ့ဗိမာန်၌ကျင်းပပြီး အသက်(၈၁)နှစ်အထက် အဘိုးအဘွား ၇၆ ဦးအား အလှူငွေနှင့်လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြန်မာ့အလင်း)**

မြန်မာ့အလင်း မှုခင်းသတင်း

ရွှေ့ကားရပ်ထားစဉ် နောက်ကားဝင်တိုက်

မိတ္ထီလာ ဧပြီ ၂၈

မိတ္ထီလာမြို့ မန္တလေးလမ်းအထွက်တွင် ဧပြီ ၂၁ ရက်က ရန်ကုန်-မန္တလေးကားလမ်းမိုင်တိုင် ၃၄၉/၃ သပြေဝတိုးဂိတ်အနီး၌ နတ်မောက်မြို့နယ် ကျထူးကျေးရွာနေ ယာဉ်မောင်းဦးအုံးသွင် ၅၅ နှစ်မောင်းနှင်သော ယာဉ်အမှတ် ၂ခ/--- ဟီးနိုးရိမ်းဂျား အဝါရောင်ခြောက်ဘီးကားကို ကားလမ်းအရှေ့ဘက်ဘေးတွင် ရပ်ထားစဉ် နတ်မောက်မြို့နယ်နေ ယာဉ်မောင်းသန်းဝင်းမြင့် ၃၇ နှစ်မောင်းနှင်သော ယာဉ်အမှတ် ၁ခ/ ဟီးနိုးရိမ်းဂျား ခြောက်ဘီးကားက အရှိန်ဖြင့် နောက်မှဝင်တိုက်သည်။ ထိုကဲ့သို့ နောက်ကားက ရှေ့မှရပ်ထားသောကားအား တိုက်မိ၍ ရပ်ထားသည့်ယာဉ်အမှတ်၂ခ/---မှ ယာဉ်နောက်လိုက်နိုင်လင်းထွန်း ၃၈နှစ်မှာ ဦးခေါင်းတွင်ဒဏ်ရာရရှိပြီး နေရာတွင်ပွဲချင်းပြီး သေဆုံးခဲ့သည်။ နောက်ကားယာဉ်မောင်း သန်းဝင်းမြင့်မှာလည်း ဒဏ်ရာများရရှိသွားခဲ့ကြောင်း သိရှိရသည်။ (၀၁၂)

နိုင်ငံတကာအားကစားမြင်ကွင်း

နိုင်ငံတကာအားကစားမြင်ကွင်း

မောင်မောင်မြင့်ဆွေ – စုစည်းသည်

ပက်ကွိုင်အောနှင့် စိန်ခေါ်သူဘရက်ဒ်လေ WBO ဝဲလ်သာဝိတ်ချန်ပီယံအတွက် ထိုးသတ်မည်



ဘရက်ဒ်လေ

ပက်ကွိုင်အော

မနီလာ ဧပြီ ၂၈

ဖိလစ်ပိုင်လက်ဝှေ့သမား ဒဗလျူဘီအိုဝဲလ်သာဝိတ်ချန်ပီယံ ပက်ကွိုင်အောနဲ့ အမေရိကန်လက်ဝှေ့သမားဘရက်ဒ်လေတို့ဟာ အမေရိကန်နိုင်ငံ လပ်စ်ဗီးဂတ်စ်မြို့တွင် လာမယ့် ဇွန် ၉ ရက်မှာ ယှဉ်ပြိုင်ထိုးသတ်ကြတော့မှာဖြစ်ပါတယ်။

လျင်မြန်တဲ့ ဖြတ်လက်သီးတွေနဲ့ ခြေအနုတ်အသိမ်း မြန်ဆန်တဲ့ ပက်ကွိုင်အောနဲ့အားပါပြင်းထန်တဲ့ ဖြောင့်လက်သီး ဘယ်ညာအတွဲလိုက်ထိုးတတ်တဲ့ ဘရက်ဒ်လေတို့ရဲ့ဒဗလျူဘီအို ဝဲလ်သာဝိတ်ချန်ပီယံခါးပတ်လုပွဲကတော့ ပွဲကြီးပွဲကောင်းအဖြစ် မြင်တွေ့ရတော့မှာဖြစ်ပါတယ်။

ဖိလစ်ပိုင်လက်ဝှေ့သမား ပက်ကွိုင်အောဟာ အသက် ၃၃ နှစ်အရွယ်ရှိပြီး လက်ဝှေ့ပွဲပေါင်း ၅၉ ပွဲ ထိုးသတ်ခဲ့ရာမှာ ၅၄ ပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံးဆိုတဲ့ လက်ဝှေ့မှတ်တမ်းရှိနေသူဖြစ်ပါတယ်။ နိုင်ပွဲ ၅၄ ပွဲမှာ ၃၈ ပွဲဟာ အလဲထိုးပွဲတွေဖြစ်ပါတယ်။ ပက်ကွိုင်အောဟာ လောလောဆယ်မှာ ဖိလစ်ပိုင်နိုင်ငံ တောင်ခြေမြို့လေးတစ်မြို့မှာ လက်ဝှေ့လေ့ကျင့်မှုတွေ အပြင်းအထန် ပြုလုပ်နေပြီဖြစ်ပါတယ်။ ပြိုင်ဘက်ဘရက်ဒ်လေဟာ အရည်အချင်းပြည့်ဝတဲ့ လက်ဝှေ့သမားတစ်ဦးမို့ အကြိတ်အနယ်ရှိမယ့်ပွဲဖြစ်မှာ သေချာတယ်လို့ ပက်ကွိုင်အောက ပြောနေပါတယ်။ စိန်ခေါ်သူ အမေရိကန်လက်ဝှေ့သမား ဘရက်ဒ်လေကတော့ ဒဗလျူဘီအိုလိုက်ဖ်ဝဲသာဝိတ် တန်းချန်ပီယံဖြစ်ပြီး အသက် ၂၈ နှစ်အရွယ်ရှိသူဖြစ်ပါတယ်။ ဘရက်ဒ်လေရဲ့လက်ဝှေ့မှတ်တမ်းကတော့ စုစုပေါင်းလက်ဝှေ့ပွဲ ၂၉ ပွဲကစားခဲ့ပြီး ၂၉ ပွဲစလုံး အနိုင်ရရှိထားသူဖြစ်ပါတယ်။ ရှုံးပွဲမရှိ၊ သရေပွဲမရှိဘဲ နိုင်ပွဲတွေထဲမှာ ၁၂ ပွဲက အလဲထိုးပွဲတွေဖြစ်ပါတယ်။ ဒါကြောင့် ဒီလက်ဝှေ့ပွဲဟာ အကြိတ်အနယ်ပွဲတစ်ပွဲအဖြစ် မြင်တွေ့ရမှာဖြစ်ပါတယ်။ **(အင်တာနက်)**

ဘိုင်ယန်မြူးနစ်နောက်ခံလူ ဆန်တိုစ် နောက်ထပ်လေးနှစ်စာချုပ်ချုပ်ဆို

ဘာလင် ဧပြီ ၂၈

ဂျာမန် ဘွန်ဒက်စ်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းမှ နောက်ခံလူ ကော်စတာဆန်တိုစ်အား နောက်ထပ် လေးနှစ်စာချုပ်သစ်တစ်ရပ် ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း ဘိုင်ယန်မြူးနစ်ကလပ်က ဧပြီ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ခြေစွမ်းပြကစား

အသက် ၂၈ နှစ်အရွယ်ရှိ ဆန်တိုစ်သည် မွန်ချန်ဂလာဘတ်အသင်းမှ ၂၀၀၉ ခုနှစ်က ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်သည်။ ဘိုင်ယန်မြူးနစ်၌ ခြေစွမ်းပြကစားနိုင်မှုကြောင့် ဆန်တိုစ်အားနောက်ထပ်လေးနှစ် စာချုပ် ချုပ်လိုက်ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ကမ္ဘာ့အကောင်းဆုံးကလပ်ဘောလုံးအသင်းလေးသင်းတွင် တစ်သင်းဖြစ်ကြောင်း၊ ဘိုင်ယန်မြူးနစ်၌ ကစားရသည်မှာ ဂုဏ်ယူကြောင်း၊ မိမိဆက်ကစားလိုစိတ်ဆန္ဒပြင်းပြနေကြောင်း ဆန်တိုစ်က ပြောကြားသည်။



ဘိုင်ယန်မြူးနစ်နောက်ခံလူ ဆန်တိုစ်။

ဘရာဇီးနိုင်ငံသား ဆန်တိုစ်သည် ဘိုင်ယန်မြူးနစ်အသင်းအတွက် ၉၄ ပွဲ ကစားပေးခဲ့ပြီး ရှစ်ဂိုးသွင်းယူပေးထားနိုင်ခဲ့သည်။ ဆန်တိုစ်သည် ဘိုင်ယန်မြူးနစ်အသင်းအတွက် အောင်မြင်မှုများရရှိရန် အကောင်းဆုံးစွမ်းဆောင်ပေးခဲ့သူဖြစ်ကြောင်း၊ နောက်ထပ်လေးနှစ်အတွင်း ဆန်တိုစ်အနေဖြင့် အကောင်းဆုံးခြေစွမ်းများ ပြသနိုင်မည်ဟု ယုံကြည်နေကြောင်း ဘိုင်ယန်မြူးနစ်ကလပ်မှ ဒါရိုက်တာ ခရစ်တင်းနာလင်ဂျာက ပြောကြားသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ယခုအခါ ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။ လာမည့် မေ ၁၉ ရက်တွင် ချန်ပီယံလိဂ်ဗိုလ်လုပွဲအဖြစ် ချယ်လ်ဆီးနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**

မန်စီးတီးအသင်း ရာသီကြိုအဖြစ် မလေးရှားသို့ လာရောက်ကစားမည်

ကွာလာလမ်ပူ ဧပြီ ၂၈

မန်စီးတီးအသင်းသည် မလေးရှားဘောလုံးအသင်းနှင့် ချစ်ကြည်ရေးဘောလုံးပွဲကစားရန် လာမည့် ဇူလိုင်လ၌ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့လာရောက်မည်ဖြစ်ကြောင်း မလေးရှားဘောလုံးအဖွဲ့ချုပ်က ဧပြီ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

စီစဉ်ထား

မန်စီးတီး ဘောလုံးအသင်း မလေးရှားနိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ် ချစ်ကြည်ရေးဘောလုံးပွဲစဉ် လာရောက်ကစားခြင်းဖြစ်သည်။ မန်စီးတီးနှင့်မလေးရှားဘောလုံးအသင်းတို့သည် ကွာလာလမ်ပူမြို့ ဘူကစ်ဂျာလီဘောလုံးကွင်း၌ ဇူလိုင် ၃ ရက်တွင် ယှဉ်ပြိုင်ကစားရန် စီစဉ်ထားသည်။

မန်စီးတီးအသင်း လာရောက်ကစားမှုကို မိမိတို့ ဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆိုရမည်ဖြစ်ကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများထဲမှ မိမိတို့နိုင်ငံကို လာရောက်ကစားခြင်းကြောင့် ကျေနပ်မှုဖြစ်ရကြောင်း မလေးရှားဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ တန်ကူအဗ္ဗဒူလာ စူလ်တန်အာမက်ရှိတ်က ပြောကြားသည်။

အားပေးခဲ့ကြ

မလေးရှားနိုင်ငံသို့ ပရီမီယာလိဂ်ထိပ်တန်းဘောလုံးအသင်းများဖြစ်သော အာဆင်နယ်၊ ချယ်လ်ဆီးနှင့် လီဗာပူးအသင်းတို့ ယခင်နှစ်များက လာရောက် ကစားခဲ့ကြပြီးဖြစ်သည်။ ပွဲစဉ်များတွင် ပရိသတ် ၈၀၀၀၀ ခန့် လာရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

အက်ဖ်အေဖလားပိုင်ရှင် မန်စီးတီးအသင်းသည် တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ငှက်သိုက်ပုံစံအားကစားရုံ၌ ဇူလိုင် ၂၇ ရက်တွင် ဘောလုံးပွဲတစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အာဆင်နယ်အသင်းသည်လည်း ၎င်းအားကစားရုံ၌ ချစ်ကြည်ရေးဘောလုံးပွဲ တစ်ပွဲကစားရန်ရှိသည်။ **(အင်တာနက်)**

မန်စီးတီး ဘောလုံးအသင်း။

နိုင်ငံတကာအားကစားသတင်း

နိုင်ငံတကာအားကစားသတင်း

မြင့်မောင်စိုး – စုစည်းသည်

မန်ယူတိုက်စစ်မှူးရွန်နေနှင့် ဒန်နီဝဲလ်ဘက်တို့အဲဗာတန်နှင့်ပွဲတွင် ဂိုးသွင်းအပြီး ဤသို့ အောင်ပွဲ ခံကြသည်။

ရွန်နေနှင့် ဝဲလ်ဘက်တို့အတွဲ ဒွိုက်ယောက်နှင့်အင်ဒီကိုးလ်တို့ အတွဲနှင့်တူညီ

လန်ဒန် ဧပြီ ၂၈

ရွန်နေနှင့် ဒန်နီဝဲလ်ဘက်တို့အတွဲသည် တစ်ချိန်က အိုးထရက်ဖို့ဒ်တွင် ဂိုးသွင်းစံချိန်တင်ခဲ့သည့် ဒွိုက်ယောက်နှင့် အင်ဒီကိုးလ်တို့အတွဲနှင့်တူညီနေကြောင်း နည်းပြဖာဂူဆန်က ပြောကြားလိုက်သည်။

ဝဲလ်ဘက်သည် ပြီးခဲ့သည့်အဲဗာတန်နှင့် ကစားသောပွဲတွင် ၁၂ ဂိုးမြောက်အဖြစ် သွင်းယူခဲ့သည်။ ရွန်နေက ၎င်းပွဲတွင် နှစ်ဂိုးသွင်းယူခဲ့သည်။ ရွန်နေသည် ၃၃ ဂိုးသွင်းယူထားသည်။ ၁၉၉၉ ခုနှစ် မန်ယူအောင်မြင်မှုရခဲ့စဉ်က ဒွိုက်ယောက်နှင့် အင်ဒီကိုးလ်တို့သည် အတွဲညီသည့် တိုက်စစ်အတွဲဖြစ်သည်။ ထိုနှစ်က ၎င်းတို့နှင့်အတူ မန်ယူက ဖလားများဆွတ်ခူးနိုင်ခဲ့သည်။ မန်ယူနှင့် မန်စီးတီးတို့ ဧပြီ ၃၀ ရက် (တနင်္လာနေ့)တွင် မကစားမီ နည်းပြဖာဂူဆန်က ရွန်နေနှင့်ဝဲလ်ဘက်တို့အား ချီးမွမ်းပြောကြားလိုက်ခြင်းဖြစ်သည်။

လက်ရှိရွန်နေ၏အသက်မှာ ၂၆ နှစ်သာရှိသေးသည်။ ဝဲလ်ဘက်၏အသက်မှာလည်း ၂၁ နှစ်မျှသာရှိသေးသည်။ လာမည့်နှစ်များအတွင်း မန်ယူကို ဖလားများ ဆွတ်ခူးပေးနိုင်မည့်သူများဖြစ်ကြောင်း ဖာဂူဆန်က ပြောကြားသည်။ (အင်တာနက်)

ဘာစီလိုနာအိုးပင်းဖလား ရာဖေးလ်နာဒယ် ဆွတ်ခူးရန်နီးလာ

တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်။

ဘာစီလိုနာ ဧပြီ ၂၈

ကမ္ဘာ့နံပါတ်နှစ်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် စပိန်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် ဘာစီလိုနာအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဂျန်ကိုတစ်ဆာရေးဗစ်အား ၆-၂၊ ၆-၂ ဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ယင်းပြိုင်ပွဲတွင် ဗြိတိသျှတင်းနစ်ကစားသမား အင်ဒီမာရေးက ကနေဒါတင်းနစ်ကစားသမား မီလိုရောနစ်အားရှုံးပြီး ပြိုင်ပွဲမှ ထွက်သွားရသည်။ ရောနစ်သည် မာရေးအား ၆-၄၊ ၇-၆ ဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်လာသည်။ ရာဖေးလ်နာဒယ်သည် အကြိုဗိုလ်လုပွဲတွင် ပြင်သစ်မှ ကွန်ဒီဒီဂိုဒိုနှင့် ကစားရမည်ဖြစ်သည်။ နာဒယ်သည် ဘာစီလိုနာအိုးပင်းလက်ရှိချန်ပီယံဖြစ်သည်။ ရှစ်နှစ်အတွင်း ခုနစ်ကြိမ်မြောက် ဖလားဆွတ်ခူးရန် ရေပန်းစားနေသည်။ ***(အင်တာနက်)***

ရှာရာပိုဗာ

စတုဂတ်တင်းနစ်ပြိုင်ပွဲ ရှာရာပိုဗာ အကြိုဗိုလ်လုပွဲတက်ပြီ

စတုဂတ် ဧပြီ ၂၈

ရုရှားတင်းနစ်မယ် ရှာရာပိုဗာသည် ဧပြီ ၂၈ ရက်က ဂျာမနီနိုင်ငံ စတုဂတ်မြို့၌ ယှဉ်ပြိုင်ကစားလျက်ရှိသည့် အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် ယူအက်စ်အိုးပင်းချန်ပီယံ ဆမ်စတိုဆာအား အချိန်သုံးနာရီကျော်ကြာအောင် ကစားခဲ့ပြီးနောက် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ရှာရာပိုဗာက အဆိုပါပြိုင်ပွဲတွင် စတိုဆာအား ၆-၇(၅-၇)၊ ၇-၆(၇-၄)၊ ၇-၅ တို့ဖြင့် အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ရှာရာပိုဗာနှင့်အတူ အကြိုဗိုလ်လုပွဲသို့ အခြားကမ္ဘာ့ ထိပ်တန်းကစားသမားသုံးဦးဖြစ်သည့် ဗစ်တိုးရီးယားအဇာရင်ကာ၊ ပီထရာဗစ်တိုးဗားနှင့် ရက်ဝမ်စကာတို့လည်း အကြိုဗိုလ်လုပွဲတက်ရောက်ခဲ့သည်။ ထိုကဲ့သို့ ကမ္ဘာ့ထိပ်တန်းတင်းနစ်မယ်လေးဦးစလုံး WTA ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းမှာ ၂၀၀၉ ခုနှစ် ဝင်ဘယ်ဒန်ဖလားပြိုင်ပွဲအပြီး ပထမဆုံးအကြိမ်ဖြစ်သည်။ *(အင်တာနက်)*

ဘာစီလိုနာနည်းပြ ချယ်လ်ဆီးနည်းပြ မလုပ်ဟုဆို

မက်ဒရစ် ဧပြီ ၂၈

ဘာစီလိုနာနည်းပြ ဂွါဒီယိုလာက ရာသီကုန်လျှင် ဘာစီလိုနာမှ ထွက်ခွာမည်ဟု အတည်ပြုပြောကြားခဲ့ပြီးနောက် ချယ်လ်ဆီးနည်းပြလုပ်ရန် အစီအစဉ်မရှိကြောင်း ပြောကြားလိုက်သည်။

တာဝန်ထမ်းဆောင်

အသက် ၄၁ နှစ်ရှိ ဂွါဒီယိုလာအား ချယ်လ်ဆီးအသင်းပိုင်ရှင်အေဗရာမိုဗစ်က ဗီးလက်ဘိုစ်နေရာတွင် အစားထိုးရန်ရွေးချယ်ထားမည်ဖြစ်သည်။ ချယ်လ်ဆီးအသင်းတွင် ဒီမက်တီယိုက ယာယီနည်းပြအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ဂွါဒီယိုလာက မိမိအနေဖြင့် နည်းပြလုပ်ရန် စိတ်ဝင်စားမှုမရှိသေးကြောင်း ပြန်လည်ပြောကြားခဲ့သည်။ ***(အင်တာနက်)***

29-4 (11).pmd 1 4/29/2012, 2:13 AM

UMFCCI Training Institute
UMFCCI Office Tower, No-29, Min-Ye-Kyaw-Zwar Road, Lanmadaw Township, Yangon
Tel:(01)214344~214349, 217480, Fax:(01)214484

သင်တန်းသစ်များအတွက်လျှောက်လွှာခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ UMFCCI Training Institute သည် ပုဂ္ဂလိကစီးပွားရေးအခန်းကဏ္ဍလုပ်ငန်းခွင်မှ ဝန်ထမ်းများတို့၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်ရည်ရွယ်လျက် အောက်ပါသင်တန်းများကို အတွေ့အကြုံရှိသော ဝါရင့်ဆရာ ဆရာမများဖြင့် ၁၉-၅-၂၀၁၂ ရက်မှစ၍ သင်ကြားပို့ချသွားမည်ဖြစ်သည်။

၁။ Office Management Course Batch-9 — သင်တန်းကြေး-ကျပ် ၄၀၀၀၀/
သင်တန်းချိန်-8:00am-10:00am(Sat & Sun) — သင်တန်းကာလ(၃)လ
၂။ Human Resource Management Course Batch-3 — သင်တန်းကြေး-ကျပ် ၄၀၀၀၀/
သင်တန်းချိန်-10:30am-12:30pm(Sat & Sun) — သင်တန်းကာလ(၂)လခွဲ
၃။ International Trade Course Batch-7 — သင်တန်းကြေး-ကျပ် ၄၀၀၀၀/
သင်တန်းချိန်-9:00am-12:30pm(Mon, Wed & Fri) — သင်တန်းကာလ(၁)လခွဲ
၄။ Advanced Sales and Marketing Management Course Batch-1 — သင်တန်းကြေး-ကျပ် ၄၀၀၀၀/
သင်တန်းချိန်-9:00am-12:00noon(Sat & Sun) — သင်တန်းကာလ(၂)လခွဲ
၅။ Systematic Distribution & Management Course Batch-5 — သင်တန်းကြေး-ကျပ် ၄၀၀၀၀/
သင်တန်းချိန်-10:30am-12:30pm(Sat & Sun) — သင်တန်းကာလ(၂)လခွဲ
၆။ Financial Management Course Batch-3 — သင်တန်းကြေး-ကျပ် ၄၀၀၀၀/
သင်တန်းချိန်-10:30am-12:30pm(Sat & Sun) — သင်တန်းကာလ(၂)လခွဲ
၇။ Business English Course Batch-7 — သင်တန်းကြေး-ကျပ် ၄၀၀၀၀/
သင်တန်းချိန်-9:00am-12:00pm(Sat & Sun) — သင်တန်းကာလ(၂)လခွဲ
၈။ Attracting Investments for Venture Growth:Private and Public Course Batch-1 — သင်တန်းကြေး-ကျပ် ၄၀၀၀၀/
သင်တန်းချိန်-8:00am-10:00am(Sat & Sun) — သင်တန်းကာလ(၂)လ
၉။ Entrepreneurship Course Batch-1 — သင်တန်းကြေး-ကျပ် ၄၀၀၀၀/
သင်တန်းချိန်-9:30am-12:00noon(Mon, Wed & Fri) — သင်တန်းကာလ(၂)လခွဲ
၁၀။ WTO Customs Valuation Agreement Workshop for Private Sector Course — သင်တန်းကြေး-ကျပ် ၃၀၀၀၀/
သင်တန်းချိန်-9:30am-12:00noon (Mon, Wed & Fri) — သင်တန်းကာလ(၁)လ
၁၁။ (က)Business Japanese Language Course — သင်တန်းကြေး-ကျပ် ၃၀၀၀၀/
၁၁။ (ခ)Basic Japanese Language Course — သင်တန်းကြေး-ကျပ် ၃၀၀၀၀/
သင်တန်းချိန်-1:00pm-3:00pm (Sat & Sun) — သင်တန်းကာလ(၂)လခွဲ

သင်တန်းသားဦးရေကန့်သတ်ထားပါသဖြင့် ဦးရာလူကို ဦးစားပေးလက်ခံသွားမည်ဖြစ်ပါသည်။ ၁၇-၅-၂၀၁၂ ရက်နောက်ဆုံးထားပြီး အထက်ပါလိပ်စာအတိုင်း ဆက်သွယ်စုံစမ်းလျှောက်ထားနိုင်ပါသည်။

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်း၊ အမှတ် ၁၄၄ ဟုခေါ်တွင်သော မြေနေရာကိုရှယ်ဖယ်မလီကုမ္ပဏီလီမိတက်အတွက် ဝယ်ယူပြီး ယင်းမြေနေရာတွင် အဆောက်အအုံဆောက်လုပ်ကာ ရှယ်ဖယ်မလီကုမ္ပဏီလီမိတက်၏ ရုံးခန်းအဖြစ်ဖြင့် ၂၀၀၆ခုနှစ်ဆန်းပိုင်းမှ စတင်ဖွင့်လှစ်ပြီး ကုမ္ပဏီ၏လုပ်ငန်းများကို ဆောင်ရွက်လာခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ ရှယ်ဖယ်မလီကုမ္ပဏီလီမိတက်၏ ရုံးခန်းကို အထက်ပါလိပ်စာမှ အမှတ် ၅၁၊ ရွှေဟင်္သာတာဝါ(ဘီ)၊ အခန်းအမှတ် ၉၀၇၊ ပြည်လမ်းနှင့် ရွှေဟင်္သာလမ်းထောင့်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ ပြောင်းရွှေ့ခြင်းကို ကုမ္ပဏီ၏ ဒါရိုက်တာအားလုံး၏ သဘောဆန္ဒဖြင့် ပြုလုပ်ခြင်းမဟုတ်ပါ။

ဌာနဆိုင်ရာအဖွဲ့အစည်း၊ ပုဂ္ဂိုလ်များသည် ကုမ္ပဏီနှင့် လုပ်ငန်းများ ဆက်သွယ်ဆောင်ရွက်ကြရာတွင် အမှတ် ၁၄၄၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ လိပ်စာဖြင့်ပင် စဉ်ဆက်မပြတ် ဆက်သွယ်ဆောင်ရွက်ခဲ့ကြပါသည်။ သို့ပါ၍ အမှတ် ၁၄၄၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့တွင် ရှယ်ဖယ်မလီ လီမိတက်ရုံးခန်းကို ဆက်လက်ဖွင့်လှစ်ထားမည်ဖြစ်ပြီး ကုမ္ပဏီလုပ်ငန်းကိစ္စအဝဝကို ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မော်တော်ယာဉ်မှတ်ပုံတင်အမှတ်များ ကြိုတင်လျှောက်ထားခြင်း

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ မှတ်ပုံတင်အမှတ်များ သတ်မှတ်ပေးရာတွင် အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

- ယာဉ်အမှတ်များအား (၁၀၀၁)မှ စတင်သတ်မှတ်ပေးမည်။
- ပေါင်းခြင်း (၁၀)နှင့် (၁၃) အား ချန်လှပ်ထားမည်။
- စိတ်ကြိုက်ယာဉ်အမှတ် ရွေးချယ်လိုပါက အောက်ပါစနစ်အတိုင်း နိုင်ငံတော်ဘဏ္ဍာသို့ ပေးသွင်းရမည်-

ရောက်ရှိနံပါတ်မှ	၁၀၀၀ အတွင်း	၅ သိန်း
ရောက်ရှိနံပါတ်မှ	၂၀၀၀ အတွင်း	၆ သိန်း
ရောက်ရှိနံပါတ်မှ	၃၀၀၀ အတွင်း	၇ သိန်း
ရောက်ရှိနံပါတ်မှ	၄၀၀၀ အတွင်း	၈ သိန်း
ရောက်ရှိနံပါတ်မှ	၅၀၀၀ အတွင်း	၉ သိန်း
ရောက်ရှိနံပါတ်မှ	၆၀၀၀ အတွင်း	၁၀ သိန်း
ရောက်ရှိနံပါတ်မှ	၇၀၀၀ အတွင်း	၁၁ သိန်း
ရောက်ရှိနံပါတ်မှ	၈၀၀၀ အတွင်း	၁၂ သိန်း
ရောက်ရှိနံပါတ်မှ	၉၀၀၀ အတွင်း	၁၃ သိန်း

- ရောက်ရှိနံပါတ်တွင် ပေါင်းခြင်း(၉)အား ရယူလိုပါက(၅)သိန်းပေးသွင်းရမည်။
- ရောက်ရှိနံပါတ်အတွင်း ပေါင်းခြင်း(၉) ပါရှိသော်လည်း (၅)သိန်းပေး၍ ရယူထားခြင်းမရှိပါက အခြားယာဉ်အမှတ်များကဲ့သို့ ဆက်လက်ထုတ်ပေးသွားမည်။
- သတ်မှတ်ပေးခြင်းမရှိသော ပေါင်းခြင်း(၁၀)နှင့် (၁၃)အား ရယူလိုပါက ကျော်လွန်သွားသော အမှတ်ဖြစ်လျှင် သတ်မှတ်ခွင့်ပြုမည်။ ကြိုတင် တောင်းဆိုသော အမှတ်ဖြစ်လျှင် အထက်ပါနှုန်းထားအတိုင်း ပေးသွင်းရမည်။
- ယာဉ်အမှတ်ရွေးချယ်ခွင့်အား လူပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းတစ်ခုခုသည် မော်တော်ယာဉ်သွင်းကုန်လိုင်စင် မိတ္တူပူးတွဲ၍ မှတ်ပုံတင်(သို့မဟုတ်) စိစစ်ရေးကတ်မိတ္တူဖြင့် ယာဉ်တစ်စီးအတွက် လျှောက်လွှာတစ်စောင်သာ လျှောက်ထားရမည်။
- လျှောက်ထားရာတွင် ယာဉ်တစ်စီးအတွက် ယာဉ်အမှတ် (၁၀)ခုအထိ ကြိုက်နှစ်သက်သည့် ဦးစားပေးအဆင့်အတိုင်း လျှောက်ထားနိုင်သည်။
- ရောက်ရှိနံပါတ်မှ (၁၀၀၀)အတွင်းဖြစ်လျှင် ကနဦးမှတ်ပုံတင်ဌာန(ရန်ကုန်)တာဝန်ခံမှ ခွင့်ပြုမည်။
- ရောက်ရှိနံပါတ်မှ (၁၀၀၀)ကျော်ဖြစ်လျှင် ရုံးချုပ်(နေပြည်တော်)သို့ တင်ပြ၍ ခွင့်ပြုချက်ရယူ ဆောင်ရွက်ရမည်။
- ရွေးချယ်ခွင့်ပြုချက်ရလျှင် (၁၀၀၀)အတွင်း ဖြစ်က ချက်ချင်းငွေသွင်းရမည်။ (၁၀၀၀)အထက်ဖြစ်က ခွင့်ပြုသည့်ရက်မှ ရုံးပိတ်ရက်အပါအဝင် ခုနစ်ရက်အတွင်း သတ်မှတ်ငွေအား ပေးသွင်းရမည်။ ပေးသွင်းခြင်းမပြုက ရွေးချယ်ခွင့်ပြုချက်အား ပယ်ဖျက်မည်။
- ယာဉ်အမှတ် (၄)လုံးပူးဂဏန်းများ ရွေးချယ်ရယူလိုပါက အထက်အပိုဒ်ပါ သတ်မှတ်နှုန်းထား၏ နှစ်ဆပေးသွင်းရမည်။
- ရွေးချယ်ယာဉ်အမှတ်အတွက်တင်ပြခဲ့သည့် မော်တော်ယာဉ်သွင်းကုန်လိုင်စင်နှင့် ကိုက်ညီမှုရှိမှသာ မှတ်ပုံတင်ခွင့်ပြုမည်။ ကွဲလွဲမှုရှိကပယ်ဖျက်ခြင်းခံရမည်။
- ၂၀၁၂ခုနှစ် မေလ၂ရက်နေ့တွင် စတင်ဆောင်ရွက်မည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ကုမ္ပဏီရုံးခန်းသစ်ပြောင်းရွှေ့ဖွင့်လှစ်ခြင်း

တကောင်ဘွား ဆောက်လုပ်ရေးကုမ္ပဏီ ရုံးခန်းသစ်အား ၂၃-၄-၂၀၁၂ရက်မှစ၍ အောက်ဖော်ပြပါလိပ်စာ၌ စတင်ပြောင်းရွှေ့ ဖွင့်လှစ်လိုက်ပြီဖြစ်ပါကြောင်း မိတ်ဟောင်း မိတ်သစ်များအား လေးစားစွာ အသိပေး အကြောင်းကြားအပ်ပါသည်။

ဆက်သွယ်ရန်ရုံးခန်းသစ်လိပ်စာ-
အမှတ် ၂၀၄၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၉၅၁-၃၇၂၉၆၁၊ ၃၇၂၉၆၂၊ ၃၇၂၉၆၃၊
၉၅၉-၈၃၀၃၈၈၈
ဖက်စ်-၉၅၁-၃၇၂၉၅၁

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ခန့်ချစ်ကို ၁/မကန(နိုင်)၁၈၅၂၅ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၁-၅၅၇၈၆၉**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၂)ရပ်ကွက်၊ ၆လမ်း၊ အမှတ် ၆၅ဟုခေါ်တွင်သည့် နှစ်ခန်းတွဲ၊ ခုနစ်ထပ်တိုက်အဆောက်အအုံ၏ လေးလွှာ(ခေါင်းရင်း)ဘက်ရှိ တိုက်ခန်း၏ အကျိုးခံစားခွင့်များအားလုံးကို လက်ရှိပိုင်ရှင် ဒေါ်ကြည်ကြည်လှိုင် ၁၄/ဟသတ(နိုင်) ၀၀၀၅၀၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက စာချုပ်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘူမောင် (LL .B) အထက်တန်းရှေ့နေ
လင်း အိမ်၊ ခြံ၊ မြေ အကျိုးဆောင်
အမှတ် ၅/၁၁၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၈၃၅၆၉



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁ဂျီ၊ မြေကွက်အမှတ် ပဥ္စမတန်းစား ၅၃၊ မြေကွက်တည်နေရာ အမှတ် ၄၊ သစ္စာလမ်း၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်(၁)ဒေါ်ခင်မြင့် ၁၂/မဂတ(နိုင်) ၀၃၆၂၅၂၊ (၂) ဒေါ်မြမြ ၁၂/သဃက(နိုင်)၀၁၃၃၁၀၊ (၃) ဒေါ်သန်းသန်းမြင့် ၁၂/မဂတ(နိုင်) ၀၃၆၁၁၁၊(၄)ဒေါ်မူမူမြင့်၁၂/သဃက(နိုင်)၀၁၀၆၅၉ အမည်ပေါက် နှစ် ၉၀ ဂရန်မြေအား အမည်ပေါက် လေးဦးတို့က ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီး ဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်
ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ။

သင့်သွေးဖြင့် အသက်ကယ်ပါ

ကျိုက်သလွံစေတီတော်မြတ်ကြီး၏ ဓာတ်လှေကားအသစ်အတွက် အလှူငွေပေးအပ်

နေပြည်တော် ဧပြီ ၂၈

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သွားတော်ဓာတ်တော်နှင့် ဆံတော်ရှင် သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းရှိ အရှေ့ဘက်မုခ်၌ ငွေကျပ်သိန်း ၂၀၀၀ အကုန်ကျခံ တည်ဆောက်သွားမည့် ဓာတ်လှေကားအသစ်အတွက် အလှူငွေ ပေးအပ်ပွဲကို ဧပြီ ၂၇ ရက်တွင် အဆိုပါ စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ရုံးခန်း၌ ကျင်းပသည်။

ပြန်လည်ပေးအပ်

အလှူငွေပေးအပ်ပွဲတွင် အလှူရှင်များဖြစ်ကြသည့် မော်လမြိုင်မြို့ တောင်ရိုးတန်းရပ်နေ ဦးခင်မောင်ဝင်း-ဒေါ်သိန်းမေ (ဦးငွေစိုး)ငရုတ်သီးမှုန့်မိသားစုက ငွေကျပ် သိန်း ၁၅၀၊ မော်လမြိုင်မြို့ အမှတ်(၂) ဈေးသူဈေးသားများ မိသားစုက ငွေကျပ်သိန်း ၅၀၊ မော်လမြိုင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ချို-ဒေါ်နန်းစောဥမ္မာဦးမိသားစုက ငွေကျပ်ခြောက်သိန်း၊ ရန်ကုန်မြို့ ဗဟန်း(၂)လမ်းနေ ဦးမြသိန်း-ဒေါ်ခင်သိန်း သမီး ဒေါ်မော်လွင်သိန်း မိသားစုက ငွေကျပ် ၄၅၀၀၀၀၊ မော်လမြိုင်မြို့နေ ဦးကင်ဟုတ်-ဒေါ်အေးအေးသင်း၊ သမီး မဖူးပွင့်သင်း မိသားစုက ငွေကျပ် ၃၅၀၀၀၀၊ ကရင်ပြည်နယ် မြဝတီမြို့နေ ဒေါ်စိန်မြင့် မိသားစုက ငွေကျပ်သုံးသိန်း၊ မော်လမြိုင်မြို့သာသနာရိပ်သာကျောင်းနေ ဒေါ်အေးမြင့်မိသားစုနှင့် ဟုမ္မလင်းမြို့နယ်နေ ဦးကြည်ဝင်း-ဒေါ်ခင်အေးမြင့် မိသားစုက ငွေကျပ်တစ်သိန်းစီအပါအဝင် စုစုပေါင်းငွေကျပ် ၂၁၉ သိန်းကို ပေးအပ်လှူဒါန်းကြရာ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစန်းမြင့်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ခဲ့ကြသည်။ **(ဓါတ်ပုံ)**

ဆက်သွယ်လှူဒါန်းနိုင်

မွန်ပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်မှုနှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ကြီးကြပ်မှုတို့ဖြင့် အဆိုပါ ဓာတ်လှေကားအသစ်ကို ၂၀၁၂ ခုနှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ရာ ဆက်သွယ်လှူဒါန်းလိုပါက ကျိုက်သလွံစေတီတော် ဘဏ္ဍာထိန်းဂေါပကရုံး ဖုန်း-၀၅၇-၂၁၃၃၄၊ ဥက္ကဋ္ဌ ဦးစန်းမြင့် ဖုန်း-၀၅၇-၂၄၁၉၃၊၀၉-၅၃၂၂၃၀၀ နှင့် ၀၉-၄၉၈၀၁၀၅၇ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလေးမစံချိန်စမ်းပြိုင်ပွဲနှင့် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် အမှုဆောင်အဖွဲ့ ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၂၈

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ မြန်မာ့အလေးမအားကစားအောင်မြင်မှုရရှိစေရေးအတွက် လစဉ်အလေးမစံချိန်စမ်းပြိုင်ပွဲနှင့် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် အမှုဆောင်အဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၈ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ မြန်မာ့အလေးမအားကစား အောင်မြင်မှုရရှိစေရေးအတွက် လစဉ်အလေးမစံချိန်စမ်းပြိုင်ပွဲကို ကျင်းပရာ အမျိုးသားအလေးမအားကစားသမား ၁၄ ဦး၊ အမျိုးသမီးအလေးမ အားကစားသမား ၁၁ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အမှာစကားပြောကြား

ဆက်လက်၍ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် အမှုဆောင်အဖွဲ့ညှိနှိုင်းအစည်းအဝေးကိုကျင်းပရာ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လင်းက အမှာစကားပြောကြားသည်။

အကြံပြုဆွေးနွေး

ယင်းနောက် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်အောင်စိုး (အလေးမအားကစားသမားများ ရှာဖွေရေး/လေ့ကျင့်ရေး/ပြိုင်ပွဲအောင်နိုင်ရေးဆပ်ကော်မတီ)က (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ မြန်မာ့အလေးမ အားကစားအောင်မြင်မှုရရှိစေရေးအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာတွင် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လင်းနှင့် အဖွဲ့ချုပ်အမှုဆောင်များ၊ နည်းပြများက စံချိန်စမ်းပြိုင်ပွဲများတွင် စိတ်အားထက်သန်စွာဖြင့် အားကြိုးမာန်တက် ပါဝင်ယှဉ်ပြိုင်သူများ၊ စံချိန်စံညွှန်းကောင်းသည့် စံချိန်ရှင်များကို အထူးဂုဏ်ပြုဆုကြေးများ ပေးအပ်ချီးမြှင့်ရန်ကို အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ Pyeongtack မြို့၌ ကျင်းပခဲ့သော အာရှအလေးမ တံခွန်စိုက်ပြိုင်ပွဲဖွင့်ပွဲနှင့် ပြိုင်ပွဲကျင်းပစဉ်များကို ပရိုဂျက်တာဖြင့် ပြသကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ကြံခင်းမြို့နယ် ထိန်ပင်မြောင်(အထက်စု) ကျေးရွာ ပညာဗလ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဧပြီ ၄ ရက်က အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းရှိန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသန်းနှင့် ကျေးရွာစုအုပ်ချုပ်ရေးမှူး ဦးအောင်လှိုင်ထွန်းတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြန်မာ့အလင်း)

ဆန်းသစ်တီထွင် ကမ္ဘာတစ်ခွင်
ဆန်းသစ်တီထွင် ကမ္ဘာတစ်ခွင်

ဝေဟင်အမြင့်ပေ ၁၂၀၀၀၀ မှ အလွတ်ခုန်ချပြီး စံချိန်တင်မည်

လော့စ်အိန်ဂျလိစ် မေ ၂၈

အမေရိကန်နိုင်ငံသား ဖီလစ်ဘမ်ဂါနာသည် ကမ္ဘာမြေ အမြင့်ပေ ၁၂၀၀၀၀ မှနေ၍ အလွတ်ခုန်ချကာ မြေပြင်အနီးရောက်မှ လေထီးဖွင့် ဆင်းသက်ပြီး ကမ္ဘာ့စံချိန်သစ်တင်ရန် လေ့ကျင့်လျက်ရှိကြောင်း မေ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

ဖီလစ်ဘမ်ဂါနာသည် လွန်ခဲ့သည့် ၁၉၆၀ ခုနှစ်က အမြင့်ခုန်သမား ဂျိုးကစ်တင်ဂါ စံချိန်တင်ထားခဲ့သော ဝေဟင်အမြင့်ပေ ၁၀၂၈၀၀ မှ အလွတ်ခုန်ချမှုစံချိန်ကို ချိုးကာ စံချိန်သစ်တင်နိုင်ရန် ကြိုးစားနေခြင်းဖြစ်သည်။

လေ့ကျင့်ကြိုးစား

အမေရိကန်လေတပ် ဗိုလ်မှူးကြီးဟောင်းတစ်ဦးဖြစ်သော ဖီလစ်ဘမ်ဂါနာသည် လွန်ခဲ့သည့် လေးနှစ်ခန့်ကတည်းက ဝေဟင်အမြင့်ဆုံးမှ အလွတ်ခုန်ချပြီး စံချိန်သစ်တင်ရန် လေ့ကျင့်ကြိုးစားနေခဲ့ခြင်းဖြစ်သည်။

စီစဉ်ထား

ဖီလစ်ဘမ်ဂါနာသည် နယူးမက္ကဆီကိုရှိ သဲကန္တာရအတွင်းသို့ ဝေဟင်အမြင့်ပေ ၁၂၀၀၀၀ မှ ခုန်ချရန် လာမည့်ဇူလိုင်နှင့် စက်တင်ဘာလအကြားတွင် အကောင်အထည်ဖော်ရန် စီစဉ်ထားသည်။

ယခုအခါ ဝေဟင်အမြင့်ပေ ၁၂၀၀၀၀ မှ ပျံသန်းနေသောလေယာဉ်ပေါ်မှ အစမ်းလေ့ကျင့်ခုန်ချမှုများအောင်မြင်ရန် ပြုလုပ်လျက်ရှိသည်။ **(အင်တာနက်)**

အာကာသဟိန်း-စုစည်းသည်

ဂျာမနီဂြိုဟ်တု တာရာဆာအိတ်ချ် ရေခဲလွှာများဓာတ်ပုံထုတ်ပြန်

ဘာလင် မေ ၂၈

ဂျာမနီနိုင်ငံက လွှတ်တင်ထားသော တာရာဆာအိတ်ချ်အမည်ရှိ ဂြိုဟ်တုမှ သတင်းဓာတ်ပုံများ ပြန်လည်ပေးပို့နေပြီဖြစ်ကြောင်း၊ ယင်းဂြိုဟ်တု **(ယာပုံ)**သည် ကမ္ဘာ့ဝင်ရိုးစွန်းဒေသများရှိ ရေခဲလွှာများကို မှတ်တမ်းတင်ဓာတ်ပုံများ ရယူထုတ်ပြန်ရန်အတွက်ဖြစ်ကြောင်း မေ ၂၆ ရက်က သတင်းထုတ်ပြန်သည်။



ထုတ်ပြန်ပေး

အဆိုပါဂြိုဟ်တုသည် ကမ္ဘာမြေမှ ကီလိုမီတာ ၅၀၀ ခန့်တွင် လှည့်ပတ်နေပြီး တောင်ဝင်ရိုးစွန်းဒေသရှိ ပိန်းအမည်ရှိကျွန်းအနီး စတုရန်းကီလိုမီတာ ၇၅၀ ခန့်ရှိသော ရေခဲပြင်ကြီး၏အနေအထားကို ဓာတ်ပုံများရယူထုတ်ပြန်ပေးလျက်ရှိသည်။

အဆိုပါဂြိုဟ်တုကို ဂျာမန်အာကာသသုတေသနပညာရှင်များက တီထွင်ထုတ်လုပ်ထားခြင်းဖြစ်ပြီး ဝင်ရိုးစွန်းဒေသ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို အသေးစိတ်သတင်းဓာတ်ပုံများ ထုတ်ပြန်ပေးနိုင်ရန်အတွက် သီးသန့်ထုတ်လုပ်ထားခြင်းဖြစ်သည်။

ဂျာမနီအာကာသအေဂျင်စီ(ဒီအယ်လ်အာ)က နောက်ထပ်ဂြိုဟ်တုသစ်တစ်လုံးကို ထပ်မံထုတ်လုပ်လျက်ရှိပြီး ယင်းဂြိုဟ်တုမှာ ကမ္ဘာမြေပုံရိပ်ကို အသေးစိတ်ရယူထုတ်ပြန်နိုင်သည့် ဂြိုဟ်တုအမျိုးအစားဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

တစ်နာရီမိုင် ၁၀၀၀ မောင်းနှင်နိုင်သောမော်တော်ကားစမ်းသပ်

လန်ဒန် မေ ၂၈

တစ်နာရီလျှင် မိုင် ၁၀၀၀ အထိ မောင်းနှင်နိုင်သောမော်တော်ကားကို ဗြိတိန်သုတေသနပညာရှင်များက တီထွင်ထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း မေ ၂၆ ရက်က သတင်းထုတ်ပြန်သည်။ **(ယာပုံ)**



မှတ်တမ်းဝင်မည်

စူပါဆိုနစ်ကားဟုအမည်ပေးထားသော ၎င်းမော်တော်ယာဉ်အင်ဂျင်ကို ဥရောပတိုက်လေယာဉ်ဖြစ်သည့် တိုင်ဖွန်ဂျက်တိုက်လေယာဉ်အင်ဂျင်စွမ်းအားအတိုင်း ပြုလုပ်ထားခြင်းဖြစ်သည်။ ကမ္ဘာမြေပြင်၌ မောင်းနှင်နေသောမော်တော်ယာဉ်များအနက် အမြန်ဆုံးမော်တော်ယာဉ်အဖြစ် မှတ်တမ်းဝင်နိုင်မည်ဖြစ်သည်။

ထည့်သွင်းတပ်ဆင်

အဆိုပါ မော်တော်ကားသည် တစ်နာရီမိုင် ၁၀၀၀ နှုန်းဖြင့် မောင်းနှင်နေလျှင် ရုတ်တရက်ရပ်လိုပါက အခက်အခဲဖြစ်နိုင်သဖြင့် အထူးစီမံထားသော ဘရိတ်ကိုလည်း ထည့်သွင်းတပ်ဆင်ထားသည်။ အကောင်းဆုံးအနေအထားမှာ ၃ ဒသမ ၅ စက္ကန့်လျှင် တစ်မိုင်နှုန်းမောင်းနှင်လျှင် ဘေးအန္တရာယ်ကင်းနိုင်သည်။

၎င်းမော်တော်ယာဉ်ကို ကနဦးစမ်းသပ်မောင်းနှင်ခဲ့ရာတွင် အလိုအလျောက် ကွန်ပျူတာဖြင့် ထိန်းချုပ်မှုစနစ်၊ လျှပ်စစ်ဝိုင်ယာကြိုးဆက်သွယ်မှုစနစ်များ ချွတ်ယွင်းနေသဖြင့် ပြန်လည်ပြင်ဆင်ခဲ့ရသည်။ ထို့အပြင် လေဘရိတ်များလည်း တပ်ဆင်ထားကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

အိုင်တီနည်းပညာသုတ
အိုင်တီနည်းပညာသုတ
အိုင်တီနည်းပညာသုတ

Android Tablet များ ရောင်းအားစံချိန်တင်

နယူးယောက် မေ ၂၈

ဂူဂဲလ်ကုမ္ပဏီမှ ထုတ်လုပ်လိုက်သော Android Tablet ကွန်ပျူတာသည် **(ဝဲပုံ)** ၂၀၁၁ခုနှစ်မှစပြီးရောင်းချခဲ့ရ စုစုပေါင်းအလုံးရေ ၁၀ သန်းအထိ ရောင်းချခဲ့ရကြောင်း ၎င်းကုမ္ပဏီ၏ ထုတ်ပြန်ကြေညာချက်ကို သည်ဗတ်စီးပွားရေးသတင်းဂျာနယ်က မေ ၂၆ရက်တွင် ဖော်ပြထားသည်။

ယခု ၂၀၁၂ ခုနှစ် နှစ်ကုန်တွင် အဆိုပါ ကွန်ပျူတာများရောင်းချမှုသည် အလုံးရေ ၄၆ သန်းအထိ ရောင်းချရလိမ့်မည်ဖြစ်ကြောင်း ကုမ္ပဏီဒုတိယဥက္ကဋ္ဌ အင်ဒီရူဗင်က ပြောကြားသည်။ Tablet ကွန်ပျူတာများရောင်းအားကောင်းလာသဖြင့် ဂူဂဲလ်ကုမ္ပဏီ၏ မိတ်ဖက်ကုမ္ပဏီဖြစ်သော အက်ပဲလ်ကုမ္ပဏီ၏ i Pad ကွန်ပျူတာအရောင်းသည်လည်း အလုံးရေ ၆၇ သန်းကျော်အထိ ရောင်းချခဲ့ရသည်ဟုဆိုသည်။ **(အင်တာနက်)**

တရုတ်ဟမ်းဆက်ကုမ္ပဏီ Huawei စမတ်ဖုန်း သန်း၆၀တင်ပို့ရန်မျှော်မှန်း

ပေကျင်း မေ ၂၈

တရုတ်နိုင်ငံ၏ ထိပ်တန်းနည်းပညာကုမ္ပဏီတစ်ခုဖြစ်သော Huawei သည် ၂၀၁၂ ခုနှစ်တွင် စမတ်ဖုန်းအလုံး သန်း ၆၀ အပါအဝင် မိုဘိုင်းလ်ဖုန်းအလုံးသန်း ၁၀၀ကျော် တင်ပို့ရောင်းချရန် မျှော်လင့်ထားကြောင်း ၎င်းကုမ္ပဏီက မေ ၂၅ ရက်တွင် ပြောကြားလိုက်သည်။

အဆိုပါ ကုမ္ပဏီသည် ၂၀၁၁ ခုနှစ်အတွင်း စမတ်ဖုန်းအလုံးသန်း ၂၀ အပါအဝင် ဟမ်းဆက်အလုံးပေါင်း ၅၅သန်း ရောင်းချခဲ့ရသည်ဟုဆိုသည်။ မိမိတို့အနေဖြင့် တရုတ်၊ အမေရိကန်၊ အနောက်ဥရောပနှင့် ဂျပန်နိုင်ငံ ဈေးကွက်များသို့ ဦးတည်တင်ပို့ရောင်းချသွားရန် စီစဉ်ထားကြောင်း Huawei ဟမ်းဆက်ဈေးကွက်မန်နေဂျာ ရှော်ယန်းက ပြောကြားသည်။

Huawei ဟမ်းဆက်များ **(အပေါ်ပုံ)** ထုတ်လုပ်ရောင်းချခြင်းဖြင့် ၂၀၁၁ ခုနှစ်ကစပြီး ငါးနှစ်အတွင်း အမေရိကန်ဒေါ်လာ ဘီလီယံ၃၀ ရရှိရန် မျှော်လင့်ထားကြောင်းလည်း ၎င်းက ပြောကြားသည်။ **(အင်တာနက်)**

အာကာကျော် - စုစည်းသည်

Black Berry 10 စမတ်ဖုန်းများလာပြီ

အော့တဝါ မေ ၂၈

ကနေဒါနိုင်ငံ၏ ထိပ်တန်းနည်းပညာကုမ္ပဏီကြီးတစ်ခုဖြစ်သော RIM မှ ပထမဆုံးသော Black Berry 10 စမတ်ဖုန်းများ **(ဝဲပုံ)**ကို လာမည့် အောက်တိုဘာလတွင် ထုတ်လုပ်ဖြန့်ချိသွားမည်ဖြစ်ကြောင်း ၎င်းကုမ္ပဏီက မေ ၂၆ ရက်တွင် ကြေညာသည်။

ဖော်ပြ

အဆိုပါ စမတ်ဖုန်းများသည် စမတ်ဖုန်းလောကတွင် လူကြိုက်အများဆုံး ဖြစ်လာလိမ့်မည်ဟု ယုံကြည်ကြောင်း၊ ဈေးအနည်းဆုံးထားပြီး ရောင်းချသွားရန်စီစဉ်ထားကြောင်း RIM ကုမ္ပဏီ၏ ကြေညာချက်တွင်ဖော်ပြထားသည်။

၎င်း Black Berry 10 စမတ်ဖုန်း၏ Code-namedကို Black Berry Londonဟု အမည်ပေးထားသည်။ ၎င်းစမတ်ဖုန်းသည် RIM ကုမ္ပဏီမှထုတ်လုပ်သော စမတ်ဖုန်းများတွင် နည်းပညာအမြင့်ဆုံးလည်းဖြစ်လာမည်ဖြစ်ကြောင်း ဆက်လက်ဖော်ပြထားသည်။ **(အင်တာနက်)**

T-Mobile မှ Android စမတ်ဖုန်းများ ၁၉၉ ဒသမ ၉၉ ဒေါ်လာဖြင့်ရောင်း

နယူးယောက် မေ ၂၈

T-Mobileကုမ္ပဏီမှ ထုတ်လုပ်လိုက်သော HTC One S ဟုအမည်ပေးထားသည့် Android Phone ကို အမေရိကန်ဒေါ်လာ ၁၉၉ ဒသမ ၉၉ ဒေါ်လာဖြင့် အွန်လိုင်းနှင့်စတိုးဆိုင်များတွင် ဝယ်ယူနိုင်ပြီဖြစ်ကြောင်း ၎င်းကုမ္ပဏီက မေ ၂၆ ရက်တွင် ကြေညာထားသည်။ အဆိုပါစမတ်ဖုန်းသည် စက္ကရင်အကျယ် ၄ ဒသမ ၃ အကျယ်ရှိသည်။ Processor မှာ dual-core 1.5GH$_Z$ ဖြစ်သည်။ အထူ ၇ ဒသမ ၉၅ မီလီမီတာရှိ၍ စက္ကရင်အပါးဖြစ်သည်။8-Megapixelrearကင်မရာတစ်လုံးပါရှိသည်။ **(ယာပုံ)** **(အင်တာနက်)**

29-4 (20).pmd 1 4/29/2012, 2:13 AM

တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူနေမှုဘဝတိုးတက်စေရေး စိတ်ကောင်းစေတနာကောင်းထား၍ ယခုထက်ပိုမို ကူညီရိုင်းပင်းဆောင်ရွက်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ ပုလဲသွယ်စပ်မျိုးစပါး တစ်ဆက်တစ်စပ်တည်း ၃၆၉ ဧက စိုက်ကွင်း၌ ခေတ်မီရိတ်သိမ်းခြွေလှေ့စက်ကြီး နှစ်စီးဖြင့် ဧကကွက်များ ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၈

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် ငန်းစပ်ကျေးရွာအနီး တစ်ကွင်းတစ်ဆက်တည်း ပုလဲသွယ်စပ်မျိုးစပါး တောင်သူပညာပေး ၂၅ ဧကစိုက်ခင်းသို့ရောက်ရှိပြီး စပါးနှံများ စုံညီစွာထွက်ရှိနေသော စိုက်ခင်းကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်အနီး ဆည်ရေသောက်စနစ်စံပြဧက ၂၀၀ စိုက်ကွင်း၌ သိပ္ပံနည်းကျစိုက်နည်းစနစ်များဖြင့် ပုလဲသွယ်စပ်မျိုးစပါး ဧက ၁၂၀ စိုက်ပျိုးပြီးစီးမှု၊ ချောင်းမငယ် ဆည်ရေသောက်တူးမြောင်းများနှင့် လယ်ယာမြေများတွင် သီးထပ်သီးညှပ်စိုက်ပျိုးရန် ရေသွယ်မြောင်းများ အသင့်ဖြစ်နေမှု၊ ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ ပုလဲသွယ်စပ်မျိုးစပါး တစ်ဆက်တစ်စပ်တည်း ၃၆၉ ဧက စိုက်ကွင်း၌ ခေတ်မီရိတ်သိမ်းခြွေလှေ့စက်ကြီးနှစ်စီးဖြင့် ဧကကွက်များကို ရိတ်သိမ်းခြွေလှေ့နေမှုနှင့် ဖြစ်ထွန်းအောင်မြင်လျက်ရှိသည့် စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်၍ အခြေခံတောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူနေမှုဘဝတိုးတက်စေရေး၊ နိုင်ငံ့ဝန်ထမ်းများ၊ စိုက်ပျိုးရေးပညာရှင်များ၊ လုပ်ငန်းရှင်များက တောင်သူများအကျိုးကို စိတ်ကောင်းစေတနာကောင်းထား၍ ယခုထက်ပိုမိုကူညီရိုင်းပင်းဆောင်ရွက်ကြရေး၊ နိုင်ငံတော်က တန်ဖိုးကြီးမားစွာတည်ဆောက်ထားသော ဆည်တမံစီမံကိန်းများကို လယ်သမားများ ထိရောက်စွာအကျိုးကျေးဇူး ခံစားရရှိနိုင်ရေး၊ စ-လယ်ဆုံး Total Solution ရောက်အောင် ဦးထမ်းပွဲ့ထမ်းဆောင်ရွက်ပေးရေး၊ အခြေခံတောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူနေမှုဘဝ မြင့်မားလာသည်နှင့်အမျှ ရေမြင့်လျှင်ကြာတင့်သည်ဟုခံယူပြီး နိုင်ငံတော်စီးပွားရေး အပါအဝင်ဘက်ပေါင်းစုံမှ အခြေခံကောင်းများရရှိစေနိုင်မည်ဟု ယုံကြည်ချက်ဖြင့် အချိန်ကို တန်ဖိုးရှိစွာအသုံးချ၍ ညီညီညွတ်ညွတ် ကြိုးစားအကောင်အထည်ဖော်ကြရေးတို့ကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားကာ တောင်သူဦးကြီးများနှင့် နိုင်ငံ့ဝန်ထမ်းများအား စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာရှတွင် တန်ဖိုးအမြင့်ဆုံး အပျော်စီးသင်္ဘော

အာရှတွင် တန်ဖိုးအမြင့်ဆုံး အပျော်စီး သင်္ဘောတစ်စင်းကို စင်ကာပူနိုင်ငံ၌ ကျင်းပသည့် "အာရှရေယာဉ်ပြပွဲ ၂၀၁၂"၌ ပါဝင်ပြသခဲ့ကြောင်း ဧပြီ ၂၈ ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။

Sea Bear ဟု အမည်ပေးထားသော ၄င်းအပျော်စီးသင်္ဘော **(ယာပုံ)**ကို ကြေးစားဂေါက်သီးရိုက်ကစားသမား ဂျက်နစ်လပ်စ်က ပိုင်ဆိုင်ပြီး တန်ဖိုးငွေ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၆၈ သန်းတန်ကြောင်း သတင်း၌ဖော်ပြထားသည်။

အလှဆင်ထား

၄င်းအပျော်စီးသင်္ဘောသည် အရှည်ပေ ၁၃၀ ရှိပြီး နိုင်ငံတကာ ကြယ်ငါးပွင့် ဟိုတယ်များတွင်ထားရှိသော အဆင့်အတန်းအတိုင်း ပြင်ဆင်ထားသည့် အိပ်ခန်းနှင့် ရေချိုးခန်းများပါရှိသည်။ သင်္ဘောအတွင်းနံရံများတွင် ဂေါက်ကွင်းပုံနှင့် အခြားစိတ်ဝင်စားဖွယ် ဓာတ်ပုံကြီးများဖြင့် အလှဆင်ထားသည်။

အဆိုပါ အပျော်စီးသင်္ဘောပေါ်တွင် ငှားရမ်းတည်းခိုလိုသူများသည် လူ ၁၀ ဦးလျှင် လေးနာရီအတွက် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ကုန်ကျမည် ဖြစ်သည်။ Sea Bear အပျော်စီးသင်္ဘောသည် အာရှတွင် တန်ဖိုးအမြင့်ဆုံး အပျော်စီး သင်္ဘောဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း ဖတ်စရာ၊ မှတ်စရာ

➤ အတွေးအရေး - ကိုလင်း(သတင်းထောက်) ➤

အေးချမ်းသော ဘဝ

"အေးချမ်းသောဘဝ"နှင့်စပ်လျဉ်း၍ လူများက အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ကြပေလိမ့်မည်။ အချို့က ငွေကြေးချမ်းသာကြွယ်ဝခြင်းသည် အေးချမ်းသောဘဝကို ရနိုင်သည်ဟူ၍ လည်းကောင်း၊ အချို့ကလည်း ငွေကြေးချမ်းသာခြင်းသည် အဓိကမဟုတ် ကျန်းမာခြင်းသည်သာ အဓိကကျသည်ဟူ၍လည်းကောင်း၊ အချို့ကမူ ငွေကြေးချမ်းသာပြီး ကျန်းမာခြင်းနှင့် ပြည့်စုံခြင်းသည်သာ အေးချမ်းသောဘဝကို ရနိုင်သည်ဟူ၍လည်းကောင်း ဆိုကြပေလိမ့်မည်။

မည်သို့ပင်ဆိုစေ ဖော်ပြပါအချက်များကို လူတိုင်းပြည့်စုံစွာ ရနိုင်မည် မဟုတ်ချေ။ ဆိုလိုသည်မှာ လူတိုင်းသည် ဖော်ပြပါအချက်များဖြင့် ပြည့်စုံသည့် အေးချမ်းသောဘဝကို ရနိုင်ရန်ကား မလွယ်ကူလှချေ။

သို့သော် လူတိုင်းရနိုင်သည့် အေးချမ်းသောဘဝသည်ကားရှိပါ၏။

ဧပြီ နွေ၏ နေ့ရက်တစ်ရက်၊ မွန်းတည့်ချိန်ကာလ၊ အပူပြင်းဆုံးအချိန်တွင် ဖြစ်ပါ၏။

မည်သည့်အရာမျှ အလကားမရနိုင်သော ယနေ့ကာလတွင် နွေ၏အပူကို ကာကွယ်နိုင်ရန် သစ်ပင်အရိပ်တို့ကိုကား အလကားရနိုင်ပါ၏။

စာရေးသူ ရန်ကုန်မြို့ထဲအသွား သမ္မတရုပ်ရှင်ရုံအကျော် မီးရထားခုံးတံတားအဆင်း ယာဘက်ခြမ်းသစ်ပင်ကြီးတစ်ပင်၏ အရိပ်အာဝါသအောက်တွင် မြင်ကွင်းတစ်ခုကို တွေ့လိုက်ရ၏။ နားခိုရန် မည်သူ၏ခွင့်ပြုချက်မျှမလိုသော၊ မည်သည့်အဖိုးအခမျှပေးရန်မလိုသော သစ်ပင်ရိပ်အောက်၌ မိသားစုထမင်းဝိုင်းလေးတစ်ဝိုင်းကို တွေ့လိုက်ရခြင်းဖြစ်ပါ၏။

မီးရထားခုံးတံတားအဆင်း မီးပွိုင့်တွင်ကားရပ်စဉ် စာရေးသူအဝေးမှ လှမ်းမြင်လိုက်ရသော မြင်ကွင်းဖြစ်ပါသည်။ ***စာမျက်နှာ ၆ ကော်လံ ၁*** ❐

မီးဖို မီးကြွင်းမီးကျန် သတိပြုရန်

(က) သင့်ရဲ့အိမ်မှာ မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများ သုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲပြုလုပ်ရန်။

(ခ) သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလတ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကို ချထားပြီးမှ အပြင်သွားခြင်းကို သတိထားပြီး အလေ့အကျင့်ပြုလုပ်ပါ။

(ဂ) မီးဖို မီးကြွင်းမီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင်လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။ (မီးသတ်ဦးစီးဌာန)

အာဆင်နယ်တို့ အဝေးကွင်း၌ သရေပွဲဖြစ် အိမ်ကွင်း၌ အဲဗာတန်တို့ ဂိုးပြတ်သွင်းအောင်ပွဲခံ

ကိုသစ္စာ - ရေးသားသည်

လန်ဒန် ဧပြီ ၂၈

ပရီမီယာလိဂ်ပွဲစဉ်(၃၆) ဘောလုံးပွဲများကို ဧပြီ ၂၈ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ စတုတ်နှင့် အာဆင်နယ်တို့ပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ပြီး တစ်မှတ်စီခွဲယူခဲ့ကြရသည်။

အိမ်ကွင်း၌ကစားရသော စတုတ်အသင်းသည် အာဆင်နယ်ကို ရင်ဆိုင်ရန် အမာခံကစားသမားများကိုထုတ်ပြီး အင်အားဖြည့်ကစားခဲ့ရာ ပွဲချိန် ၉ မိနစ်၌ စတုတ်တိုက်စစ်မှူး ပီတာခရော့ချ်က ဂိုးသွင်းယူနိုင်ခဲ့သည်။

သို့သော် အာဆင်နယ်တို့က ချေပဂိုးရရှိရေး စတုတ်နောက်တန်းကို ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၁၅ မိနစ်၌ ဗန်ပါစီက အနီးကပ်သွင်းယူခဲ့သဖြင့် ချေပဂိုး ပြန်လည်ရရှိခဲ့သည်။ ပထမပိုင်းပွဲချိန်၌ တစ်ဂိုးစီဖြစ်နေပြီး ဒုတိယပိုင်းပွဲချိန်အတွင်း၌လည်း နှစ်သင်းစလုံး ဂိုးထပ်မံမသွင်းနိုင်ကြသဖြင့် ပွဲအပြီး တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ခြင်းဖြစ်သည်။

ထို့အတူ အဲဗာတန်နှင့် ဖူလ်ဟမ်တို့ပွဲတွင် အဲဗာတန်က လေးဂိုးပြတ် အနိုင်ရရှိခဲ့သည်။ အဲဗာတန်အတွက် ***စာမျက်နှာ ၆ ကော်လံ ၅*** ●

အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီက စတုတ်အသင်းအား ဤသို့ ဂိုးသွင်းယူခဲ့သည်။